www.burmeseclassic.com

ကလေးတို့အတွက်

ရုပ်ပြ

# ငါးရာ့ငါးဆယ်နိပါတ်တော်

## ဇာတ်ကြောင်းပြောဇာတ်တော်ကြီးများ

နန္ဒာမိုးကြယ် ပြုစုသည်

အတွဲ-၂၄



နိုဝင်ဘာ
2012

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

အုပ်ရေ - ၅၀၀

တန်ဖိုး - ၃၀၀ ကျပ်

ပထမအကြိမ် - ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ

အဖုံးဒီဇိုင်း - သန့်ဇော်သစ်

အတွင်းဖလင် - A-7 Group

ထုတ်ဝေသူ - ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)
၃၆၁၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးအောင်မြင့်သိန်း (မြ-၀၆၀၃၆၄)
အင်ကြင်းမြိုင်ပုံနှိပ်တိုက်
အမှတ်-၁၅၀၊ ၄၇-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။

စာအုပ်ချုပ် - ပန်းဝေဝေ

ဖြန့်ချိရေး - မြတ်ပန်းရဂုံ
အမှတ် ၁၉၄၊ ၂၉လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉၅၁၃၂၉၄၅၀၊ ၀၉၅၁၅၅၇၄၃

၂၉၄.၃

နန္ဒာမိုးကြယ်

ငါးရာငါးဆယ်နိပါတ်တော်စကားပြေ ဇာတ်ဝတ္ထုတော်များ (အတွဲ-၂၄)/
နန္ဒာမိုးကြယ် ။ -ရန်ကုန်၊ ပန်းဝေဝေစာပေ၊ ၂၀၁၁။
၁၇၈-စာ ၊ ၁၀.၅ x ၁၆.၅ စင်တီ။
(၁) ငါးရာငါးဆယ်နိပါတ်တော်စကားပြေ ဇာတ်ဝတ္ထုတော်များ(အတွဲ-၂၄)


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၅၃၆။ မဟာကုဏာလဇာတ် (အပိုင်း-၂) ၁
(ဖုဿဥဒြမင်းကိုမဏ္ဍိုင်ပြု၍
မဟာကုဏာလဥဒြမင်းက မိန်းမတို့၏
ယုတ်မာဖောက်ပြန်တတ်သောအပြစ်တို့ကို
သာဓကအမျိုးမျိုးဆောင်၍ ဟောကြားသည့်နည်းတူ
အာနန္ဒာလင်းတမင်း၊ နာရဒရသေ့ စသူတို့ကလည်း
မိန်းမတို့ကို အလိုမရှိ၊ စွန့်လွှတ်ကာ မြတ်သော
အကျင့်ကို ကျင့်ကုန်၍ ကိလေသာငြိမ်းအေးသော
ယောကျ်ားတို့သည် အလုံးစုံသော ဆင်းရဲမှ
လွတ်မြောက်ရာ နိဗ္ဗာန်အား
ရလွယ်၊ ရောက်လွယ်သည့် အကြောင်း)
၅၃၇။ မဟာသုတသောမဇာတ် ၄၆
(လူသားစားပေါရိသာဒ၏ ဖမ်းဆီးခြင်းခံရသော
မင်းတစ်ရာတို့ ယဇ်ပူဇော်ခံရမည့်ဘေး... ...းလွတ်
အောင် ဆောင်ကြဉ်းရုံသာမက လူသားကို ဘယ်သော
အခါမှ မစား... သီလဒ္ဓိတည်စေရန် သုတသောမမင်းမှ
ဆုံးမတော်မူပြီး မိတ်ဆွေခင်ပွန်းကောင်း၊ ဆရာသမား
ကောင်းပီသစွာ ပေါရိသာဒအား ဧင်းကျောခိုင်းခဲ့ရာ
ဗာရာဏသီပြည်သို့ခေါ်ဆောင်ပြီး ဗြဟ္မဒတ်မင်းအဖြစ်
ပြုစေခဲ့သည့်အကြောင်း)
(က) ငါးရာ့ငါးဆယ်နှင့် ဇာတ်တော်ကြီးဆယ်ဘွဲ့ ၁၃၄
(ခ) မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ် ၁၄၃
ဤတွင် ငါးရာ့ငါးဆယ်နိပါတ်တော် ပြီး၏

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ၅၃၆ - မဟာကုဏာလဇာတ်(အပိုင်း-၂)



www.burmeseclassic.com

www.burmeseclassic.com

[၅၃၆]

# မဟာကုဏ္ဍာလဇာတ်

## အပိုင်း (၂)

ကုဏာလဥဩမင်းသည် ဖုဿဥဩအား မဏ္ဍိုင်ထားလျက် မိန်းမတို့နှင့် စပ်လျဉ်းသည့်အပြစ်တို့ကို ဟောကြားလျက်ရှိရာ တရားနာပရိသတ်တို့မှာလည်း အကြားအလပ်မရှိအောင်ပင် ထူထပ်များပြားလှပါဘိ။

"အို... ဖုဿ၊ ငါသည် သင့်အား ဆက်၍ 'ဗြဟ္မဒတ်မင်း မယ်တော်' ဇာတ်ကြောင်းကို ဟောကြားပါဦးမည်" ဟူ၍ စကားအစပျိုးကာ ဟောကြားပါလေတော့၏။

* * *

ရှေး... လွန်လေပြီးသောကာလ။

ကောသလမင်းသည် ဗာရာဏသီပြည်ကို တိုက်ခိုက်သိမ်းယူပြီးသည့်နောက် ဗာရာဏသီမင်းကြီး၏ မိဖုရားကိုပါ သိမ်းပိုက်လျက် မိဖုရားကြီးအဖြစ် တင်မြှောက်ကာ တိုင်းပြည်သို့ ပြန်လာခဲ့၏။ ထိုမိဖုရားကြီး၌ ဗာရာဏသီမင်းနှင့်ရသော ကိုယ်ဝန်ပါလာ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ကာလအတိုင်းအတာတစ်ခုသို့ရောက်သော် သားယောကျ်ား လေးကို ဖွားမြင်လေ၏။

ကောသလမင်းကြီးလည်း သားမရှိ၍ သားဟူသောချစ်ခြင်းဖြင့် မွေးမြူလျက် အရွယ်သို့ ရောက်သောအခါ ဖခင်၏ဥစ္စာဖြစ်သော ဗာရာဏသီပြည်၌ မင်းပြုစေလေ၏။

ထိုအခါ မယ်တော်မိဖုရားကြီးသည် ကောသလမင်းကြီးကို ခွင့်ပန်ကြားပြီးလျှင် သားတော်ထံသွားရာ ခရီးအကြား၌ရှိသော နိဂုံးရွာ၌ အခြံအရံနှင့်တကွ တည်းခိုလေ၏။

ထိုနိဂုံးရွာ၏ 'ပဉ္စာလစန္ဒာ' အမည်ရှိသော ပုဏ္ဏားလုလင်ကား အလွန်ပင် အဆင်းလှလေ၏။ ထိုလုလင်လည်း မိဖုရားထံ လက်ဆောင်ပဏ္ဏာတို့ကို သွားရောက်ဆက်သလေ၏။

မိဖုရားကြီးလည်း ပဉ္စာလစန္ဒာလုလင်အား မြင်လျှင်မြင်ချင်း တပ်စွန်းသောစိတ် ရှိသည်ဖြစ်၍ ထိုလုလင်အား ဖြားယောင်းသွေးဆောင်ကာ ယုတ်မာသောအကျင့်ကို ကျင့်လေ၏။ ထိုအရပ်၌ နှစ်ရက်၊ သုံးရက်နေပြီးမှ သားတော်မင်းကြီးထံ သွားရောက်ဖူးမြော်၏။ ပြန်လာသောအခါတွင်လည်း ပဉ္စာလစန္ဒာလုလင်နှင့်ပင် ယုတ်မာသောအကျင့်ကို ကျင့်ပြန်လေ၏။ နှစ်ရက်၊ သုံးရက်နေပြီးသောအခါတွင်မှ ကောသလမင်းကြီးထံ ပြန်လေ၏။ ထိုအခါမှစ၍ မိဖုရားကြီးလည်း သားတော်ထံသွားမည်ဟု မင်းကြီးအား ပန်ကြားကာ ထိုနိဂုံးရွာ၌ လခွဲကြာအောင် ယုတ်မာသောအကျင့်ကို ကျင့်လေ၏။

* * *

www.burmeseclassic.com



ကုဏာလ ဥသြမင်းလည်း ဗြဟ္မဒတ်မင်း၏ မယ်တော်အကြောင်း ဟောကြားပြီးသည့်နောက်–

"အဆွေ… ဖုဿ၊ ယခု ငါပြောဆိုခဲ့ပြီးသော မိန်းမငါးယောက်တို့သာလျှင် ယုတ်မာသောအကျင့်ကို ကျင့်ကြသည်မဟုတ်။ တစ်ပါးသောမိန်းမတို့လည်း ယုတ်မာသောအကျင့်ကို ကျင့်ကြကုန်သည်သာတည်း။

အဆွေ… ဖုဿ၊ မိန်းမတို့မည်သည် မြေကြီးနှင့်တူကုန်၏။ မြေကြီးသည် အလုံးစုံသော အရာဝတ္ထုတို့၌ တပ်မက်ခြင်း တူမျှသဖြင့် တည်မှီရာဖြစ်သကဲ့သို့ မိန်းမတို့သည်လည်း အယုတ်၊ အလတ်၊ အမြတ်မရွေး အလုံးစုံသော ယောကျ်ားတို့၌ တပ်မက်ခြင်းတူမျှသဖြင့် တည်မှီရာလည်း ဖြစ်ကြကုန်၏။

မိန်းမတို့သည် ပမာအားဖြင့် ခြသေ့်နှင့် တူကုန်၏။ ခြသေ့်တို့သည် သားကောင်ကို ဖမ်းသောအခါ ပါးစပ်၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်… ဤလက်နက်ငါးမျိုးဖြင့် ဖမ်းသကဲ့သို့ မိန်းမတို့သည်လည်း ယောကျ်ားတို့ကို ဖမ်းသည့်အခါ ရုပ်အဆင်းတည်းဟူသော ရူပါရုံ၊ အသံတည်းဟူသော သဒ္ဒါရုံ၊ အနံ့တည်းဟူသော ဂန္ဓာရုံ၊ အရသာတည်းဟူသော ရသာရုံ၊ အထိအတွေ့တည်းဟူသော ဖောဋ္ဌဗ္ဗာရုံ… ဤငါးမျိုးတို့ဖြင့် ဖမ်းယူကြကုန်၏။

မိန်းမတို့သည် သေမင်း၏ ကျော့ကွင်းလည်း ဖြစ်ပေ၏။ လှည့်ပတ် တတ်ကုန်၏။ တံလှပ်နှင့် တူကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ခြင်းကို ပြုတတ်ကုန်၏။ ဘေးဥပဒ်ကို ပြုတတ်ကုန်၏။ အနာရောဂါကို ပြုတတ်ကုန်၏။ သတ်ခြင်း၊ နှောင်ဖွဲ့ခြင်းတို့ကိုလည်း ပြုတတ်ကုန်၏။ ကိုယ်တည်းဟူသော လိုဏ်ဂူကို မှီကုန်၏။ ထိုမိန်းမတို့အား အကျွမ်းဝင်ခြင်း မပြုရာ။ အကျွမ်းဝင်သော ယောကျ်ားသည် ယောကျ်ားတို့တွင် အယုတ်ဆုံးသော ယောကျ်ားဖြစ်၏။

မိန်းမတို့သည် သူခိုးနှင့်တူကုန်၏။ သူခိုးတို့သည် ဥစ္စာတို့အား လုယက်ဖျက်ဆီးသကဲ့သို့ ယောကျ်ားတို့ကို ကိလေသာနိုင်ငံသို့ ဆောင်ယူ၍ လုယက်ဖျက်ဆီးတတ်ကုန်၏။ မိန်းမတို့ကား အဆိပ်ရေသော သုရာရည်သည် ဖောက်ပြန်ခြင်းကို ပြုသကဲ့သို့ တစ်ပါးသောယောကျ်ားတို့အပေါ်၌ တပ်မက်ငြိစွန်းသောစိတ် ရှိသည်ဖြစ်၍ ပြုအပ်သည် မပြုအပ်သည်ကို မသိကုန်။ ဖောက်ပြန်ခြင်းကိုသာ ပြုတတ်ကုန်၏။

မိန်းမတို့ကား ကုန်သည်နှင့် တူကုန်၏။ ကုန်သည်တို့ကား မိမိတို့ကုန်၏ ဂုဏ်ကျေးဇူးကိုသာ ပြောဆိုကုန်သကဲ့သို့ မိမိတို့အပြစ်ကို ဖုံးလွှမ်း၍ ဂုဏ်ကျေးဇူးကိုသာ ပြောဆိုတတ်ကုန်၏။ ပြောင်းလဲ ဖောက်ပြန်လွယ်သော စိတ်ရှိသဖြင့် ဝံနှင့် တူကုန်၏။ မဟုတ်မမှန် မုသားစကားကို ဆိုတတ်သည့်အတွက် လျှာနှစ်ခွရှိသော မြွေဟောက်မနှင့် တူကုန်၏။ မိမိကိုယ်ကို အဝတ်တန်ဆာ ဖုံးလွှမ်း၍ သွားတတ်သောကြောင့် ပျဉ်ဖုံး၍ထားသော မစင်တွင်းနှင့် တူကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတို့သည်ကား အမှိုက်ဖုံးသော တွင်းနှင့် တူကုန်၏။ အမှိုက်ဖုံးသောတွင်းသည် နင်းသွားသူတို့အတွက် ဒုက္ခဆင်းရဲကို ဖြစ်စေသကဲ့သို့ အကျွမ်းဝင်သော သူတို့၏ ဆင်းရဲကို ဖြစ်စေကုန်၏။ ဗလဝါမုခဝဲနှင့် တူကုန်၏။ ဗလဝါမုခဝဲသည် စီးဝင်နေသော ရေတို့ဖြင့် မပြည့်နိုင်သကဲ့သို့ မေထုန်ကျင့်ခြင်း၊ သားဖွားခြင်း၊ တန်ဆာဆင်ခြင်း... ဤသုံးပါးတို့ဖြင့် မပြည့်နိုင်ကုန်။ မရောင့်ရဲနိုင်ကြကုန်။

မိန်းမတို့သည် ရက္ခိုသ်ဘီလူးမနှင့် တူကုန်၏။ ရက္ခိုသ်ဘီလူးမတို့သည် ဥစ္စာဖြင့် မရောင့်ရဲနိုင်ဘဲ စွန့်ပစ်ကာ ဟင်းမျိုးသားမဲတို့ကို တောင့်တသကဲ့သို့ မိန်းမတို့သည်လည်း ဥစ္စာဖြင့် မရောင့်ရဲနိုင်ဘဲ ဥစ္စာတို့ကို စွန့်ပစ်ကာ မေထုန်အကျင့်ကိုသာ တောင့်တကုန်၏။

မိန်းမတို့သည် ယမမင်းနှင့်လည်း တူကုန်၏။ ယမမင်းမည်သည် တစ်စုံတစ်ယောက်သောသူကိုမျှ ရှောင်ကြဉ်မနေဘဲ သေတွင်းရှိရာသို့ ပို့ဆောင်သကဲ့သို့ မိန်းမတို့သည်လည်း မည်သည့်တစ်စုံတစ်ယောက်သော ယောကျ်ားကိုမျှ ရှောင်ကြဉ်မနေဘဲ ကိလေသာ၏အစွမ်းဖြင့် အမှောင်ထုတွင်းသို့ ပို့ဆောင်၏။ သီလကို ဖျက်ဆီး၏။ သေလွန်သောအခါ ငရဲသို့ ပို့ဆောင်တတ်ကုန်၏။ မီးသည် ကောင်းမကောင်းကို မရွေးချယ်ဘဲ အလုံးစုံသောဝတ္ထုကို လောင်ကျွမ်းတတ်သကဲ့သို့ မိန်းမတို့သည်လည်း ကောင်းမကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို မရွေးချယ်ဘဲ အလုံးစုံသော ယောကျ်ားတို့ကို မှိဝဲ တတ်ကုန်၏။

မြစ်တို့မည်သည် အလုံးစုံသော အရာဝတ္ထုတို့အား ရေစီး၌ မျှောသကဲ့သို့ မိန်းမတို့သည်လည်း အလုံးစုံသော ယောကျ်ားတို့နှင့် ဆက်ဆံကုန်၏။ လေသည် အလိုရှိရာ အရပ်သို့ ပြေးသွားတတ်သကဲ့သို့ မိန်းမတို့သည် အလိုရှိရာ အရပ်သို့ ပြေးသွားတတ်ကုန်၏။ နေရှင်တောင်သည် မိမိထံ ရောက်လာသော သားငှက်တို့ကို အတူအမျှ ပြုသကဲ့သို့ မိန်းမတို့သည် မိမိထံရောက်လာသော ယောကျ်ားတို့ကို အတူအမျှ ပြုတတ်ကုန်၏။

သရက်သီးနှင့် အလားသဏ္ဌာန်တူသည့် ကိံပက္က မည်သော အဆိပ်သီးသည် အဆင်း၊ အနံ့၊ အရသာနှင့် ပြည့်စုံသည်ဖြစ်၍ စားသောသူတို့ကို သေစေသကဲ့သို့ မိန်းမတို့သည် အဆင်း၊ အနံ့၊ အရသာ၊ အထိအတွေ့နှင့် ပြည့်စုံသည်ဖြစ်၍ မှိဝဲပေါင်းဖော်သောယောကျ်ားတို့ကို အပါယ်သို့ ကျစေတတ်ကုန်၏။

မိန်းမတို့သည် လင်ယောကျ်ားတို့ ဆင်းရဲငြိုငြင်စွာ ရှာမှီး၍ ထားသော ဥစ္စာတို့အား သူတစ်ပါးကိုပေးလျက် ယုတ်မာသောအကျင့်ကို ကျင့်တတ်ကုန်၏။

အို… ဖုဿ၊ ဆက်၍ နာကြားတော်မူဦးလော့။

လောက၌ သူတစ်ပါးအိမ်၌ မထားအပ်သော ဝတ္ထု လေးပါးရှိ၏။ ၎င်းတို့ကား–

www.burmeseclassic.com

www.burmeseclassic.com



(၁) ခိုင်းနွား
(၂) နို့ညှစ်နွားမ
(၃) ယာဉ်ရထား
(၄) မယား... စသည့် ဝတ္ထုလေးပါး ဖြစ်၏။

ထိုဝတ္ထုလေးပါးတို့ကို သူတစ်ပါးအိမ်၌ မထားရာ။ ထားပါက မိမိအတွက် လွန်စွာအကျိုးမဲ့၏။ အကြောင်းကိစ္စ ပေါ်လာသောအခါ အသုံးမပြုနိုင်ကုန်။ ပျက်စီးတတ်ကုန်၏။

ပမာအားဖြင့် ခိုင်းနွားကို သူတစ်ပါးအိမ်၌ ထားသော် သူတစ်ပါးတို့ ခိုင်းစေသဖြင့် ပျက်စီးတတ်၏။ နို့ညှစ်နွားမကို ထားသော် သူတစ်ပါးတို့ နို့ညှစ်စားသဖြင့် ပျက်စီးတတ်၏။ ယာဉ်ရထားကိုထားသော် သူတစ်ပါးတို့ သုံးစွဲသဖြင့် ပျက်စီးတတ်၏။ မယားကိုထားသော် သူတစ်ပါးတို့ ဖျက်ဆီးသဖြင့် ပျက်စီးတတ်၏။

အဆွေ... ဥဿ၊ ဆက်၍ နာကြားပါဦးလော့။ လောက၌ 'အကျိုးမပြီးသောဝတ္ထု ခြောက်ပါး' ရှိ၏။ ၎င်းတို့သည်ကား–

(၁) အညို့မရှိသော လေး
(၂) သူတစ်ပါးအိမ်၌ နေသောမယား
(၃) တစ်ဖက်ကမ်း၌ ရှိသောလှေ
(၄) ဝင်ရိုးကျိုးနေသော လှည်းရထား
(၅) အဝေး၌ရှိသော အဆွေခင်ပွန်း

www.burmeseclassic.com

www.burmeseclassic.com



(၆) မကောင်းသော အဆွေခင်ပွန်း

ဤခြောက်ပါးတို့သည် မိမိ၌ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စရှိသည်ဖြစ်သော် အကျိုးစီးပွားကို မပြီးစီးနိုင်ကုန်။

အဆွေ… ဖုသ၊ ဆက်၍ နာကြားဦးလော့… လောက၌ 'လင်ကို မထေမဲ့မြင်ပြုခြင်း' ရှစ်ပါး ရှိ၏။ ၎င်းတို့ကား–

(၁) ဆင်းရဲခြင်း

(၂) အနာရောဂါ နှိပ်စက်ခြင်း

(၃) အိုမင်းရင့်ရော်ခြင်း

(၄) သေသောက်ကြူးခြင်း

(၅) တွေဝေမိန်းမောခြင်း

(၆) သုရာယစ်မူးခြင်း

(၇) ကိစ္စအလုံးစုံ၌ မိန်းမအလိုသို့ လိုက်ခြင်း

(၈) အလုံးစုံသော ဥစ္စာကို ပေးခြင်း

ဤရှစ်ပါးသော အကြောင်းတို့ဖြင့် မိန်းမတို့သည် လင်ယောကျ်ားတို့အား မထေမဲ့မြင် ပြုတတ်ကုန်၏။

အဆွေ… ဖုသ၊ ဆက်၍ နာကြားပါဦးလော့… လောက၌ လင်ကိုအပြစ်ပြုခြင်း ကိုးပါးရှိကုန်၏။ ၎င်းတို့မှာ–

(၁) ပန်းအရံသို့ သွားလေ့ရှိခြင်း

(၂) ဥယျာဉ်သို့ သွားလေ့ရှိခြင်း

(၃) မြစ်ဆိပ်သို့ သွားလေ့ရှိခြင်း

www.burmeseclassic.com

www.burmeseclassic.com



(၄) ဆွေမျိုးတို့အိမ်သို့ သွားလေ့ရှိခြင်း

(၅) သူတစ်ပါးအိမ်သို့ သွားလေ့ရှိခြင်း

(၆) မှန်ကြည့်ခြင်း၊ အဝတ်တန်ဆာ ဆင်ခြင်း

(၇) သေအရက် သောက်ခြင်း

(၈) အိမ်ပြတင်းပေါက်မှ ကြည့်ရှုလေ့ရှိခြင်း

(၉) မိမိကိုယ်အင်္ဂါကြီးငယ်တို့ဖြင့် အရာမဟုတ်သည်၌ တည်လေ့ရှိခြင်း

စသော အကြောင်းကိုးပါးတို့ဖြင့် မိန်းမတို့သည် လင်ကို အပြစ်ပြုတတ်ကြကုန်၏။

အဆွေ... ဖုသ၊ ဆက်၍ နာကြားပါဦးလော့... လောက၌ မိန်းမတို့သည် မာယာလေးဆယ် ရှိကြကုန်၏။ ၎င်းတို့ကား–

(၁) ကိုယ်လက်ကို ဆန့်ခြင်း

(၂) ကိုယ်ကို ကိုင်းညွတ်ခြင်း

(၃) ရှက်စနိုးပြုခြင်း

(၄) တင့်တယ်စမွှယ်ခြင်း

(၅) လက်သည်းချင်း ခြစ်ခြင်း

(၆) ခြေချင်း နင်းခြင်း

(၇) တုတ်ဖြင့် မြေကို ရေးခြစ်ခြင်း

(၈) ကလေးသူငယ်ကို မြှောက်ခြင်း

(၉) ကလေးသူငယ်ကို မြှောက်စေခြင်း

(၁၀) ကလေးသူငယ်ကို ပွေ့ချီခြင်း

www.burmeseclassic.com

www.burmeseclassic.com



(၁၁) ကလေးသူငယ်ကို ကစားခြင်း
(၁၂) ကလေးသူငယ်ကို ကစားစေခြင်း
(၁၃) ကလေးသူငယ်ကို နမ်းရှုပ်ခြင်း
(၁၄) ကလေးသူငယ်ကို နမ်းရှုပ်စေခြင်း
(၁၅) နိုင်စားခြင်း
(၁၆) နိုင်စားစေခြင်း
(၁၇) ပေးခြင်း
(၁၈) တောင်းခြင်း
(၁၉) အတုပြုခြင်း
(၂၀) ကျယ်လောင်စွာ ပြောဆိုခြင်း
(၂၁) တိုးတိုးသာသာ ပြောဆိုခြင်း
(၂၂) ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ငိုကြွေးခြင်း၊ စမွယ်ခြင်း၊ တန်ဆာဆင်ခြင်းဖြင့် ထင်ရှားစွာပြောဆိုခြင်း
(၂၃) ပုန်းကွယ်၍ ပြောဆိုခြင်း
(၂၄) ပြင်းထန်စွာ ရယ်မောခြင်း
(၂၅) စောင်းငဲ့၍ ကြည့်ခြင်း
(၂၆) ခါးကို လှုပ်ခြင်း
(၂၇) လျှို့ဝှက်သောအင်္ဂါကို လှုပ်ခြင်း
(၂၈) ပေါင်ကို ဖွင့်ပြခြင်း
(၂၉) ပေါင်ကို ဖုံးခြင်း
(၃၀) သားမြတ်ကို ပြခြင်း
(၃၁) လက်ကတီးကြားကို ပြခြင်း

www.burmeseclassic.com

www.burmeseclassic.com



(၃၂) ချက်ကို ပြုခြင်း
(၃၃) မျက်စိကို မှိတ်ခြင်း
(၃၄) မျက်မှောင်ကို ချီခြင်း
(၃၅) နှုတ်ခမ်းကို ကိုက်ခြင်း
(၃၆) လျှာကို ထုတ်ခြင်း
(၃၇) အဝတ်ကို ကျွတ်ဟန်ပြုခြင်း
(၃၈) အဝတ်ကို ပြင်၍ ဝတ်ခြင်း
(၃၉) ဆံပင်ကို ဖြည်ခြင်း
(၄၀) ဆံပင်ကို ထုံးခြင်း

စသည့် လေးဆယ်သော အကြောင်းတို့ဖြင့် မိန်းမတို့သည် ယောကျ်ားတို့အား လွန်ကျူးကြကုန်၏။

အဆွေ... ဖုသ၊ ဆက်၍ နာကြားပါဦးလော့... လောက၌ မိန်းမတို့၏ ပျက်စီးခြင်း နှစ်ဆယ့်ငါးပါး ရှိကုန်၏။ ၎င်းတို့ကား-

(၁) လင်အရပ်တစ်ပါးသို့ သွားသည်ကို ဝမ်းသာခြင်း
(၂) အရပ်တစ်ပါးသို့ သွားသောလင်ကို အမှတ်မရခြင်း
(၃) အရပ်တစ်ပါးမှ ပြန်လာသောလင်ကို အမှတ်မရခြင်း
(၄) လင်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း
(၅) လင်၏ ကျေးဇူးကို ထုတ်ဖော်ပြောဆိုမှု မရှိခြင်း
(၆) လင်၏ အကျိုးမဲ့ကို ပြုခြင်း
(၇) လင်၏ အကျိုးကို မပြုလုပ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com


(၈) လင်မပြုလုပ်အပ်သော ကိစ္စကို ပြုလုပ်ခြင်း
(၉) လင်ပြုလုပ်အပ်သောကိစ္စကို မပြုလုပ်ခြင်း
(၁၀) အဝတ်ကို မြဲမြဲစွာဝတ်၍ အိပ်ခြင်း
(၁၁) လင်ကို ကျောပေး၍ အိပ်ခြင်း
(၁၂) တပြောင်းတပြန်ပြန် လူးလဲ၍ အိပ်ခြင်း
(၁၃) အုတ်အုတ်ကျက်ကျက်ဖြစ်ကာ အသက်ပြင်းပြင်း ရှူခြင်း
(၁၄) အနာရောဂါကို ပြောကြားခြင်း
(၁၅) ကျင်ကြီးကျင်ငယ်ကို မပြတ်စွန့်ခြင်း
(၁၆) ဖောက်ပြန်သောအကျင့်ကို ပြုခြင်း
(၁၇) တစ်ပါးသောယောကျ်ား၏ အသံကို နားထောင်ခြင်း
(၁၈) စည်းစိမ်ဥစ္စာကို ဖျက်ဆီးခြင်း
(၁၉) အိမ်နီးချင်းယောကျ်ားတို့နှင့် ကိလေသာဖြင့် ရောယှက်ခြင်း
(၂၀) အိမ်မှ ထွက်သွားတတ်ခြင်း
(၂၁) ညအခါမှ သွားလေ့ရှိခြင်း
(၂၂) လင့်အပေါ် ကြမ်းတမ်းရိုင်းပြစွာ ဆက်ဆံခြင်း
(၂၃) လင်ကိုမရှိသောဘဲ ပြစ်မှားလိုသော စိတ်ဖြင့် အိမ်တံခါးပေါက်၌ မပြတ်နေလေ့ရှိခြင်း
(၂၄) လက်ကတီးကြားစသော အင်္ဂါကြီးငယ်ကို ပြတတ် ခြင်း
(၂၅) ဟိုဟိုသည်သည် ကြည့်တတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



စသည့် ဤနှစ်ဆယ့်ငါးပါးသော အကြောင်းတို့ဖြင့် မိန်းမတို့၏ ပျက်စီးခြင်းကို သိရာ၏။

အဆွေ... ဖုဿ၊ မြစ်၊ ချောင်း စသည်တို့သည် ကွေ့ကောက်ကြကုန်၏။ အလုံးစုံသော တောတို့သည်လည်း ထင်းဖြစ်ကြကုန်၏။ အလုံးစုံသော မိန်းမတို့သည် ဆိတ်ကွယ်ရာအရပ်သို့ ရောက်သည်ရှိသော် ယုတ်မာသောအမှုကို ပြုကြကုန်၏။

အဆွေ... ဖုဿ၊ မိန်းမတို့သည် အခွင့်အခါကောင်းရလျှင်သော်လည်းကောင်း၊ ဆိတ်ကွယ်ရာအရပ်သို့ ရောက်လျှင်သော်လည်းကောင်း ဖျက်ဆီးသူကို ရသည်ရှိသော် ယုတ်မာသောအမှုကို ပြုကြကုန်၏။ အကယ်၍ မရသည်ရှိသော် ဆွံ့အသောသူတို့နှင့်ပင်လျှင် ယုတ်မာသောအမှုကို ပြုကြကုန်၏။

အဆွေ... ဖုဿ၊ မိန်းမတို့သည် ယောကျ်ားတို့ မမွေ့လျော်ခြင်းကို ပြုတတ်ကုန်၏။ စိတ်ထွေပြားတတ်ကြကုန်၏။ ဆိုဆုံးမရ ခက်ကုန်၏။ မိန်းမတို့၌ အလုံးစုံ နှစ်သက်ခြင်းကို မပြုပြားအံ့။ အကျွမ်းတဝင် မပြုရာ။ စင်စစ် မိန်းမတို့သည် မြစ်ဆိပ်နှင့် တူကုန်၏"

ဟု ဆုံးမဟောကြားလျက် သာဓကအဖြစ် 'ကိန္နရာဒေဝီ' မိဖုရားကြီး၏ ဇာတ်ကြောင်းကို အတိတ်ဆောင်ပါလေသတည်း။

* * *

ရှေး....လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ကိန္နရာမင်းကြီး မင်းပြုသည်ရှိသော်

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီး၌ ကိန္နရာဒေဝီအမည်ရှိ မိဖုရားကြီး ရှိလေ၏။ ကိန္နရာဒေဝီ မိဖုရားကြီးကား အလွန် အဆင်းလှ၏။

ထိုကာလ၌ မင်းကြီးနှင့် အရွယ်တူ၍ ဉာဏ်ပညာ အလုံးစုံနှင့် ပြည့်စုံသော 'ပဍ္ဍုလစန္ဒာ' အမည်ရှိ ပုရောဟိတ်တစ်ဦးလည်း ရှိ၏။ ဤတွင် နန်းတော်ပြာသာဒ်ကို အမှီပြု၍ ပေါက်ကာ မြို့ရိုးပေါ်သို့ အကိုင်းအခက်တို့ကျနေသော သပြေပင်ကြီးလည်း ရှိ၏။ မြို့ရိုးအပြင်ဘက် သပြေပင်ရိပ်၌ မကောင်းသော အဆင်းသဏ္ဌာန်ရှိ၍ စက်ဆုပ်ဖွယ်ကောင်းသော ဆွံ့သည် နေထိုင်လျက်ရှိ၏။

တစ်နေ့သ၌ ကိန္နရာဒေဝီမိဖုရားကြီးသည် လေသာပြတင်းတံခါးကို ဖွင့်၍ ကြည့်လေသော် ဆွံ့ကို မြင်လေ၏။ ထိုအခါ ကာမစိတ်များ နိုးကြားထကြွလာ၏။

သို့ဖြစ်၍ ညအခါ မိဖုရားကြီးလည်း မင်းကြီး အိပ်ပျော်နေခိုက် မွှန်မြတ်သော ခဲဘွယ်ဘောဇဉ်တို့ကို ရွှေခွက်တွင်ထည့်၍ ခါးပိုက်တွင်းသို့ ထည့်လေ၏။ ထို့နောက် ကြိုးဖြင့် လေသာပြတင်းပေါက်မှ သက်ဆင်း၍ သပြေပင်ပေါ်သို့ တက်ပြီးလျှင် သပြေကိုင်းကို ကိုင်းကာ ဆင်းသက်၏။ ပြီးလေသော် ဆွံ့ထံ သွား၍ ခဲဘွယ်ဘောဇဉ်တို့ကို ကျွေးမွေး၍ အလိုရှိတိုင်း ပျော်ပါးမွေ့လျော်လေ၏။ ထို့နောက် လာလမ်းအတိုင်း ပြန်တက်ပြီးလျှင် နံ့သာတို့ကို လိမ်းကျံကာ အိပ်စက်လေ၏။ ဤနည်းဖြင့် အခွင့်သာလျှင်သာသလို ဆွံ့ထံသွားကာ ကာမဂုဏ်ကိစ္စကို ယုတ်မာစွာ ပြုကျင့်လေ၏။ ထိုအမှုကိစ္စကို မင်းကြီးလည်း တစ်စိုးတစ်စိမျှပင် မရိပ်မိချေ။

www.burmeseclassic.com

www.burmeseclassic.com



ဘစ်နေ့သ၌ မင်းကြီးသည် မြို့ကို လက်ျာရစ်လှည့်၍ နန်းတော်အတွင်းသို့ ဝင်ရာ သပြေရိပ်တွင် ငဆွံ့ကို မြင်သဖြင့် ပုရောဟိတ်ကို မေးလေ၏။

"ဆရာပုရောဟိတ်... ဤလူပြိတ္တာကို မြင်ပါ၏လော။ ဤလူပြိတ္တာ ငဆွံ့ကား စက်ဆုပ်ရွံရှာဖွယ်ကောင်းလှ၏။ ၎င်းအား အဘယ်မိန်းမသည် ကာမရာဂဖြင့် ချဉ်းကပ်ပါမည်နည်း"

ထိုစကားကို ငဆွံ့ ကြားသည်ရှိသော် မာန်တက်လျက်-

"ဤမင်းကား... သူ့မယား ကိန္နရာဒေဝီကပင်လျှင် ငါ့ထံသို့ လာရောက် ပျော်ပါးရသည်ကိုပင် မသိလေ" ဟု ဆိုကာ... သပြေပင်ကို ရှိခိုးကာ-

"အရှင်နတ်မင်းသည် ထိုအကြောင်းကို သိပါ၏။ အခြားသူတို့ မသိပါ"

ဟူ၍ ပြောဆိုတိုင်တည်လေ၏။

ပုရောဟိတ်ပညာရှိ ပုဏ္ဏားလည်း ငဆွံ့၏ အမူအရာကို မြင်လျှင် 'ကေန်မလွဲ မိဖုရားကြီးသည် ညအချိန် ငဆွံ့ထံသို့ သွားကာ ငဆွံ့နှင့် ပျော်ပါးရာ၏' ဟူ၍ နှလုံးသွင်းလျက်-

"အရှင်မင်းကြီး... ညအခါ၌ မိဖုရားကြီး၏ ကိုယ်အတွေ့သည် မည်သို့ ရှိလေသနည်း"

ဟူ၍ မေးလေ၏။ မင်းကြီးကလည်း-

"ဆရာပုရောဟိတ်... မိဖုရားကြီး၏ ကိုယ်တွေ့ကား သန်းခေါင်ယံ၌ အလွန်ပင် အေးလှ၏"

www.burmeseclassic.com

www.burmeseclassic.com



ဟုမိန့်ကြား၏။ ထိုအခါ ပညာရှိ ပုရောဟိတ်ပုဏ္ဏားလည်း–

"အရှင်မင်းကြီး... မိဖုရားကြီးသည် ညအချိန်မင်းကြီး စက်တော်ခေါ်နေခိုက် လူပြိတ္တာသဖွယ်ဖြစ်သော ငဆွံ့ထံ သွားရောက်ကာ ယုတ်မာသောအကျင့်ကို ပြုကျင့်လိမ့်မည်" ဟု လျှောက်ထားလေ၏။ မင်းကြီးလည်း ယုံတော်မမူချေ။

"ဆရာပုရောဟိတ် မဟုတ်နိုင်ပါ။ အလွန် အဆင်း လှပလျက် အထွတ်အထိပ်သို့ရောက်နေသော မိဖုရားကြီး အနေဖြင့် ဤကဲ့သို့သော လူပြိတ္တာငဆွံ့နှင့် ယုတ်မာသော အကျင့်ကို အဘယ်မှာလျှင် ကျင့်နိုင်ပါမည်နည်း"

"အရှင်မင်းကြီး... ယုံတော်မမူပါက ညအခါ အိပ်ချင် ဟန်ဆောင်၍ စုံစမ်းပါလော့"

မင်းကြီးလည်း ညအခါရောက်လေသော် စက်တော်ခေါ်ဟန် ဆောင်၍ နေလေ၏။ မိဖုရားကြီးလည်း မင်းကြီး အိပ်မောကျ နေပြီဟု မှတ်ယူ၍ ရှေးကကဲ့သို့ပင် နန်းတော်မှ ဆင်းသက်ကာ ငဆွံ့ထံသို့ သွားမြဲအတိုင်း သွားလေ၏။

ဤတွင် မင်းကြီးလည်း မိဖုရားကြီး၏နောက်မှ နောက် ယောင်ခံကာ လိုက်လေ၏။ ထို့နောက် သပြေပင်ရင်း အမှောင် အကွယ်၌ ပုန်းနေလေ၏။ ငဆွံ့လည်း မိဖုရားကြီးကို အမျက် ထွက်သဖြင့် ညစ်ညမ်းစွာ ဆဲရေးတိုင်းထွာလျက်–

"နင်... ယနေ့ည ငါ့ထံသို့လာသည်မှာ ဤမျှ ကြာရသလော"

မာန်မဲလေ၏။ မိဖုရားကြီးလည်း–

www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီး အိပ်ပျော်နေသည်ကို စောင့်နေရသဖြင့် ဤမျှ ကြာသွားရခြင်း ဖြစ်ပါ၏"

ဟု ပြောဆို၏။ ထိုအခါ ခွေးသည်' မိဖုရားကြီးအား မိမိ၏ မယားသဖွယ် ပိုင်စိုးပိုင်နင်းဖြင့် ပါးကို ရိုက်လေ၏။ ထိုအခါ နားချောင်းတစ်ဖက်သည် ကျွတ်၍ လွင့်စဉ်ကာ မင်းကြီး၏ ခြေရင်း၌ ကျလေ၏။ မင်းကြီးလည်း သက်သေရပြီဟု အသာကောက်၍ နန်းတော်သို့ ပြန်ခဲ့လေ၏။

မိဖုရားကြီးလည်း ခွေးနှင့် အလိုရှိတိုင်းပျော်ပါး၍ လာရာလမ်းအတိုင်း ပြန်လှည့်ကာ မင်းကြီးထံသို့ သွားလေ၏။ အိပ်မည်အပြုတွင် မင်းကြီးလည်း အိပ်ရာမှ ငေါက်ခနဲထပြီး နှင်ချလေ၏။ ပြီးနောက်–

"ကိန္နရာဒေဝီ... မနက်ဖြန်ရောက်လျှင် ငါ ဆင်မြန်းထားသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်၍ ခစားရမည်"

ဟု မိန့်လေ၏။

နောက်တစ်နေ့ရောက်လေသော် ကိန္နရာဒေဝီလည်း နားချောင်းတစ်ဖက်ဖြင့်လာ၍ ခစားလေ၏။ ထိုအခါ မင်းကြီးလည်း နားချောင်းတစ်ဖက်ကို မေးလေ၏။

"အရှင်မင်းကြီး... အတန်ငယ်ချောင်၍ ပန်းထိမ်သည်ထံ၌ အပ်နှံထားပါ၏"

ဟု လျှောက်တင်သည်ရှိသော် ပန်းထိမ်သည်ကို ခေါ်၍ မေးလေ၏။ ဤတွင် ပန်းထိမ်သည်က အပ်နှံမထားကြောင်း လျှောက်တင်၏။ ထိုအခါ မင်းကြီးလည်း အလွန် ဒေါသထွက်သဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်... ဒွန်းစဏ္ဍားမ၊ အယုတ်တမာမ၊ ငါကဲ့သို့သော မင်းသည် သင်၏ ရှေ့ပန်းထိမ်သည် ဖြစ်ရလေသလော"

ဟုဆိုကာ လက်တွင်းရှိ နားဒောင်းအား မိဖုရားကြီး၏ ရှေ့သို့ ပစ်ချလိုက်၏။ ထို့နောက် ပညာရှိ ပုရောဟိတ်ကို ခေါ်၍-

"ဆရာ... ပုရောဟိတ်၊ ဆရာ၏စကားက အလွန်ပင် မှန်ကန်လှချေ၏။ ယခုပင် မိဖုရားကြီးကို ခေါ်ထုတ်၍ သုတ်သင်ရန် စီစဉ်ပါလော့"

ဟု အမိန့်ပေးလေ၏။

ပညာရှိ ပုရောဟိတ်လည်း မိဖုရားကြီးအား လုံခြုံသောနေရာ တစ်နေရာတွင်ထား၍ မင်းကြီးထံသို့ ပြန်လာကာ-

"အရှင်မင်းကြီး... မိဖုရားကြီး ကိန္နရာဒေဝီအား အမျက်မထွက်ပါနှင့်၊ မိန်းမတို့မည်သည် ဤနည်းအတိုင်းပင် ယုတ်မာကြကုန်၏။ မယုံလျှင် လှည့်လည်၍ စုံစမ်းကြပါအံ့"

ဟူ၍ လျှောက်ထားလေ၏။

"ကောင်းပေပြီ ဆရာပုရောဟိတ်... လှည့်လည်၍ စုံစမ်းကြပါအံ့"

ဟုဆိုကာ တိုင်းပြည်အား မယ်တော်ထံ အပ်နှင်းကာ ဆရာပုရောဟိတ်နှင့်အတူ မြို့မှ ထွက်လေ၏။ တစ်ယူဇနာခရီးသို့ရောက်လျှင် တစ်နေရာ၌ တည်းခိုကာ နေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် သူကြွယ်တစ်ဦးသည် မိမိ၏သားအတွက် အမျိုးသမီးတစ်ယောက်ကို အခြွေအရံတို့နှင့်တကွ ခေါ်ဆောင်လာရာ မင်းကြီးနှင့်ပုရောဟိတ်တို့ တည်းခိုရာအနီးသို့ ရောက်လေ၏။ ပုရောဟိတ်လည်း မင်းကြီးအား ထိုအမျိုးသမီးကို ပေါင်းဖော်ရအောင် ဆောင်ရွက်မည်ဟု တင်လျှောက်ပြီးလျှင် မင်းကြီးအား တင်းတိမ်ဖြင့် ကာရံပေးထားခဲ့ပြီး သူကြွယ်အနီးသို့သွားကာ ငိုကြွေးလေ၏။

ထိုအခါ သူကြွယ်လည်း 'အဘယ်ကြောင့် ငိုကြွေးရသနည်း' ဟု မေးလေ၏။ ထိုအခါ ပညာရှိ ပုရောဟိတ်လည်း–

"အို... သူကြွယ်၊ ခရီးသွားနေခိုက် အကျွန်ုပ်၏ မယားသည် မွေးဖွားကာမွဇလေ လှုပ်၍ ပင်ပန်းလှပါ၏။ မိန်းမဖော်လည်း မရှိပါ။ အသင်သူကြွယ်ဆောင်ယူလာခဲ့သော အမျိုးသမီးအား လွှတ်ပေးပါရန် အကူအညီတောင်းခံပါ၏။ အကူအညီပေးပါလော့"

ဟု ပြောဆိုရာ သူကြွယ်လည်း ကောင်းပြီဟုဆိုလျက် အမျိုးသမီးကို လွှတ်ပေးလေ၏။

အမျိုးသမီးလည်း အဟုတ်တကယ်မှတ်၍ လိုက်ပါသွားပြီး တင်းတိမ်အတွင်းသို့ ဝင်သွားလေ၏။ ထိုအခါ မင်းကြီးနှင့် တွေ့ပြီး တပ်စွန်းသောစိတ်ရှိသဖြင့် မင်းကြီးနှင့် အလိုရှိတိုင်း ပျော်ပါးလေ၏။ ထို့နောက် မင်းကြီးပေးသော လက်စွပ်ကိုယူ၍ သွားလေ၏။

သူကြွယ်လည်း အမျိုးသမီးပြန်ရောက်၍ မေးသည်ရှိသော်

www.burmeseclassic.com

www.burmeseclassic.com



ရွှေအဆင်းနှင့်တူသော ယောကျ်ားကလေး ဖွားမြင်ကြောင်း ပြောဆိုလေ၏။ ပုရောဟိတ်လည်း မင်းကြီးထံသို့သွား၍ မင်းကြီးမှ လက်စွပ်ပေးလိုက်ကြောင်း မိန့်လေသော် ထိုအမျိုးသမီးထံ လိုက်ကာ သူကြွယ်အား–

"အို... သူကြွယ်၊ အမျိုးသမီးသည် အကျွန်ုပ်မယား၏ လက်စွပ်ကို ယူငင်သွားပါ၏"

ဟု ပြောလေရာ သူကြွယ်လည်း လက်စွပ်ကို ပြန်၍ ပေးစေ၏။

ပုရောဟိတ်လည်း လက်စွပ်ရလာသည့်အခါ မင်းကြီးကို ပြန်၍ ဆက်သလေ၏။

"အရှင်မင်းကြီး... မိန်းမတို့၏သဘောကို သိပြီမဟုတ်လော... ရှေ့ဆက်၍ စုံစမ်းလိုက စုံစမ်းကြပါအံ့"

"ဆရာ... ပုရောဟိတ်၊ ဤမျှလောက်နှင့်ပင် မိန်းမတို့၏ သဘောသဘာဝကို သိပါပြီ။ ရှေ့ဆက်၍ မသွားလိုတော့ပါ။ နန်းတော်ကိုသာ ပြန်ကြပါကုန်အံ့"

မင်းကြီးနှင့် ပုရောဟိတ်လည်း နန်းတော်သို့ ပြန်ကြရာ ရောက်သည်ဆိုလျှင် ကိန္နရာဒေဝီ မိဖုရားကြီးအား ရာထူးမှ ချလေ၏။ အခြားမိန်းမတစ်ယောက်ကို မိဖုရားကြီးအရာ တင်မြှောက်လေ၏။ ခွေးကိုလည်း တိုင်းပြည်မှ နှင်ထုတ်ကာ သပြေကိုင်းတို့ကိုလည်း ဖြတ်စေတော်မူလေ၏။

ထိုသို့ ကုဏာလ ဥဒြမင်းလည်း ကိန္နရာဒေဝီ မိဖုရားကြီး၏ ယုတ်မာသောဇာတ်ကြောင်းကို ဟောကြားတော်မူပြီးနောက်–

www.burmeseclassic.com

www.burmeseclassic.com



"အခွေဖုသ..... ဆက်၍ နာကြားပါဦးလော့။ ငါ ယခုဟောမည့်အကြောင်းသည်ကား 'ပဥ္စပါပီ မိဖုရားကြီး' အကြောင်းဖြစ်ချေ၏"

ဟုဆိုကာ ဖုသဥဩမင်းကို မဏ္ဍိုင်ပြုလျက် ပဥ္စပါပီ မိဖုရားကြီး၏ ဇာတ်ကြောင်းကို ဟောကြားတော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ဗကမင်း မင်းပြုစဉ်က ဖြစ်၏။

ထိုကာလ၌ မြို့အရှေ့တံခါးအနီး၌နေသော သူဆင်းရဲတစ်ဦး ထံတွင် 'ပဥ္စပါပီ' မည်သော သမီးတစ်ဦး ရှိလေ၏။

ပဥ္စပါပီကား ရှေးဘဝက ပစ္စေကဗုဒ္ဓါအား မြေစိုင်ခဲကို လှူခဲ့ဖူးသည့် ကောင်းမှုကြောင့် ကိုယ်အတွေ့ လွန်စွာနူးညံ့၏။ သို့ရာတွင် အမျက်ထွက်၍ ကြည့်ခဲ့ဖူးသော မကောင်းမှုကြောင့် အဆင်းမလှ၊ လက်၊ ခြေ၊ ခံတွင်း၊ မျက်စိ၊ နှာခေါင်းတို့ကား ယုတ်မာကုန်၏။ အချိုးအဆစ် မကျ။ သည့်အတွက် ပဥ္စပါပီ ဟု အမည်ရလာခြင်းဖြစ်၏။

တစ်နေ့သ၌ မင်းကြီးသည် တိုင်းပြည်အခြေအနေကို စုံစမ်း ရန်အတွက် မထင်ရှားသောအသွင်ဖြင့် မြို့တွင်းသို့ လှည့်လည် လေ၏။ ပဥ္စပါပီလည်း သူငယ်မ အပေါင်းအဖော်တို့နှင့် ကစား နေကြစဉ် မမျှော်လင့်ဘဲ မင်းကြီး၏လက်ကို ကိုင်မိ၏။ မင်းကြီး လည်း အထိအတွေ့ ကောင်းလှသည့်အတွက် မိန်းမော၍ သွား လေ၏။ သတိရလာသည့်အခါ ပဥ္စပါပီအား လင်ရှိ မရှိကို

www.burmeseclassic.com

www.burmeseclassic.com



မေးမြန်း၍စုံစမ်း၏။ လင်မရှိသောအဖြစ်ကို သိရလျှင် မင်းကြီးလည်း ပဋ္ဌပါပီအိမ်သို့ လိုက်၍ မိဘတို့ထံ တောင်းရမ်းလေ၏။ မိဘတို့လည်း မိမိတို့သမီး အရပ်ဆိုးလှသဖြင့် လိုချင်သူဝေးစွ၊ မေးမြန်းသူမျှပင် မရှိသဖြင့် ဝမ်းမြောက်ဝမ်းသာ ပေးစားကြကုန်၏။

မင်းကြီးလည်း နန်းတော်သို့ရောက်လျှင်–

"အမတ်တို့... ပဋ္ဌပါပီ၏ ကိုယ်အတွေ့ကိုသိရအောင် ပရိယာယ်ပြုကြ"

ဟု မိန့်လေ၏။ အမတ်တို့လည်း ပရိယာယ် ပြုကြ၏။ ဤတွင် ပဋ္ဌပါပီလည်း သူမ၏ခန္ဓာကိုယ်ကို ထိတွေ့သော လက်ပိုင်ရှင်အစစ်ဖြစ်သူ မင်းကြီးကို ထုတ်ဖော်နိုင်သဖြင့် မင်းကြီးလည်း လွန်စွာနှစ်သက်ရလေကား မိဖုရားကြီးအရာ တင်မြှောက်လေ၏။

ထိုအခါမှစ၍ မင်းကြီးလည်း တရားစီရင်ဆုံးဖြတ်ရာဘက်သို့ အာရုံမရောက်နိုင်တော့ဘဲ အထိအတွေ့ လွန်စွာကောင်းလေသော၊ ဖောဋ္ဌဗ္ဗအာရုံကို ငြိတွယ်စေသော ပဋ္ဌပါပီနှင့်သာ နေတော်မူပြီး အခြား မိဖုရားတို့ကိုလည်း မိန်းမဟူ၍ပင် မထင်မှတ်တော့သည့် အဖြစ်သို့ ရောက်လေ၏။ ထိုအခါ မိဖုရားတို့သည် ပဋ္ဌပါပီကို နှင်ထုတ်ရန် အခွင့်အလမ်းကို ရှာကြကုန်လေ၏။

တစ်နေ့သ၌ ပဋ္ဌပါပီမိဖုရားကြီးသည် ဆင်ဖြူတော်ဘက်သို့ တက်၍ လကို သုံးသပ်ရသည်ဟု အိပ်မက် မြင်မက်၏။ ဤ

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်၏ နိမိတ်ကား မိဖုရားအကြီးအကဲဖြစ်မည့် နိမိတ်ဖြစ်လေ၏။ ထိုအိပ်မက်ကို မင်းကြီးအား လျှောက်ထားသည် ရှိသော် မင်းကြီးလည်း နိမိတ်ဖတ်ပုဏ္ဏားတို့ကို အကျိုးအကြောင်းမေးလေ၏။

ထိုပုဏ္ဏားတို့ကား ပဥ္စပါပီအား မလိုမုန်းထားကြသော မိဖုရားတို့ထံမှ တံစိုးလက်ဆောင်တို့ ရယူထားကြသူများ ဖြစ်လေရာ အမှန်အတိုင်း နိမိတ်မဖတ်ကြဘဲ—

"အရှင်မင်းကြီး... ဆင်ဖြူတော်သို့ တက်ရခြင်းကို မြင်မက်ခြင်းကား အရှင်မင်းကြီး နတ်ရွာစံရမည့် နိမိတ်ပေတည်း။ လကို သုံးသပ်ရသည်ဟု မြင်မက်ခြင်းကား မင်းကြီး၏ ရန်သူ ဖြစ်အံ့သော နိမိတ်ပင်"

ဟူ၍ ဖတ်ကြားလျှောက်ထားလေ၏။

"ဆရာတို့... ထိုသို့ဆိုပါက မည်သို့ ပြုရပါအံ့နည်း"

"အရှင်မင်းကြီး... ပဥ္စပါပီ မိဖုရားအား ဖျောက်ဖျက်ပစ်ရပါလိမ့်မည်။ သို့ရာတွင် မိဖုရားကြီးအား မသတ်စကောင်း။ လှေပေါ်တင်၍ မြစ်ထဲသို့ မျှောတော်မူပါလော့"

မင်းကြီးလည်း ပုဏ္ဏားတို့၏ နိမိတ်ဖတ်စကားတို့နှင့်တကွ အကြံပြုချက်ကို ကြားရသည်ရှိသော် ပဥ္စပါပီအား ချစ်လည်းချစ်၏။ သို့ရာတွင် မိမိအကျိုး ပျက်ပြားမည့်အရေးကိုလည်း စိုးရိမ်ကြောက်လန့်သည့်အတွက် ပုဏ္ဏားတို့၏စကားကို နားဝင်ကာ ညအခါရောက်သည်ရှိသော် အစာရေစာအပြည့်အစုံ အဝတ်တန်ဆာ အပြည့်အစုံတို့ကို ပဥ္စပါပီမိဖုရားကြီးနှင့် လှေပေါ်တင်၍ မြစ်အတွင်း မျှောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြင့် လှေငယ်လည်း မြစ်အတွင်း၌ မျောလေသည် ရှိသော် အခြွေအရံတို့နှင့်တကွ ဗာဝရိယမင်းကြီး ရေကစားတော်မူရာနေရာသို့ ရောက်လေ၏။ မင်းကြီးလည်း မည်သူမည်ဝါမှန်း မသိ၍ လန့်ဖျပ်ကာ မေးလေ၏။ ပဥ္စပါပီလည်း ပြုံးရယ်ကာ အကြောင်းစုံကို လျှောက်တင်လေ၏။ မင်းကြီးလည်း ဝမ်းသာအားရဖြင့် ပဥ္စပါပီ၏လက်သို့ ကိုင်၍ ပွေ့ချီလေ၏။ ဤတွင် ပဥ္စပါပီ၏ ထူးကဲသော အထိအတွေ့ကြောင့် အလွန်နှစ်သက်တပ်မက်လေရကား ပဥ္စပါပီအား မိဖုရားကြီးအရာ တင်မြှောက်ပြီး လောကီအာရုံ ကာမဂုဏ်တို့ကို အစွမ်းကုန် ခံစားလေ၏။ အခြားမိဖုရားတို့ထံသို့ ခြေဦးမျှပင် မလှည့်ချေ။

ဗကမင်းကြီးလည်း ထိုအကြောင်းကို ကြားသိရသည်ရှိသော် အလွန်အမျက်ထွက်၍ စစ်သည်ဗိုလ်ပါ ခြံရံလျက် စစ်ထိုးရန် မြစ်ဆိပ်သို့ ချီတက်လာကြကုန်၏။ ထိုသတင်းကို ကြားသိရလေသော် ဗာဝရိယ မင်းကြီးလည်း စစ်ထိုးရန် မြစ်ဆိပ်သို့ လာလေ၏။ ထိုအခါတွင် မင်းနှစ်ပါးတို့ ရင်ဆိုင်မိကြလေ၏။ ဤတွင် မင်းနှစ်ပါးတို့၏ ပညာရှိမှူးမတ်တို့သည်–

"မင်းနှစ်ပါးတို့အနေဖြင့် မိန်းမတစ်ယောက်အတွက် စစ်ဖြစ်ရခြင်းသည် ကြားကောင်းသောအရာ မဟုတ်ပေ။ ပဥ္စပါပီကား မင်းနှစ်ပါးစလုံးတို့နှင့် သက်ဆိုင်၏။ သို့ဖြစ်၍ ခုနစ်ရက်စီ စံစားခြင်းသည်သာ သင့်လျော်ပေ၏"

ဟူ၍ ဖျန်ဖြေငြိမ်းအေးစေလေ၏။ မင်းနှစ်ပါးတို့လည်း သဘောတူညီကြသည့်အလျောက် ပဥ္စပါပီနှင့် ခုနစ်ရက်စီ စံစား

www.burmeseclassic.com

www.burmeseclassic.com



ကြလေရာ အိပ်မက်နိမိတ်အတိုင်းပင် မင်းနှစ်ပါးတို့၏ မိဖုရား ကြီး အဖြစ်သို့ ရောက်လေ၏။

ဤကိစ္စ၌ မင်းတစ်ပါးမှ တစ်ပါးထံသို့ ခုနစ်ရက်စေ့သော် လှေဖြင့် ပို့ဆောင်ပေးရသူကား အိမ်မင်းလှုပြီဖြစ်သော 'ငကုန်း' ဆိုသူ ဖြစ်လေ၏။ ထိုငကုန်းသည် မင်းတစ်ပါးတို့ထံသို့ လှေဖြင့် ပို့ဆောင်ပေးရာတွင် ပဉ္စပါပီလည်း မင်းနှစ်ပါးတို့၏ မိဖုရားကြီး အဖြစ် ကာမဂုဏ်ကို ခံစားရသော်လည်း တင်းတိမ်ခြင်းမရှိ။ သည့်အတွက် မြစ်အလယ်သို့ ရောက်လေသော် လှေထိုးသား ငကုန်းနှင့် အလိုရှိတိုင်း ပျော်ပါးကာ ယုတ်မာသောအကျင့်ကို ကျင့်လေ၏။

ထိုသို့ ကုဏာလ ဥဩမင်းလည်း ပဉ္စပါပီ မိဖုရားကြီး၏ ယုတ်မာသော ဇာတ်ကြောင်းကို ဟောကြားတော်မူပြီးနောက်–

"အဆွေ... ဖုဿ၊ ဆက်၍ နာကြားပါဦးလော့"

ဟု မိန့်ဆိုကာ 'ပိယင်္ဂါနီ မိဖုရားကြီး' ၏ ဇာတ်ကြောင်း ကို ဟောကြားတော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားကြီးကား 'ပိယင်္ဂါနီ' ဟူ၍ အမည်ရှိ၏။

ထိုမိဖုရားကြီးသည် တစ်နေ့သ၌ လေသာပြတင်းမှ ကြည့် လေရာ မြင်းထိန်းလုလင်ကို တွေ့မြင်သည့်အခိုက် ရာဂစိတ်များ ထကြွနိုးကြားလာ၏။ သို့ဖြစ်၍ မင်းကြီး အိပ်ပျော်သည့် ညအခါ

www.burmeseclassic.com

www.burmeseclassic.com



သို့ ရောက်လျှင် လေသာပြတင်းမှ ဆင်းသက်ကာ မြင်းထိန်း လုလင်ထံသို့ သွား၍ အားပါးတရ အလိုရှိတိုင်း ကာမသုခကို ဝလင်စွာ ခံစား၊ စံစားပြီးမှ နန်းတော်သို့ ပြန်၍ အိပ်လေ၏။

ကြိမ်ဖန်များလာသည်ရှိသော် မင်းကြီးလည်း သိတော်မူ၏။ ထိုအခါ မှူးမတ်အစုံအညီရှေ့၌ မိဖုရားကြီး၏ အပြစ်ကို ထင်ရှား အောင်ပြပြီးလျှင်–

"မိန်းမတို့မည်သည်ကား ယုတ်မာသောသဘောရှိ၏။

ပညာရှိတို့၏ အမျက်သည် အပြင်သို့ မထွက်ရာ"

ဟု နှလုံးသွင်းသည်းခံတော်မူကာ မိဖုရားကြီးအား အပြစ် မပြု၊ ရာထူးမှ ချ၍ အခြားသောမိန်းမကို မိဖုရားကြီးအရာ၌ ထားလေ၏။

ထိုသို့ ကုဏာလ ဥဩမင်းလည်း ပိယင်္ဂါနီ မိဖုရားကြီး ယုတ်မာမှုကို ဖွင့်ဟဖော်ထုတ်ဟောကြားပြီးလျှင် ဆက်လက်၍ မိန်းမတို့၏ အပြစ်ကို ဟောကြားတော်မူပြန်လေ၏။

"အဆွေ... ဖုဿ၊ မိန်းမတို့မည်သည် တပ်မက်မော စိတ် အားကြီးကြကုန်၏။ စိတ်မြန်လက်မြန် ရှိကြကုန်၏။ သူတစ်ပါး၏ ကျေးဇူးကို မသိကြကုန်။ အဆွေခင်ပွန်း တို့ကို ပြစ်မှားတတ်ကြကုန်၏။ 'မိန်းမတို့၌ သီလရှိသည်' ဟူသော စကားကို ရာဂနတ် မဖမ်းစားသူတို့သည် ယုံကြည် ခြင်းငှာ မထိုက်ကြကုန်။

မိန်းမတို့မည်သည် မိမိအား ပြုဖူးသောကျေးဇူးကို မသိကြကုန်။ အတုံ့ပြန်၍ ပြုရမည့်ကျေးဇူးကိုလည်း မသိ

www.burmeseclassic.com

www.burmeseclassic.com



ကြကုန်။ အမိ၊ အဘ၊ မောင်ကြီး၊ မောင်ငယ်၊ အစ်မကြီး၊ အစ်မငယ်တို့ကိုလည်း မသိကြကုန်။ ယုတ်မာသောအကျင့်ကို ကျင့်ရာ၌ အရှက်မရှိကုန်။ ယောကျ်ားကို လွန်ကျူး၍ ကျင့်ကုန်၏။ စိတ်အလိုသို့ လိုက်တတ်ကုန်၏။

မိန်းမတို့မည်သည် ကြာမြင့်စွာ နေထိုင်ပေါင်းသင်း၍လည်း ချစ်ခင်အပ်၊ မြတ်နိုးအပ်၊ နှစ်သက်အပ်၍ အသက်နှင့်တူသော လင်ယောကျ်ားကိုသော်လည်း၊ ထိုထိုသော ကိစ္စတို့ကြောင့်လည်းကောင်း၊ ဘေးရန်တို့ကြောင့်လည်းကောင်း စွန့်ပစ်တတ်ကုန်၏။ သို့ဖြစ်၍ ငါသည် မိန်းမတို့၌ အကျွမ်းမဝင်။

အဆွေ... ဖုဿ၊ အမှန်အားဖြင့် မိန်းမတို့၏စိတ်သည် မျောက်စိတ်နှင့် တူကုန်၏။ သစ်ပင်ရိပ်သည် ခိုနားသူတိုင်း၊ ခိုနားသူတိုင်းကို လွှမ်းမိုးသကဲ့သို့ပင် ဖြစ်၏။ မိန်းမတို့၏စိတ်သည် အလွန်တုန်လှုပ်တတ်၏။ လှည်းဘီး၏ အကွပ်ကဲ့သို့ လည်တတ်၏။

အဆွေ... ဖုဿ၊ မိန်းမတို့မည်သည် ယောကျ်ားတို့ထံ၌ ယူစရာ ဥစ္စာပစ္စည်းတို့ကို တွေ့မြင်သောအခါ သိမ်မွေ့နူးညံ့သောစကားတို့ဖြင့် ပြောကာ ပလီပလာ ယူတတ်ကုန်၏။ ကမ္ဗောဇတိုင်းသားတို့သည် ရေ၌ဖြစ်သော မှော်ပင်တို့ဖြင့် မြင်းတို့ကို ဆောင်ယူသကဲ့သို့ပင်တည်း။ ယူစရာဥစ္စာပစ္စည်း မတွေ့မမြင်သောအခါ ဝေးစွာ ရှောင်ကြဉ်ကုန်၏။ မြစ်တစ်ဖက်သို့ ကူးမြောက်ပြီးသောသူသည် ကမ်းကို မကြည့်သကဲ့သို့တည်း။

www.burmeseclassic.com

www.burmeseclassic.com



အဆွေ... ဖုသ၊ မိန်းတို့မည်သည် ကပ်ငြိတတ်သော မျောက်စေးနဲ့နှင့် တူကုန်၏။ အလုံးစုံ ကောင်း၊ မကောင်းကို လောင်ကျွမ်းတတ်သော မီးနှင့် တူကုန်၏။ လျင်မြန်သော အလျဉ်ရှိသည့် မြစ်နှင့် တူကုန်၏။ အစွမ်းထက်မြက်သော မာယာရှိကုန်၏။ ချစ်သူ၊ မုန်းသူ နှစ်မျိုးစလုံးကို မှီဝဲတတ်သဖြင့် ကမ်းနှစ်ဖက်စလုံးကို ဆိုက်ကပ်သော လှေနှင့်လည်း တူကုန်၏။

အဆွေ... ဖုသ၊ မိန်းမတို့မည်သည် ယောကျ်ား တစ်ယောက်နှင့်လည်း မတင်းတိမ်နိုင်ကြကုန်။ နှစ်ယောက်နှင့်လည်း မတင်းတိမ်နိုင်ကြကုန်။ လူအများနှင့် ဆက်ဆံသော အိမ်ဈေးသည်နှင့်လည်း တူကုန်၏။ မိန်းမတို့ကို ငါ့မယားဟု မှတ်ထင်သောယောကျ်ားသည် လေကို ပိုက်ကွန်ဖြင့် ဖမ်းသောသူသာ ဖြစ်၏။

အဆွေ... ဖုသ၊ လောက၌ မိန်းမတို့မည်သည် မြစ်ဆိပ်နှင့် တူကုန်၏။ ခရီးလမ်းနှင့်လည်း တူကုန်၏။ သေတင်းကုပ်နှင့်လည်း တူကုန်၏။ ရေအိုးစင်နှင့်လည်း တူကုန်၏။ ပွဲသဘင်နှင့်လည်း တူကုန်၏။ မိန်းမတို့အား အချိန်အခါမည်သည် မရှိကုန်။

အဆွေ... ဖုသ၊ လောက၌ မိန်းမတို့မည်သည် မီးနှင့်တူကုန်၏။ မြွေဟောက်ဦးခေါင်းနှင့် တူကုန်၏။ နွားတို့သည် ကောင်းနိုးရာရာမြက်ကို ရှာ၍ စားကုန်သကဲ့သို့ ကောင်းနိုးရာရာကို ရှာဖွေ၍ ခံစားကြကုန်၏။ သို့ဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com



မီး၊ ဆင်၊ မြွေ၊ မင်း၊ မိန်းမ... ဤငါးဦးတို့သည် မမှီဝဲရာ။ ဤငါးဦးတို့၏ အလိုဆန္ဒသဘောကို အလွန်ပင် သိနိုင်ခဲ၏။

အဆွေ... ဖုသ၊ လောက၌ မမှီဝဲအပ်သော မိန်းမ ငါးယောက်ရှိ၏။ ၎င်းတို့ကား–

(၁) အလွန်အဆင်းလှသော မိန်းမကို မမှီဝဲအပ်။

(၂) အလွန်ချစ်ခင်နှစ်သက်သူများသော မိန်းမကို မမှီဝဲအပ်။

(၃) ကချေသည်၊ သီချင်းသည်မကို မမှီဝဲအပ်။

(၄) သူတစ်ပါးမယားကို မမှီဝဲအပ်။

(၅) ဥစ္စာကိုလို၍ မိမိထံ ဆည်းကပ်လာသော မိန်းမကို အရှင်မရှိသော်လည်း မမှီဝဲအပ်။

ဤငါးယောက်သော မိန်းမတို့ကို ဝေးစွာ ရှောင်ကြဉ်ရာ၏”

ထိုသို့ ကုဏာလ ဥဩမင်းလည်း ဖုဿဥဩမင်းကို မဏ္ဍိုင်ပြု၍ ဟောကြားသည်ရှိသော် များစွာသောလူတို့သည် ကောင်းချီးပေးကြကုန်၏။ ကုဏာလ ဥဩမင်းလည်း ထိုသို့ ဟောပြောပြီးသည်ရှိသော် ဆိတ်ဆိတ်သာ နေလေ၏။

ထိုအခါ၌ အာနန္ဒာ လင်းတမင်းလည်း မိမိ၏ ဉာဏ်စွမ်းဖြင့် မိန်းမတို့၏ ကျေးဇူးမဲ့ခြင်းအပေါ် အောက်ပါအတိုင်း ဟောကြားလေ၏။

“အဆွေတို့... မိန်းမတို့မည်သည် မြဲမြံနှီးချစ်ခင်သဖြင့် ဥစ္စာအလုံးစုံတို့ပြည့်သော မြေကြီးကိုပေးသော

www.burmeseclassic.com



ယောကျ်ားကိုသော်လည်း အခွင့်ရသည်ရှိသော် မထေမဲ့မြင် ပြုကြကုန်၏။ ယုတ်မာသောမိန်းမတို့၏ အလိုသို့ မလိုက်ရာ။

အဆွေတို့... အကယ်၍လည်း မတွန့်မတိုသည် ရှိသော် လုံ့လပြုရာ၏။ ချစ်ခင်နှစ်သက်ဖွယ်ကောင်း၍ အသက်အရွယ်နုနယ်သော ယောကျ်ားကိုသော်လည်း ထိုထိုကိစ္စ အားရန်တို့ကြောင့် စွန့်တတ်ကုန်၏။ ထို့ကြောင့် အကျွမ်းမဝင်သင့်ပါ။

အဆွေတို့... ယောကျ်ားသည် မိန်းမတို့ကို ငါ့အား ချစ်ခင်နှစ်သက်၏ဟု မှတ်ထင်၍လည်းကောင်း၊ ငါ့အပေါ်၌ ကြင်နာ၏ဟု မှတ်ထင်၍လည်းကောင်း အကျွမ်းမဝင်ရာ။ လှေသည် ဟိုဘက်ကမ်း၊ သည်ဘက်ကမ်းသို့ ဆိုက်ကပ်တတ်သကဲ့သို့ မိန်းမတို့မည်သည်မှာလည်း ချစ်သူ၊ မုန်းသူတို့ကို မှီဝဲတတ်ကြကုန်၏။

အဆွေတို့... ဟောင်းနွမ်းပြီးသော သစ်ရွက်အခင်း၊ အဆွေခင်ပွန်းကောင်းဖြစ်သော သူခိုး၊ အဘိသိက်သွန်းပြီးသောမင်း၊ သားတစ်ကျိပ်၏အမိဖြစ်သော မိန်းမ၊ ဤလေးဦးတို့ကို အကျွမ်းမဝင်ရာ။ မိန်းမတို့မည်သည် လူမိုက်တို့ မွေ့လျော်ခြင်းကို ပြုတတ်ကုန်၏။ လွန်ကျူး၍ ကျင့်တတ်ကြကုန်၏။ ကိုယ်၊ နှုတ်၊ နှလုံးကိုမှု မစောင့်ကြကုန်။ မိမိနှင့်အချစ်တူသော မိန်းမကိုသော်လည်း အကျွမ်းမဝင်ရာ။ စင်စစ် မိန်းမတို့မည်သည် မြစ်ဆိပ်နှင့် တူကုန်၏။

အဆွေတို့... မိန်းမတို့မည်သည် လင်ကို ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



လည်း သတ်ဖြတ်ညှဉ်းဆဲတတ်ကုန်၏။ သူတစ်ပါးတို့ကိုလည်း သတ်ဖြတ်ညှဉ်းဆဲစေကုန်၏။ လည်ပင်းကိုဖြတ်၍ သွေးကို သောက်စေတတ်ကုန်၏။ ယုတ်မာကြကုန်၏။ ဂင်္ဂါမြစ်ဆိပ်နှင့်လည်း တူကုန်၏။ ထို့ကြောင့် မိန်းမတို့ကို မချစ်ခင်ရာ။

အခွေတို့... မိန်းမတို့၏ မုသားသည် သစ္စာနှင့်တူ၏။ သစ္စာသည် မုသားနှင့်တူ၏။ ကောင်းနိုးရာရာ မြက်ကို ရှာ၍စားသော နွားတို့ကဲ့သို့ ကောင်းနိုးရာရာကို ရှာ၍ ခံစားတတ်ကုန်၏။ မိန်းမတို့သည် သွားလာခြင်းဖြင့်လည်းကောင်း၊ ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ပြုံးရယ်ခြင်းဖြင့်လည်းကောင်း၊ အဝတ်တန်ဆာတို့ကို မကောင်းသော ဝတ်ဆင်ခြင်းဖြင့်လည်းကောင်း၊ သာယာစွာ ပြောဆိုခြင်းဖြင့်လည်းကောင်း ဖြားယောင်းသွေးဆောင်တတ်ကြကုန်၏။

အခွေတို့... မိန်းမတို့သည် သူခိုးနှင့် တူကုန်၏။ ခက်ထန်ကြကုန်၏။ ကြမ်းကြုတ်ကြကုန်၏။ အကျိုးမဲ့၊ တန်ဖိုးမဲ့၊ ပြိန်ဖျင်းသော စကားကို ပြောကြားရာ၌ ဒိန်ခဲကို စားရသည့်အလား သာယာကြကုန်၏။ စိုးစဉ်းမျှသော အကြံအစည်ကို မသိကြကုန်။ လှည့်ပတ်ခြင်းကို မသိကြကုန်။ မိန်းမတို့မည်သည် သတိကင်းမဲ့သည်ဖြစ်၍ ယုတ်မာကြကုန်၏။ အပိုင်းအခြားတို့ကိုလည်း မသိမမြင်ကြကုန်။ ကိလေသာ၌ အမြဲပင် တပ်စွန်းကြကုန်၏။ မာန်မူတတ်ကုန်၏။ ကောင်းသည်ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



အလုံးစုံသော ပစ္စည်းတို့အား လောင်ကျွမ်းစေသည့် မီးနှင့်လည်း တူကုန်၏။

အဆွေတို့... မိန်းမတို့မည်သည် ဆင်ထိန်း၊ မြင်းထိန်း၊ နွားထိန်း၊ သုဘရာဇာ၊ ဒွန်းစဏ္ဍား၊ ပန်းမှိုက်သွန်ဤအလုံးစုံသော ယောကျ်ားတို့ကို ဥစ္စာပစ္စည်းရှိသောအခါ အစဉ်လိုက်တတ်ကုန်၏။ ဥစ္စာပစ္စည်းမရှိသောအခါ အမျိုးကောင်းသားပင် ဖြစ်သော်လည်း စွန့်ပစ်တတ်ကုန်၏”

ဟူ၍ လင်းတမင်းသည် မိမိ၏ အစွမ်းရှိလေသမျှဖြင့် မိန်းမတို့၏ ကျေးဇူးတရားကင်းမဲ့ပုံကို ပြောကြားလေ၏။

ထိုနောက် နာရဒရသေ့လည်း မိမိ၏ဉာဏ်စွမ်းဖြင့် မိန်းမတို့၏ ကျေးဇူးတရားကင်းမဲ့ပုံကို ပြောကြားလေ၏။

“အချင်းတို့... လောက၌ မည်သို့အခါမျှ မပြည့်နိုင်စွမ်းသော အရာလေးခု ရှိကုန်၏။ ၎င်းတို့ကား–

(၁) မဟာသမုဒ္ဒရာ

(၂) ပုဏ္ဏား

(၃) မင်း

(၄) မိန်းမ စသည်တို့ ဖြစ်ကြ၏။

ပမာအားဖြင့် မဟာသမုဒ္ဒရာသည် မြေပြင်ရှိ မြစ်ကြီးငါးသွယ်၊ မြစ်ငယ် ငါးရာတို့မှ စီးဝင်သောရေတို့ဖြင့် မပြည့်နိုင်။ အမြဲပင် ယုတ်လျော့၍သာ နေတတ်၏။

ပုဏ္ဏားသည်လည်း ဣတိဟာသကျမ်းလျှင် ငါးခုမြောက်ဖြစ်သော ဗေဒင်လေးပုံကို သင်ကြားရသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင်ပညာဖြင့် မပြည့်နိုင်။ အမြဲပင် ယုတ်လျော့၍သာ နေလေ၏။

မင်းသည် စကြဝဠာတောင်ဖြင့် ဝိုင်းခြားအပ်သော ကျွန်းငယ်နှစ်ထောင် အရံရှိသည့် ကျွန်းကြီးလေးကျွန်းကို အောင်နိုင်အုပ်စိုးရသော်လည်း မပြည့်နိုင်။ အမြဲပင် ယုတ်လျော့၍သာ နေလေ၏။

ထိုအတူ မိန်းမတို့မည်သည်လည်း ကာမဂုဏ်၌ ရဲရင့်အားကြီး၍ ကာမဂုဏ်ရသာအလုံးစုံကို စွမ်းဆောင်နိုင်သော ယောကျ်ားရှစ်ယောက်၌ ပေါင်းဖော်ရသော်လည်း ကိုးယောက်မြောက်ယောကျ်ားကို တောင့်တပြန်၏။ သို့ရာတွင် အလိုမပြည့်နိုင်။ အမြဲပင် ယုတ်လျော့၍သာနေလေ၏။

အချင်းတို့... အလုံးစုံသော မိန်းမတို့သည် အလုံးစုံကို လောင်ကျွမ်းတတ်သောမီးနှင့် တူကုန်၏။ အလုံးစုံကို မျောတတ်သောမြစ်နှင့် တူကုန်၏။ အဆူးရှိသော သစ်ခက်နှင့် တူကုန်၏။ ဥစ္စာကို လိုချင်သဖြင့် တစ်ပါးသော ယောကျ်ားတို့ကို ကပ်တတ်ကုန်၏။ မိန်းမတို့၌ မှန်သောစကားကို ရခဲလှ၏။ သူခိုးနှင့်တူ၍ ဥပါယ်တံမျဉ်များသော မိန်းမတို့အလိုကို သိနိုင်ခဲ၏။ ပမာအားဖြင့် ရေ၌သွားသောငါးကို သိနိုင်ခဲသကဲ့သို့တည်း။

အချင်းတို့... အလုံးစုံသောအလိုတို့အား မိန်းမတို့ အပေါ်၌ ဖြည့်စွမ်းပေးတတ်သော ယောကျ်ားသည် လေကို ပိုက်ကွန်ဖြင့် ဖမ်းသောသူနှင့် တူ၏။ သမုဒ္ဒရာရေကို

www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ဖက်နှင့်ခပ်၍ သွန်သည်နှင့်သာ တူ၏။ လက်တစ်ဖက်တည်းနှင့် အသံမြည်အောင် တီးသည်နှင့် တူ၏။

အချင်းတို့... မိန်းမတို့သည် များသောမာယာ ရှိကုန်သဖြင့် မျက်လှည့်သည်နှင့် တူကုန်၏။ မြတ်သောအကျင့်ကို ဖျက်ဆီးတတ်ကုန်၏။ အပါယ်လေးပါးသို့ နစ်မြုပ်စေတတ်ကုန်၏ဟုသိ၍ ဝေးစွာရှောင်ကြဉ်ရာ၏။ မိန်းမတို့သည် ချစ်ခင်နှစ်သက်သောကြောင့်လည်းကောင်း၊ ဥစ္စာကြောင့်လည်းကောင်း၊ ယောကျ်ားတို့ကို မှီဝဲတတ်ကုန်၏။ မီးသည် မိမိ၏တည်မှီရာ အရာဝတ္ထုကို လောင်ကျွမ်းသကဲ့သို့၊ ထို့အတူ မိမိမှီရာယောကျ်ားကို လျင်စွာ လောင်ကျွမ်းတတ်ကုန်၏”

ဟူ၍ ဟောကြားပြီးနောက် ဆိတ်ဆိတ်နေလေ၏။ ထိုအခါ ကုဏာလ ဥဩမင်းသည် မိန်းမတို့၏ ကျေးဇူး အထူးမဲ့တတ်ပုံကို ဆက်လက်ဟောပြောပြန်လေ၏။

“ဆွေသဟာအပေါင်းတို့... ပညာရှိယောကျ်ားသည် ထက်စွာသွေးထားသော သန်လျက်အား လက်ဝယ်ရှိသူနှင့်လည်းကောင်း၊ အမျက်ဒေါသ ချောင်းချောင်းထနေသော ဘီလူးနှင့်သော်လည်းကောင်း စကားပြောရာ၏။ လတ်တလော သေစေတတ်သော မြွေအား ကိုင်လိုက ကိုင်နိုင်၏။ သို့ရာတွင် မိန်းမတို့နှင့် တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ စကားမပြောရာ။

အဆွေတို့... အမှန်အားဖြင့် မိန်းမတို့သည် ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



တို့၏စိတ်ကို ညှဉ်းဆဲတတ်ကုန်၏။ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ပြုံးရယ်ခြင်း စသော လက်နက်တို့ ရှိကြကုန်၏။ သတိကင်းသော ယောကျ်ားတို့ကို နှိပ်စက်တတ်ကြကုန်၏။ ရက္ခိုဿဘီလူးသည် သမုဒ္ဒရာကျွန်းငယ်၌ ကုန်သည်တို့ကို ဖမ်းစားသကဲ့သို့တည်း။

အဆွေတို့... မိန်းမတို့အား ကောင်းသောအကျင့်မည်သည် မရှိ။ သေရည်အရက်၊ ငါး၊ သားအမဲနှင့် မွေ့လျော်ကုန်၏။ ကိုယ်၊ နှုတ်၊ နှလုံးတို့ကို မစောင့်ရှောက်ကုန်။ ယောကျ်ားတို့ ဆောင်ယူရှာဖွေထားသော ပစ္စည်းဥစ္စာတို့ကို ရှာဖွေတတ်ကုန်၏။ တိမိင်္ဂလမည်သော ငါးကြီးသည် သမုဒ္ဒရာ၌ မကာရ်းကို စားမျိုသကဲ့တည်း။

အဆွေတို့... မိန်းမတို့မည်သည် ကာမဂုဏ် ငါးပါး၌ သာယာဖွယ် အာရုံတို့ ဖြစ်ကုန်၏။ တက်ကြွသော စိတ်ရှိကုန်၏။ မမြဲကြကုန်။ မစောင့်စည်းကြကုန်။ မေ့လျော့သော ယောကျ်ားအနီး၌ ချဉ်းကပ်တတ်ကုန်၏။ မြစ်တို့သည် သမုဒ္ဒရာသို့ စီးဝင်သကဲ့သို့တည်း။

အဆွေတို့... မိန်းမတို့သည် ချစ်ခင်နှစ်သက်သဖြင့်လည်းကောင်း၊ ကာမဂုဏ်ဖြင့် မွေ့လျော်လိုသဖြင့်လည်းကောင်း ယောကျ်ားတို့အား သွေးဆောင်ဖြားယောင်း တတ်ကုန်၏။ ရာဂဒေါသဖြင့် နှိပ်စက်ကုန်သော မိန်းမတို့သည် မီးကဲ့သို့ တည်မှီရာ ယောကျ်ားကို လောင်တတ်ကုန်၏။

အဆွေတို့... ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝသော

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကိုသိ၍၊ မိမိဥစ္စာကိုပေး၍ ကိုယ့်အတ္တဘောနှင့် တကွ အနီးသို့ ချဉ်းကပ်တတ်ကုန်၏။ တောတွင်း၌ ပြိတ်နွယ်သည် အင်ကြင်းပင်ကို ရစ်ပတ်သကဲ့သို့တည်း။ မိန်းမတို့သည် တန်ဆာဆင်ကုန်သောကြောင့် ဆန်းကြယ်သော ကိုယ်မျက်နှာ ရှိကုန်သည်ဖြစ်၍ အထူးထူးသော အလိုဆန္ဒဖြင့် ယောကျ်ားတို့ကို ချဉ်းကပ်ကြကုန်၏။ ပြင်းပြစွာ ရယ်မောတတ်ကြကုန်၏။ မျက်လှည့်ပြသူနှင့် တူကုန်၏။ မာယာများစွာ၌ ကျွမ်းကျင်လိမ္မာကြကုန်၏။

အဆွေတို့... မိန်းမတို့သည် ရွှေငွေပတ္တမြား၊ ပုလဲစသည်တို့ဖြင့် တန်ဆာဆင်မြန်းကြသည်ဖြစ်၍ လင်၏အိမ်၌ အရိုအသေ ပြုအပ်ကြကုန်သော်လည်း မစောင့်ရှောက်ကြကုန်။ လင်ကို ကျူးလွန်၍ ကျင့်တတ်ကုန်၏။ တာနော့ယက္ခဘီလူး၏ ဝမ်း၌ ထားသော မိန်းမသည် တာနော့ဘီလူးကို ကျူးလွန်၍ ကျင့်သကဲ့သို့တည်း။

အမှန်အားဖြင့် တန်ခိုးကြီးမား၍ ဉာဏ်အမြော်အမြင်နှင့် ပြည့်စုံလျက် များစွာသောလူတို့ အရိုအသေပြုအပ်၊ ပူဇော်အပ်သော ယောကျ်ားသည်လည်း မိန်းမတို့၏အလိုသို့ လိုက်သည်ရှိသော် မတင့်တယ်။ ရာဟုအသူရိန် ဖမ်းအပ်သော လကဲ့သို့ပင်ဖြစ်၏။

အဆွေတို့... အမျက်ထွက်ကာ ပျက်စီးသောစိတ်ရှိသူသည် အရပ်ထက်ဝန်းကျင်မှ မိမိအလိုသို့ ရောက်လာသော ရန်သူကို ပျက်စီးခြင်းသို့ ရောက်စေ၍၏။ ထို

www.burmeseclassic.com

www.burmeseclassic.com



ရန်သူ ပျက်စီးသည်ထက် တဏှာရာဂဖြင့် မိန်းမအလိုသို့ လိုက်သောသူသည် အလွန်အမင်း ပျက်စီးခြင်းသို့ ရောက်ရာ၏။

အဆွေတို့... မိန်းမတို့သည် ဆံပင်ကို နုတ်ခြင်း၊ လက်သည်း ခြေသည်းတို့ကို ချိုးဖဲ့ခြင်းဖြင့် ဩမ်းခြောက်ကာ ခြေလက်တို့အား လုံတံကို ရိုက်နှက်ပုတ်ခတ်သော်လည်း ယုတ်မာသည်သာ ဖြစ်၏။ ယင်းတို့သည် အပုပ်အစပ်၌ မွေ့လျော်ကြသကဲ့သို့ မိန်းမတို့သည်လည်း အယုတ်တရား၌ပင် မွေ့လျော်ကြကုန်၏။

အဆွေတို့... မိန်းမတို့သည် လင်၏အိမ်၊ ခရီးလမ်းမ၊ မင်းနေပြည်ရွာ၊ နိဂုံးတို့၌ ကိလေသာတည်းဟူသော ကျော့ကွင်းတို့ကို အမြဲပင် ထောင်ကြကုန်၏။ ပညာမျက်စိရှိသောသူမှသာလျှင် ထိုကျော့ကွင်းတို့ အန္တရာယ်မှ လွတ်ကင်းအောင် ရှောင်ရှားနိုင်ကြ၏။

အဆွေတို့... ငြိုးခြံသောအကျင့်ကို ကုသိုလ်ဟု ဆိုကြ၏။ ထိုကုသိုလ်ဖြစ်သော အကျင့်ကို စွန့်လွှတ်၍ ကာမဂုဏ်တည်းဟူသော ယုတ်မာသောအကျင့်၌ မွေ့လျော်သူတို့ကို နတ်တို့သည် ငရဲသို့ ဆောင်ကြကုန်၏။ ကုန်သည်သည် အဖိုးဥစ္စာများစွာပေး၍ တန်ဖိုးမဲ့သော ကျောက်အားဝယ်ယူသကဲ့သို့ ဖြစ်၏။

အဆွေတို့... ဉာဏ်ပညာ နည်းပါးသူသည် ဤပစ္စုပ္ပန်ဘဝ၌လည်း ကဲ့ရဲ့အပ်သည်ဖြစ်၏။ သံမလွန်ဘဝ၌

www.burmeseclassic.com

www.burmeseclassic.com



လည်း မိမိပြုအပ်သော အကုသိုလ်သည် ဖျက်ဆီးအပ်သည် ဖြစ်၍ လူ့ပြည်၊ နတ်ပြည်မှ ဆုံးရှုံးလျှောကျကာ ရှည်မြင့်စွာ အပါယ်ငရဲ၌ ဖြစ်လတ္တံ့။ မြင်းပျက်ကသောရထားသည် ခရီးလမ်းမဟုတ်သည်၌ သွားသကဲ့သို့ ဖြစ်၏။

အဆွေတို့... ကာမဂုဏ်အာရုံတို့၌ တပ်မက်စွဲလမ်းသူသည် တာပန ငရဲသို့ ကျရောက်ရ၏။ သံအတိုင်းပြီး၍ လုံသွားသကဲ့သို့ အဆူးရှိသော လက်ပံတောသို့ ရောက်ရ၏။ တိရစ္ဆာန်မျိုး၌ ဖြစ်၍ ပြိတ္တာအသူရကာယ်မှ မလွတ်မြောက်နိုင်ကြကုန်။

အဆွေတို့... မိန်းမတို့သည် မေ့လျော့သောယောကျ်ားတို့အား နတ်ပြည်ရှိ နန္ဒဝန်ဥယျာဉ်၌ မြူးတူးမွေ့လျော်ခြင်းကိုလည်းကောင်း၊ လူ့ပြည်၌ စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာကိုလည်းကောင်း ဖျက်ဆီးတတ်ကြကုန်၏။ ထိုသို့ မွေ့လျော်သောယောကျ်ားကို အပါယ်လေးပါးသို့ ရောက်အောင် ပို့ဆောင်တတ်ကုန်၏။

အဆွေတို့... မိန်းမတို့ကို အလိုမရှိ၊ စွန့်လွှတ်ကာ မြတ်သောအကျင့်ကို ကျင့်သော ယောကျ်ားတို့သည် နတ်ပြည်၌ဖြစ်သော မြူးတူးခြင်း၊ မွေ့လျော်ခြင်းတို့ကို ရလွယ်ကုန်၏။ လူ့ပြည်၌ဖြစ်သော စကြဝတေးမင်း စည်းစိမ်ကိုလည်း ရလွယ်ကုန်၏။ မိန်းမတို့၏ အလိုကို မလိုက်၊ ထို အလိုဆိုးတို့ကို စွန့်လွှတ်ကာ မြတ်သောအကျင့်ကို ကျင့်ကုန်ကြသော ယောကျ်ားတို့သည် ကာမဘုံကို လွန်မြောက်

www.burmeseclassic.com

www.burmeseclassic.com



၍ ရူပဘုံကို ရလွှယ်ကုန်၏။ သုဒ္ဓါဝါသဘုံကိုလည်း ရလွယ်ကုန်၏။

အဆွေတို့... မိန်းမတို့ကို အလိုမရှိ၊ စွန့်လွှတ်ကာ မြတ်သောအကျင့်ကို ကျင့်ကုန်၍ ကိလေသာငြိမ်းအေးသဖြင့် စင်ကြယ်သောယောကျ်ားတို့သည် အလုံးစုံသော ဆင်းရဲမှ လွန်မြောက်ရာ စင်စစ် မတုန်လှုပ်ရာ။ အကြောင်းတရားလေးပါးတို့ကင်းရာ နိဗ္ဗာန်ကို ရလွယ်၊ ရောက်လွယ်ကုန်၏"

ဤသို့... ကုဏာလ ဥဩမင်းလည်း အမြိုက်နိဗ္ဗာန်သို့ ရောက်စေသဖြင့် ဓမ္မဒေသနာကို ပြီးဆုံးစေတော်မူ၏။ ထိုအခါ ရောက်လာကြသော ပရိသတ်တို့သည်-

"အံ့ဩဖွယ်ရာ ရှိပေစွ။ သဗ္ဗညုတ ဘုရားရှင်၏ တင့်တယ်စမ္ပာယ်ခြင်းဖြင့် ဟောတော်မူပါပေ၏"

ဟူ၍ ချီးမွမ်းကြကုန်၏။ တစ်ခဲနက် ဩဘာပေးကြကုန်၏။

တရားပွဲကြီး ပြီးဆုံးသည်ရှိသော် အာနန္ဒာမည်သော လင်းတမင်း၊ နာရဒရသေ့၊ ပုဏ္ဏမုခမည်သော ဖုဿရ ဥဩမင်းတို့သည် မိမိတို့အခြွေအရံ ပရိသတ်နှင့်တကွ မိမိနေရာသို့ ပြန်ကြကုန်၏။ ကြိုကြား၊ ကြိုကြားဒွိလည်း ကုဏာလ ဥဩမင်းထံ လာကြ၍ အဆုံးအမကို ခံယူကြကုန်၏။ သေလွန်သောအခါ နတ်ပြည်သို့ လားကြရလေသတည်း။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုတို့ကို အနုသန္ဓေ ဆက်စပ်တော်မူပြီးနောက်-

"ရဟန်းတို့-

www.burmeseclassic.com



ထိုစဉ်အခါက ပုဏ္ဏမုခအမည်ရှိ ဖုသသဥဩမင်းသည် ယခုအခါ ဥဒါယီ၊ အာနန္ဒာအမည်ရှိ လင်းတမင်းသည် ယခုအခါ အာနန္ဒာ၊ နာရဒရသေ့သည် သာရိပုတ္တရာ၊ ကုဏာလမင်း၏ ပရိသတ်သည် ဘုရားရှင်၏ ပရိသတ်တို့ ဖြစ်လာကြပြီး ကုဏာလ ငှက်မင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏”

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ၅၃၇ - မဟာသုတသောမဇာတ်



www.burmeseclassic.com

www.burmeseclassic.com

(၅၃၇)

## မဟာသုတ သောမဇာတ်

လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ဆရာသခင် အရှင်သူမြတ်ကြီး ဖြစ်ပေတော်မူသော မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌ စမ္မာယ်သီတင်းသုံးစဉ်က ဖြစ်၏။

ထိုစဉ်က အင်္ဂုလိမာလမထေရ်သည် သစ္စာပြုသည့်အတွက် သားမဖွားနိုင်သော မိန်းမတို့အား ချမ်းသာစွာ သားဖွားနိုင်ခဲ့၏။ ထိုအခါတွင် လူတို့လည်း ကြည်ညိုသဒ္ဓါစိတ်ဝင်ကာ အင်္ဂုလိမာလမထေရ်အား ဆွမ်းတို့ကို အလှူပယ် လောင်းလှူကြကုန်၏။ ကာလလွန်လေသော် ရဟန္တာအဖြစ်သို့ရောက်၍ သာဝကကြီး ရှစ်ကျိပ်တို့တွင် တစ်ပါးအပါအဝင် ဖြစ်ခဲ့လေ၏။

တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စုဝေးကြသည့်အခိုက်—

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ရှင်တို့... အံ့ဩဖွယ် ကောင်းပေစွ။ ရုန့်ရင်းကြမ်းတမ်းလျက် ရက်စက်စွာ လူတို့အား သတ်ဖြတ်နေသောလူဆိုးကြီးဖြစ်သည့် အင်္ဂုလိမာလအား 'ဤရွေ့ ဤမျှကြောက်မက်ဖွယ်ကောင်းသည့်တိုင်အောင် လက်နက်မပါဘဲ ယဉ်ကျေးအောင် ဆုံးမတော်မူနိုင်ပေ၏။ အဆိပ်ကင်းမဲ့အောင် ပြုနိုင်ပေ၏"

ဟု စကားစပ်ကာ ပြောဆိုနေရာ၊ မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာပြီး အကြောင်းစုံ သိလေသည်တွင်–

"ရဟန်းတို့... ယခုအခါ၌သာလျှင် ငါဘုရားရှင်သည် အင်္ဂုလိမာလကို ဆုံးမတော်မူနိုင်သည်မဟုတ်။ ရှေးအခါ၌လည်း ဆုံးမတော်မူနိုင်ခဲ့ဖူးပေပြီ"

ဟု မိန့်တော်မူကာ အောက်ပါအတိတ်ဇာတ်ကို ဆောင်တော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်၌ ကောရဗျမင်းသည် ဆယ်ပါးသော ရာဇဓမ်နှင့်အညီ မင်းပြုတော်မူလေ၏။ မင်းကြီး၏ မိဖုရားကြီးသည် သန္ဓေတည်ပြီး ကာလမကြာမီမှာပင် သားရတနာကို ဖွားမြင်၏။ ထိုသားရတနာကား ရွှေအဆင်းနှင့်တူသည့် ဝါဝင်းသော အသားအရည်ရှိခြင်း၊ အကြားအမြင်ဟူသော နှစ်သက်ဖွယ်ဥစ္စာရှိခြင်းတို့ကြောင့် 'သုတသောမ' ဟု အမည်တွင်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို သုတသောမမင်းသား အရွယ်သို့ ရောက်သည်ရှိသော် ရွှေစင်နိက္ခတစ်ထောင်ယူ၍ တက္ကသိုလ်ပြည်သို့ ထွက်လာခဲ့လေ၏။

ထိုကာလဝယ် ဗာရာဏသီပြည့်ရှင် ကာသိကမင်း၏ သားတော် ဗြဟ္မဒတ်မင်းသားသည်လည်း အတတ်ပညာတို့ကို သင်ကြားရန် တက္ကသိုလ်ပြည်သို့ သွားလေ၏။ ထိုအခါ မင်းသားနှစ်ပါးတို့သည် တက္ကသိုလ်ပြည် မြို့တံခါးရှိ ဇရပ်၌ ဆုံတွေ့မိကြလေ၏။

ရှေးဦးစွာ သုတသောမမင်းသားက ဗြဟ္မဒတ်မင်းသား၏ အကြောင်းခြင်းရာကို မေးလေ၏။

"အဆွေ... ငါသည်ကား ကာသိကမင်းကြီး၏ သားတော် ဗြဟ္မဒတ် ဖြစ်ပါ၏။ ဤတက္ကသိုလ်ပြည်သို့ အတတ်ပညာများ သင်ကြားရန် ရောက်ရှိလာခြင်း ဖြစ်ပါ၏။ အဆွေကော... မည်သူဖြစ်ပါသနည်း။ မည်သည့်ကိစ္စဖြင့် ဤတက္ကသိုလ်ပြည်သို့ ရောက်လာပါသနည်း"

"အဆွေ... ဗြဟ္မဒတ်၊ ငါသည်ကား ကောရဗျမင်းကြီး၏သားတော် သုတသောမ ဖြစ်ပါ၏။ ငါသည်လည်း အဆွေကဲ့သို့ပင် အတတ်ပညာတို့ကို သင်ကြားရန်အတွက် ဤတက္ကသိုလ်ပြည်သို့ ရောက်လာရခြင်း ဖြစ်ပါ၏"

ထိုအကြောင်းကို သိလေသော် မင်းသားနှစ်ပါးလည်း ခမည်းဇာတ်တူကြောင်းသိ၍ အချင်းချင်း အဆွေခင်ပွန်း ဖွဲ့ကြကုန်

www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ထို့နောက် မင်းသားနှစ်ပါးတို့လည်း မြို့တွင်းသို့ဝင်ကာ ဒိသာပါမောက္ခ ဆရာကြီးထံသွားကြပြီး ပါလာသော ပစ္စည်းဥစ္စာတို့နှင့် ပူဇော်ကာ အတူတကွ အတတ်ပညာတို့ကို သင်ကြားကြလေ၏။

ထိုကာလဝယ် ဒိသာပါမောက္ခဆရာကြီးထံ၌ ထိုမင်းသားနှစ်ပါးတို့သာ မဟုတ်၊ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးရှိ တစ်ရာ့တစ်ပါးသော မင်းတို့၏ သားတော်တို့မှာလည်း ဆရာကြီးထံ၌ အတတ်ပညာတို့ကို သင်ကြားလျက် ရှိကုန်၏။ သုတသောမ မင်းသားသည် တပည့်အပေါင်းတို့တွင် အကြီးဆုံးဖြစ်၏။ မကြာမီမှာပင် အတတ်ပညာတို့ ဆုံးခန်းတိုင်အောင် တတ်မြောက်လေ၏။ ထို့အတူ တစ်ပါးသော မင်းသားတို့မှာလည်း အစဉ်သဖြင့် အတတ်ပညာတို့ ဆုံးခန်းတိုင်လေ၏။

ဤသို့ အတတ်ပညာတို့ ဆုံးခန်းတိုင်လေသော် တပည့်အသီးသီးတို့လည်း ဆရာကြီးအား ရှိခိုးခွင့်ပန်ကြကာ မိဘရပ်ထံပြန်ကြရန်အတွက် တက္ကသိုလ်ပြည်မှ အတူတကွ ထွက်ကြလေ၏။ သုတသောမမင်းသားသည် လမ်းခုလတ် တစ်နေရာသို့ရောက်လေသော် ရပ်လျက်–

"အဆွေတို့... သင်တို့သည် မိဘရပ်ထံသို့ ပြန်၍ရောက်ရှိကြသည်ရှိသော် မင်းအဖြစ်ကို ရကြကုန်လတ္တံ့။ ဤတွင် ငါသည် သင်တို့အား ဆုံးမ ဩဝါဒပေးပါအံ့။ လဆန်းပက္ခ၊ လဆုတ်ပက္ခ၊ ဥပုသ်နေ့တို့၌ ဥပုသ်ကို စောင့်သုံးကြကုန်လော့။ အသက်သတ်ခြင်းကို မပြုကြလေနှင့်။

www.burmeseclassic.com

www.burmeseclassic.com



သင်တို့၏ တိုင်းပြည်အတွင်း စည်လည်စေ၍ ဥပုသ်နေ့တို့၌ သားငါးမပေါ်ရန် တားမြစ်ပိတ်ပင်ကြကုန်လော့”

ဟု ဆုံးမလေ၏။ မင်းသားတို့လည်း ကောင်းပြီဟု ဝန်ခံကာ မိဘရပ်ထံသို့ အသီးသီး ပြန်ကြလေ၏။

(သုတသောမ မင်းသားသည်ကား အင်္ဂဝိဇ္ဇာအတတ်၌ လွန်စွာတတ်မြောက်ကျွမ်းကျင်၏။ ထိုအတတ်ပညာဖြင့် ကြည့်ရှုဆင်ခြင်သည်ရှိသော် ဗြဟ္မဒတ်မင်းသားကို အကြောင်းပြု၍ ကြီးစွာသော ဘေးဖြစ်မည့်အရေးကို မြင်သဖြင့် ဤကဲ့သို့ ဆုံးမရခြင်း ဖြစ်လေ၏။)

အလုံးစုံသော မင်းသားအပေါင်းတို့လည်း မိမိတို့ တိုင်းပြည်အသီးသီးသို့ ပြန်လည်ရောက်ရှိကြသည်ရှိသော် အသီးသီးပင် မင်းအဖြစ်သို့ ရရှိကြကုန်၏။ ထိုအခါ သုတသောမ မင်းသား၏ အဆုံးမ ဩဝါဒတည်သည့်အကြောင်းကို သိရှိရန်အတွက် သုတသောမ မင်းကြီးသည်သို့ သဝဏ်လွှာများ အသီးသီး ပို့ကြ၏။ ဤတွင် သုတသောမ မင်းကြီးကလည်း–

“အဆွေတော်မင်းတို့... မမေ့မလျော့ နေရစ်ကြကုန်လော”

ဟူ၍ မင်းအသီးသီးထံသို့ သဝဏ်လွှာများ ပြန်ကြားလေ၏။

ထိုထိုသော မင်းတို့အနက် ဗာရာဏသီကို ပိုင်စိုးရသည့် ဗြဟ္မဒတ်မင်းကား အမဲဟင်းလျာနှင့်ကင်း၍ ပွဲတော် မတည်နိုင်။ စားတော်ကဲဆိုပါက ဥပုသ်နေ့အတွက် အဖိတ်နေ့ကပင် အမဲဟင်းလျာကို ဝယ်၍ အသင့်စီမံထားရလေ၏။

တစ်နေ့သ၌ ဥပုသ်နေ့အတွက် ဝယ်ထားသော အမဲသား

www.burmeseclassic.com

www.burmeseclassic.com



အား ခွေးက ခိုးယူ စားသောက်သွားလေ၏။ ထိုအဖြစ်ကို စားတော်ကဲသိလေလျှင် အမဲသားအား အသပြာထုပ်ကိုင်၍ ရှာဖွေဝယ်ခြမ်းသော်လည်း မရပေ၊ ထိုအခါ စားတော်ကဲလည်း–

"အမဲမပါသော စားတော်ပွဲကို ငါသည် မင်းကြီးအား ကပ်ဩအံ့၊ မင်းကြီးသည် အမျက်မာန်ရှုကာ ငါ့အသက်ကို ရန်ရှာပေလိမ့်မည်"

ဟူ၍ ကြံစည်ပြီး သောက မအေးနိုင်အောင် ဖြစ်ရလေ၏။ ညသို့ ရောက်လေသော် အကြံအစည် တစ်ခု ရလေ၏။ ဤတွင် သုသာန်သို့ လူသူလေးပါး မမြင်ရလေအောင် ပုန်းကွယ်ဝှက်လျှိုးလျက် သွားရောက်ကာ လတ်တလောသေထားသော လူသား အလောင်းအား ခုတ်ထစ်လှီးဖြတ်၍ ယူခဲ့၏။ စားဖိုဆောင်သို့ ရောက်လေသော် ကောင်းစွာ စီမံချက်ပြုတ်၍ မင်းကြီးအား စားတော်ပွဲကို ဆက်သလေ၏။

မင်းကြီးလည်း အသားတုံးတစ်တုံးကို လျှာပေါ်တင်ရုံမျှနှင့်ပင် ရှေးဘဝ ဘီလူးဖြစ်ခဲ့စဉ် လူသားကို အမြဲစားခဲ့ဖူးရကား အကြောပေါင်းခုနစ်ရာ ဆိမ့်ကာ တစ်ကိုယ်လုံး ချောက်ချားသွားလေ၏။ ထိုအခါ ဗြဟ္မာဒတ်မင်းကြီးလည်း–

"ငါကား ဆိတ်ဆိတ်နေ၍ သုံးဆောင်လျှင် ဤအသားကို ပြောမည်မဟုတ်"

ဟု ကြံစည်လျက် လျင်မြန်စွာ ထွေးထုတ်လိုက်လေ၏။ ထိုအခါ စားတော်ကဲလည်း–

"အရှင်မင်းကြီး... ဤအမဲကား အပြစ်မရှိပါ။ သုံးဆောင်တော်မူပါလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု လျှောက်ထားလေသော် အံ့နီးအပါးရှိ လူတို့အား အဝေးသို့ ဖယ်ခွာစေ၏။ ပြီးလျှင် စားတော်ကဲဖြစ်သူ 'ရသက' အား–

"ဟယ်... ရသက၊ အမဲ၌ အပြစ်မရှိကြောင်း ငါသိ၏။ ဤအသားကား မည်သည့်အသားဖြစ်လေသနည်း"

ဟု မေးမြန်းလေ၏။ ထိုအခါ ရသကလည်း–

"အရှင်မင်းကြီး... ဤအသားကား အရှင်မင်းကြီး နေ့စဉ်သုံးဆောင်နေကျ အသားသာလျှင် ဖြစ်ပါ၏"

ဟု လျှောက်ထားလေ၏။ ထိုအခါ မင်းကြီးလည်း–

"ဟယ်... ရသက၊ နေ့စဉ် ငါစားနေကျအသားသည် ဤအသားကဲ့သို့ အရသာ မရှိ"

ဟု မိန့်လေ၏။ ရသကလည်း–

"အရှင်မင်းကြီး... ဤယနေ့ အချက်ကောင်း၍ ဖြစ်ပါလိမ့်မည်"

ဟု လျှောက်ထားလေ၏။ မင်းကြီးလည်း–

"ဟယ်... ရသက၊ သင်သည် ငါ့အား ဖုံးကွယ်၍ ပြောဆိုဘိ၏။ ဟုတ်မှန်ရာကို ပြောဆိုလော့၊ သို့မဟုတ်ပါက သင့်ကို ငါသတ်မည်"

ဟုမိန့်တော်မူလေ၏။ ဤတွင် စားတော်ကဲ ရသကလည်း–

"အရှင်မင်းကြီး အကျွန်ုပ်၏အသက်အား ချမ်းသာပေးပါလော့၊ အမှန်အတိုင်း ပြောပါမည်။ အရှင်မင်းကြီး သုံးဆောင်နေကျ အသားကို ခွေးစားသွားပါ၍ ငွေထုပ်ပိုက်ကာ လိုက်လံရှာဖွေ၍ မရသဖြင့် သုသာန်သို့သွားကာ

www.burmeseclassic.com



လတ်တလောသေပြီးသော လူသားအလောင်းအား ခုတ်ထစ်ပိုင်းဖြတ်ထားသော လူသားဟင်းလျာ ဖြစ်ပါ၏”
ဟူ၍ အမှန်အတိုင်းဝန်ခံကာ ပြောဆိုလျှောက်ထားလေ၏။ ထိုအခါ ဗြဟ္မဒတ်မင်းကြီးလည်း–

“အသင်... ရသက၊ ဆိတ်ဆိတ်သာ နေပေလော့။ စားနေကျ အမဲသားကို မချက်ပါနှင့်တော့။ ငါ့အား နေ့စဉ်နေ့တိုင်း လူသားဟင်းလျာကိုသာ ချက်ပြုတ်၍ ဆက်သပါလော့”
ဟု မိန့်ကြားလေ၏။ ရသကလည်း–

“အရှင်မင်းကြီး... လူသားကား အလွန်ပင် ရနိုင်ခဲပါ၏။ အရှင်မင်းကြီးအဖို့ မပြတ်တမ်း စားသောက်နိုင်ရန် အလို့ငှာ အဘယ်မှာလျှင် ရနိုင်ပါအံ့နည်း”
ဟု ပြောဆိုလျှောက်ထားလေ၏။

“အချင်း... ရသက၊ သင်သည် ဤကိစ္စအတွက် စိုးရိမ်ကြောင့်ကြမှု မရှိပါနှင့်။ လူသားရလွယ်သော အကြောင်းကိစ္စရှိပါ၏။ လှောင်အိမ်တွင်း၌ အကျဉ်းချထားသော လူများစွာ ရှိသည်မဟုတ်လော”

“အရှင်မင်းကြီး... ရှိပါ၏”

“ထိုသို့ ဆိုပါက လှောင်အိမ်တွင်း၌ အကျဉ်းသားတို့အား နေ့စဉ်ထုတ်ကာ သတ်ဖြတ်၍ စီမံချက်ပြုပါလော့”
ထိုနေ့မှစ၍ ရသကလည်း မင်းကြီး၏ အမိန့်အတိုင်း လှောင်အိမ်တွင်းမှ အကျဉ်းသားတို့ကို နေ့စဉ်ထုတ်ကာ သတ်

www.burmeseclassic.com



ဖြတ် ခုတ်ထစ်ပြီး ကောင်းစွာ စီမံချက်ပြုတ်လျက် မင်းကြီး ပွဲတော်တည်ရန် ဆက်သရလေ၏။

သို့ဖြင့် ကာလအတန်ငယ်ကြာလေသော် လှောင်အိမ်တွင်းမှ တစ်စ၊ တစ်စနှင့် ကုန်သွားလေတော့၏။ ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားလေသော်–

"အချင်း... ရသက၊ မစိုးရိမ်လင့် သင်သည် အသပြာ တစ်ထောင်ထုပ်ကို ခရီးလမ်းတို့၌ ချထားကာ ပုန်းကွယ်လော့၊ ထိုအသပြာထောင်ထုပ်အား ယူသောသူတို့ကို သူခိုးအဖြစ် ဖမ်းဆီးကာ သတ်ဖြတ်၍ စီမံလော့"

ဟု မိန့်လေ၏။ ရသကလည်း မင်းကြီးမိန့်သည့်အတိုင်း လုပ်ဆောင်လေ၏။ ကာလကြာသော် လူတို့လည်း အသပြာထောင်ထုပ်ကို မကောက်ယူကြတော့။ ထိုအခါ မင်းကြီးက–

"အချင်း... ရသက၊ ထိုသို့ဖြစ်ပါက ညသန်းခေါင်ယံကာလ၌ သူခိုးတို့ကိုလည်းကောင်း၊ လမ်းသွားလမ်းလာတို့ကိုလည်းကောင်း ဖမ်းဆီးသတ်ဖြတ်ကာ ဟင်းလျာအတွက် စီမံလော့"

ဟု မိန့်လေရာ၊ ရသကလည်း မင်းကြီး၏ အမိန့်အတိုင်း ပင် စီမံဆောင်ရွက်လေ၏။

ရသကလည်း လမ်းခရီး၌ လူတို့ကိုသတ်၍ လိုအပ်သမျှသော အသားတို့ကိုသာ ယူသွားသောအခါ လူသေကောင်တို့သည် ရုပ်ပျက်၊ ဆင်းပျက်ဖြင့် ကျန်ရစ်ကြကုန်၏။ ထိုအခါ လူတို့လည်း ငါ့အမိ၊ ငါ့အဖ၊ ငါ့ညီအစ်ကို၊ ငါ့ဆွေမျိုး၊ ငါ့

www.burmeseclassic.com



မိသားစု စသည်တို့ကို မမြင်ကြ၍ ငိုကြွေးမြည်တမ်းကြကုန်၏။ လိုက်လံ၍ ရှာဖွေသည့်အခါ အသားတို့ လှီးဖြတ်ခံထားရသော မိမိတို့နှင့် ပတ်သက်သူ၏ ရုပ်အလောင်းတို့ကို မြင်ရလျှင်–

"လူသားစားသောသူခိုးသည် အမှန်တကယ်ပင် ရှိပေလိမ့်မည်"

ဟု ဆိုကြကာ အလွန်ကြောက်ရွံ့ထိတ်လန့်ကြကုန်လျက် လမ်းသို့ပင် မထွက်ဝံ့အောင် ရှိကြကုန်၏။ ထိုအခါ လူအပေါင်းတို့သည် မင်းရင်ပြင်၌ စည်းဝေးကြလျက် လူသားစား သူခိုးအား ဖမ်းဆီး နှိမ်နင်းပေးပါရန် မင်းကြီးအား လျှောက်တင်ကြကုန်၏။ မင်းကြီးလည်း–

"အမောင်တို့က... ငါသည် သူခိုးကို အဘယ်မှာ သိနိုင်ပါမည်နည်း။ ငါကိုယ်တိုင် မြို့ကို လှည့်လည်၍ စောင့်ရှောက်ပါမည်"

ဟု မိန့်ဆိုလိုက်လေ၏။

ထိုအခါ တိုင်းသူပြည်သား အပေါင်းတို့လည်း–

"အချင်းတို့... ဗြဟ္မဒတ်မင်းကား တိုင်းပြည်၏ အကျိုးကို အလိုရှိဟန်မတူ၊ ငါတို့သည် ကာဠဟတ် စစ်သူကြီးကို သွားရောက် လျှောက်ထားကြကုန်အံ့"

ဟု အညီအညွတ် တိုင်ပင်ကြပြီးလျှင် ကာဠဟတ် စစ်သူကြီးထံသွား၍–

"အရှင်... စစ်သူကြီး၊ ယခုအခါ လူသားစား သူခိုး ရှိနေပါပြီ။ ထိုလူသားစား သူခိုးအား ဖမ်းဆီးပေးတော်မူပါလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းပန်လျှောက်ထားကြလေ၏။ ကာဠုဟာတ် စစ်သူကြီးလည်း–

"ကောင်းပေပြီ... အမောင်တို့ ငါ့အား ခုနစ်ရက်မျှ အချိန်ပေးလော့ ငါသည် လူသားစား သူခိုးအား ဖမ်းဆီးပေးပါမည်"

ဟု ဝန်ခံပြီး တိုင်းသူပြည်သားတို့အား နှစ်သိမ့်မှုပေးကာ ပြန်လွှတ်လိုက်လေ၏။ စစ်သူကြီးလည်း မင်းချင်းတို့ကို ခေါ်ယူ၍ အခြေအနေ အဖြစ်အပျက်အလုံးစုံကို ရှင်းလင်းပြောကြားလိုက်ပြီး–

"အမောင်တို့၊ လူသားစားသူခိုးကို ရှာဖွေဖော်ထုတ် ဖမ်းဆီးကြကုန်လော့"

အမိန့်ပေးလေ၏။

မင်းချင်းတို့လည်း ထိုအချိန်မှစ၍ နေ့ညမပြတ် အစောင့်များချကာ စုံစမ်းရှာဖွေကြကုန်၏။

ညဉ့်အခါရောက်လေသော် စားတော်ကဲ ရသကလည်း မြို့တွင်း အိမ်ခြံစပ်တစ်ခုမှ ကူးသန်းသွားလာသော မိန်းမတစ်ဦးကို သတ်ကာ လိုအပ်သမျှ အသားတို့ကို လှီးယူပြီး တောင်းအတွင်းသို့ ထည့်လေ၏။ ထိုအခါ ကင်းလှည့်လာသော မင်းချင်းတို့နှင့် ပက်ပင်းတိုး၍ ဖမ်းဆီးကာ ရိုက်ပုတ်ထုထောင်းကြလေ၏။ ထို့နောက် ရသကအား လက်ပြန်ကြိုးတုပ် ချည်နှောင်ပြီး အမဲတောင်းကို လည်တွင် ဆွဲစေလျက်–

"လူသားစားသူခိုးကို မိပြီ"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တညီတညာ အော်ဟစ်ကြွေးကြော်ကာ စစ်သူကြီး ထံသို့ ပို့လေ၏။ လူအပေါင်းတို့လည်း တစ်ခဲနက်မျှသော ကြွေးကြော်သံကို ကြားလျှင် ဝိုင်းအုံ ကြည့်ရှုကြကုန်၏။

စစ်သူကြီးလည်း ဖမ်းဆီးခြင်း ခံလာရသော စားတော်ကဲ ရသကနှင့်တကွ တောင်းအတွင်းမှ လူသားတို့ကို မြင်လျှင်–

"အချင်း... ရသက၊ သင်သည် အဘယ်ကြောင့် ဤကဲ့သို့သော ကြမ်းကြုတ်ရက်စက်သောအမှုကို ပြုရလေသနည်း။ သင်သည် မိုက်မဲလှစွာ ယောကျ်ား၊ မိန်းမ အပေါင်းတို့ကို သတ်ခဲ့၏။ သင်သည် အသားကို စားသောက်လို၍ သတ်သလော၊ ဥစ္စာငွေကြေးတို့ အလိုရှိ၍ သတ်လေသလော"

ဟုမေးလေ၏။ ထိုအခါ စားတော်ကဲ ရသကလည်း စစ်သူကြီးအား–

"အရှင်... စစ်သူကြီး၊ အရှင့်အား ကောင်းခြင်းမင်္ဂလာ ဖြစ်ပါစေ၊ အကျွန်ုပ်သည် အကျွန်ုပ်အတွက် သတ်ခြင်း မဟုတ်ပါ။ ဥစ္စာငွေကြေးတို့ကို အလိုရှိ၍လည်း သတ်ခြင်းမဟုတ်ပါ။ ဘုန်းတန်ခိုး ကြီးမားလှသော ပြည့်ရှင်မင်းကြီး ပွဲတော်တည်ရန်အတွက် သတ်ဖြတ်ရခြင်း ဖြစ်ပါ၏"

ဟူ၍ ထိမ်ချန်ကွယ်ဝှက်ခြင်းမရှိဘဲ အမှန်အတိုင်း လျှောက်ထားလေ၏။ ထိုအခါ စစ်သူကြီးလည်း စားတော်ကဲ ရသကအား–

www.burmeseclassic.com



"အချင်း... ရသကာ၊ သင်သည် မင်းကြီးအတွက် ဤကဲ့သို့ ပြုလုပ်ရိုးမှန်လျှင် နံနက်မိုးသောက် အလင်းရောက်သောအခါ မင်းကြီး၏ရှေ့တော်မှောက်တွင် အဟုတ်အမှန်အတိုင်း လျှောက်ထားဝံ့ပါသလော"

ဟု မေး၏။ စားတော်ကဲ ရသကလည်း–

"အရှင်စစ်သူကြီး၊ အကျွန်ုပ်သည် အမှန်အတိုင်း လျှောက်ထားဝံ့ပါ၏"

ဟု လျှောက်တင်လေ၏။

နောက်တစ်နေ့ နံနက်မိုးသောက်၍ အလင်းရောက်သည်ရှိသော် ကာဠဟတ်စစ်သူကြီးလည်း မှူးတော်၊ မတ်တော်၊ ပြည်သူအပေါင်းတို့နှင့် အညီအညွတ် အစည်းအလုံးဖြင့် တစ်မြို့လုံးကို လက်ရသိမ်းပိုက်ပြီးလျှင် ထကြွသောင်းကျန်းမှုများ မရှိရလေအောင် စစ်တပ်အစောင့်အရှောက်တို့ကို ခိုင်လုံစွာ ချထား၏။ ထို့နောက် အမဲတောင်းနှင့်တကွ စားတော်ကဲ ရသကကို ခေါ်လျက် နန်းတော်သို့ သွားလေ၏။

မင်းကြီးလည်း လွန်ခဲ့သော ညကပင် ညဉ့်စာ မစားရသေးသဖြင့်–

"ရသက၊ အဘယ်ကြောင့် မလာသေးပါလိမ့်၊ ရသက ယခုပင် လာလိမ့်မည်"

ဟု တွေးတောမှတ်ထင်ကာ တစ်ညဉ့်လုံး တမျှော်မျှော်ဖြင့် နံနက်မိုးသောက်သည့်တိုင်အောင် စားတော်ကဲ ရသကအား စောင့်မျှော်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် လူအပေါင်းတို့ အုတ်အုတ်ကျက်ကျက် ဖြစ်နေကြသော အသံတို့ကို ကြားရ၏။ သို့ဖြစ်၍ အကြောင်းမည်သို့ ရှိလိမ့်နည်းဟု စုံစမ်းရန် နန်းတော်လေသာတံခါးကိုဖွင့်၍ ကြည့်သည်ရှိသော် အမဲတောင်းနှင့်တကွ ရသကအား ဖမ်းဆီး ခေါ်ဆောင်လာသည်ကို မြင်ရလေ၏။ ဤတွင်–

"ငါတို့၏ လုပ်ရပ်အား ပြည်သူပြည်သားအပေါင်းတို့ သိကြချေပြီ"

ဟု မှတ်ယူကာ သတိတရားကို ဖြစ်စေလျက် ရာဇပလ္လင်၌ နေတော်မူလေ၏။

ကာဠဟတ် စစ်သူကြီးလည်း အမဲတောင်းနှင့်တကွ စားတော်ကဲ ရသကအား မင်းကြီး၏ ရှေ့တော်မှောက်သို့ ခေါ်ဆောင်၍–

"အရှင်မင်းကြီး... အရှင်မင်းကြီးသည် ရသကကို စေခိုင်းသည်မှာ မှန်ပါသလော၊ ဤစားတော်ကဲရသကသည် တိုင်းသူပြည်သား လူအများဖြစ်ကြသည့် ယောကျ်ား မိန်းမမရွေး လူတို့အား သတ်ဖြတ်ခဲ့၏။ အသားတို့ကို လှီးယူခဲ့၏။ ထိုအသားတို့ကို စားဖို့ဆောင်၌ ချက်ပြုတ်ကာ မင်းကြီးအား ဆက်၏။ မင်းကြီးသည် လူသားကို စားသည်ဟု ဆို၏။ ထိုကိစ္စ မှန်ပါသလော"

ဟု မေးလျှောက်လေ၏။ ထိုအခါ ဗြဟ္မဒတ်မင်းကြီးလည်း–

"အို... ကာဠဟတ် စစ်သူကြီး၊ ငါသည် ရသကကို အမှန်ပင် ခိုင်းစေခဲ့ပါ၏။ လူသားဟင်းလျာကို စားသည်

www.burmeseclassic.com

www.burmeseclassic.com



ဆိုခြင်းမှာလည်း အမှန်ပင်ဖြစ်၏။ ငါ၏ အကျိုးစီးပွား အား ပြုမူဆောင်ရွက်ပေးသော ဤရသကကို အဘယ် ကြောင့် ဖမ်းဆီးနှောင်တည်းကာ ရိုက်ပုတ်ရလေသနည်း" ဟု မကွယ်မဝှက် အမှန်ပင် ဟုတ်သည့်အတိုင်း ပြောကြား လေ၏။

ကာဠုဟာတ်စစ်သူကြီးလည်း မင်းကြီး၏စကားကို ကြား လျှင်-

"ဤမင်းကြီးကား မိမိကိုယ်တိုင် နှုတ်မှ မြွက်ကာ ဝန်ခံဘိ၏။ ငါ၏ အဆွေဖြစ်သော မင်းကြီးကား အံ့ဖွယ် ရှိပေစွတကား။ ဤမျှတာ ကာလပတ်လုံး လူတို့ကိုသတ်၍ စားဘိ၏။ မင်းကြီးကို ငါ တားမြစ်ရမည်"

ဟု ကြံစည်ကာ လျှောက်ထားလေ၏။

"အရှင်မင်းကြီး... လူသားစားခြင်းကား စက်ဆုပ်ဖွယ် ကောင်းပါ၏။ ထိုအမှုကို ဆက်၍ မပြုပါနှင့်"

"အို... ကာဠုဟာတ်၊ သင်သည် မည်ကဲ့သို့ ဆိုလိုက် လေသနည်း။ ဤရွေ့ဤမျှ ကောင်းမွန်သော လူသားကို ငါသည် မရှောင်ကြဉ်နိုင်"

"အရှင်မင်းကြီး... အရှင်မင်းကြီးသည် လူသားကို မရှောင်ကြဉ်နိုင်ပါက မိမိကိုသော်လည်းကောင်း၊ တိုင်းပြည် အလုံးစုံကိုသော်လည်းကောင်း ဖျက်ဆီးသည် မည်ပါလိမ့် မည်"

ထိုသို့ ကာဠုဟာတ် စစ်သူကြီးလည်း မင်းကြီးအား တင်း

www.burmeseclassic.com

www.burmeseclassic.com



တင်းမာမာပင် လျှောက်ထားလေ၏။ ထို့နောက် မင်းကြီး အမြင်မှန် ရစေရန်အတွက်–

"အရှင်မင်းကြီး... လူသားကို ရှောင်ကြဉ်ပါလော့။ လောက၌ ဓာတ်တူသားဟူသည် မစားကောင်းပါ။ ဓာတ်တူသားကို စားပါက ပျက်စီးတတ်ပါ၏။ ထိုသို့ ပျက်စီးရာ ပျက်စီးကြောင်းတို့ကို အရှင်မင်းကြီး ဆင်ခြင်နိုင်ရန်အတွက် အကျွန်ုပ် ပြောဆိုလျှောက်ထားပါအံ့"

ဟုဆိုလျက် 'ဓာတ်တူသားစား၍ ပျက်စီးရသော အာနန္ဒာငါးကြီး' အကြောင်းကို သာဓကဆောင်ကာ လျှောက်ထားလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

သမုဒ္ဒရာ၌ ငါးကြီး ခြောက်ကောင်တို့ ရှိကြကုန်၏။ ထိုငါးကြီးခြောက်ကောင်တို့ အနက်–

(၁) အာနန္ဒာငါးကြီး

(၂) တိမိနန္ဒာငါးကြီး

(၃) မဇ္ဈာရောဟငါးကြီး

စသည့် ဤငါးကြီးသုံးကောင်တို့သည် ယူဇနာ ငါးရာစီ ရှိကြကုန်၏။ ကျန်ငါးကြီးသုံးကောင်ဖြစ်သော–

(၁) တိမိင်္ဂလငါးကြီး

(၂) တိမိရပိင်္ဂလငါးကြီး

(၃) မဟာတိမိရပိင်္ဂလ ငါးကြီးသုံးကောင်တို့မှာမူ ယူဇနာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်စီ ရှိကြ၏။ အလုံးစုံသော ငါးကြီးတို့သည် ကျောက်စရစ်နှင့် ရေညှိကိုသာ စားကြကုန်၏။

အာနန္ဒာငါးကြီးမှာမူ သမုဒ္ဒရာနံပါးတစ်ဖက်၌ နေလေ၏။ များစွာသော ငါးအပေါင်းတို့သည် အာနန္ဒာငါးကြီးအား ဆည်းကပ်ဖူးမြော်ကြကုန်၏။

တစ်နေ့သ၌ ငါးအပေါင်းတို့သည် မင်းမရှိသဖြင့် တိုင်ပင်စည်းဝေးကြကာ အညီအညွတ်ပင် အာနန္ဒာငါးကြီးအား မင်းမြှောက်ကြကုန်၏။ ထိုအခါမှစ၍ နေ့ညမပြတ် အာနန္ဒာငါးကြီးထံ လာရောက်ကာ ဆည်းကပ် ခစားကြလေ၏။

တစ်ရက်တွင် အာနန္ဒာငါးကြီးသည် စားနေကျဖြစ်သော ကျောက်စရစ်၊ ရေညှိတို့ကိုစားရာ မမျှော်လင့်၊ မသိလိုက်ဘဲ ငါးတစ်ကောင်ကို စားမိလေ၏။ ထိုအခါ တစ်ကိုယ်လုံး ချောက်ချားသွားရလေ၏။ ဤတွင် 'အဘယ်ကြောင့် ဤမျှလောက် အရသာရှိလေရသနည်း' ဟု အန်ထုတ်၍ ကြည့်လတ်သော ငါးအသားတုံးကို မြင်လျှင်–

"ငါသည် ဤ၍ဤမျှ ကာလပတ်လုံး စားကောင်းမှန်း မသိခဲ့လေတကား"

ဟု တွေးတောမိပြီး မိမိထံ ဆည်းကပ် ခစားလာကြကုန်သော ငါးတို့အပြန်တွင် နောက်ဆုံးရှိငါးကို နေ့စဉ်ဖမ်းကာ စားသောက်လေတော့၏။ သို့ဖြင့် ကာလကြာသည်ရှိသော် ငါးတို့၏ အရေအတွက်မှာ သိသိသာသာ နည်းပါးလာလေ၏။

ထိုအခါ ငါးတို့သည် စည်းဝေးတိုင်ပင်ကြကုန်၏။ ဤတွင် ငါးပညာရှိ တစ်ကောင်က–

www.burmeseclassic.com

www.burmeseclassic.com



"အဆွေတို့... ငါသည် ငါးကြီးအာနန္ဒာ၏ အမူအရာကို မနှစ်သက်၊ ငါစုံစမ်းမည်"

ဟုပြောဆိုကာ ငါးတို့ အစာစားသွားသောအခါ ထိုပညာရှိငါးသည် အာနန္ဒာငါးကြီး နားရွက်ကြား၌ ပုန်းကွယ်ကာ နေလေ၏။ ငါးတို့ ပြန်သည်ရှိသော် အာနန္ဒာငါးကြီးသည် နောက်ဆုံးသော ငါးကို ဖမ်း၍ စားလေ၏။ ငါးပညာရှိလည်း ထိုမြင်ကွင်းကို ကိုယ်တိုင်မြင်ရ၍ တစ်ပါးသောငါးတို့ကို ပြန်လည် ပြောကြားလေ၏။ ငါးတို့လည်း သေဘေးမှ ကြောက်ရွံ့သဖြင့် ဆည်းကပ်ခြင်း မပြုတော့ဘဲ ဝေးရာသို့ ပြေးကြလေ၏။

အာနန္ဒာငါးကြီးကား တစ်ပါးသောအစာကို စား၍ မရ၊ ဓာတ်တူသား ငါးကိုသာလျှင် စွဲလမ်းတပ်မက်လေရာ တောင်ကို မြင်လျှင်–

"ငါးတို့သည် တောင်ကိုပတ်၍ ပုန်းနေကြလိမ့်မည်"

ဟူသောအထင်ဖြင့် တောင်ကို လှည့်ပတ်လေ၏။ ထိုသို့ တောင်ကို ပတ်သည်ရှိသော အမြီးတစ်ခုကို မြင်၏။ ထိုအမြီးကို မိမိအမြီးမှန်းမသိဘဲ အခြားသော ငါးတစ်ကောင်၏အမြီးဖြစ်မည်ဟု မှတ်ယူ၍ ယူဇနာငါးဆယ်မျှသော အမြီးပိုင်းကို ဟပ်ကာ ကိုက်ဖြတ်လေ၏။ ဤတွင် အလွန်ပြင်းထန်သော ဆင်းရဲဝေဒနာကို ခံစားရ၏။ သွေးတို့လည်း များစွာထွက်လေ၏။ ဤတွင် သွေးနံ့ကြောင့် အခြားသော သားစားငါးတို့ ရောက်ရှိ ဝိုင်းအုံလာကြကာ ကိုက်စားဝါးမျိုကြသည့်အတွက် ဓာတ်တူသား စားမိသော ငါးကြီးအာနန္ဒာလည်း ပျက်စီးခြင်းသို့ ရောက်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကာဠုဟာတ် စစ်သူကြီးလည်း အဆိုပါသာဓကကို ဆောင်ပြီးသည့်နောက်–

"အရှင်မင်းကြီး... ယခုလျှောက်ဆိုအပ်သော အာနန္ဒာငါးကြီးကား ဖာတ်တူသားကို စားမိ၍ ပျက်စီးရ၏။ ထို့ကြောင့် အရှင်မင်းကြီးလည်း လူသားစားခြင်းမှ ရှောင်ကြဉ်ပါလော့"

ဟူ၍ လျှောက်ထားတောင်းပန်လေ၏။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးလည်း စစ်သူကြီး၏ စကားကိုကြားလျှင်–

"အချင်း... ကာဠုဟာတ်၊ သင်သည်သာ ဤသာဓကကို သိသလော။ ငါလည်းသိ၏။ ရှေးအခါက ဇမ္ဗူ့သပြေသီးကို မရသဖြင့် အသက်ကိုစွန့်သွားသော သူကြွယ်သားကဲ့သို့ ငါလည်း လူသားကို မစားရသည်ရှိသော် အသက်ကိုသာစွန့်မည်။ လူသားကိုမူ မရှောင်ကြဉ်နိုင်"

ဟု မိန့်လျက် 'သုဇာတ သူကြွယ်သား' အကြောင်းကို ခွန်းဟ မိန့်ဆိုတော်မူလေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ သုဇာတမည်သော သူကြွယ်တစ်ဦးရှိလေ၏။ ထိုသူကြွယ်သည် ဟိမဝန္တာမှ ကြွလာသော ရသေ့ငါးရာတို့ကို မိမိ၏ဥယျာဉ် သီတင်းသုံးစေလျက် အမြဲပင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ကျွေးလေ၏။ ရသေ့တို့သည် ရံဖန်ရံခါ ဇနပုဒ်၌ ဆွမ်းခံ၍ စားကြကုန်၏။ ရံဖန်ရံခါ ဇမ္ဗူသပြေသီးကို ယူဆောင်၍ စားကုန်၏။

တစ်နေ့သ၌ သူကြွယ်သည် သားငယ်ကို လက်ဆွဲလျက် ရသေ့တို့ထံ ဆည်းကပ်ရန် သွားလေ၏။ ထိုအခါ ရသေ့တို့သည် ဇမ္ဗူသပြေသီးကို စား၍ နေကြကုန်၏။ ထိုအခါ သူကြွယ်လည်း–

"အရှင်ရသေ့... အရှင်တို့ ယခုစားနေသော အသီးကား မည်သို့ခေါ်ပါသနည်း"

ဟု မေးလျှောက်လေ၏။ ဤတွင် ရသေ့တို့ကလည်း–

"ဒကာ သူကြွယ်... ယခု ငါတို့စားနေသော အသီးကား ဇမ္ဗူသပြေသီး ဖြစ်၏"

ဟု ဖြေကြားလေ၏။

ထိုစကားကို ကြားလျှင် သူကြွယ်၏သား သူငယ်လည်း စားလိုသောချင်ခြင်း ဖြစ်လာခဲ့၏။ ထိုအခါ ရသေ့ကြီးလည်း ဇမ္ဗူသပြေသီး အနည်းငယ်အား ပေး၍ စားစေ၏။ သူငယ်လည်း ဇမ္ဗူသပြေသီးကို စားရလျှင် အလွန်ပင် နှစ်သက်တပ်မက်ရလေကား–

"ဇမ္ဗူသပြေသီးပေး... ဇမ္ဗူသပြေသီးပေး"

ဟူ၍ အဖန်ဖန်ပင် တောင်းရမ်း ပူဆာလေတော့၏။

ထိုအခါ သူကြွယ်လည်း–

"ချစ်သား... အိမ်ရောက်လျှင် စားရပါစေမည်"

www.burmeseclassic.com

www.burmeseclassic.com



ဟု လှည့်စားကာ ရသေ့တို့ကို မပန်ကြားတော့ဘဲ အိမ်သို့ ပြန်လာခဲ့တော့၏။ သူငယ်လည်း အိမ်ရောက်လျှင်–

"ဇမ္ဗူ့သပြေသီးပေး... ဇမ္ဗူ့သပြေသီးပေး"

ဟူ၍သာ တောင်းရမ်းပူဆာ ငိုကြွေးနေတော့၏။

ထိုအခါ သူကြွယ်လည်း ကြံရာမရတော့သဖြင့် ရသေ့တို့ ထံသွား၍ ပြောကြားဦးမည်ဟုဆိုကာ ဥယျာဉ်သို့ သွားလေ၏။ ထိုအခါ ရသေ့တို့လည်း ဟိမဝန္တာသို့ ပြန်ကြွသွားခဲ့ပြီဖြစ်၍ ရသေ့တို့အား မတွေ့မမြင်ရတော့ပေ။

ဤတွင် သူကြွယ်လည်း အိမ်သို့ပြန်လာခဲ့ရာ သူငယ်ကို ချော့မော့ပြီး သပြေသီး၊ သရက်သီး၊ ပိန္နဲသီး၊ ငှက်ပျောသီး စသည့်တို့ကို ပျားသကာနှင့် နယ်ကာ ကျွေးလေ၏။ သူငယ်ကား မစားချေ။ ဇမ္ဗူ့သပြေသီးကိုသာ တမ်းတ အော်ဟစ်နေလေ၏။ ဤနည်းဖြင့် ခုနစ်ရက်တိုင်တိုင် အစာမစားဘဲ အစာအာဟာရ ပြတ်ကာ သေပွဲဝင်လေ၏။

ဤသို့ ဗြဟ္မဒတ်မင်းကြီးက သုဇာတ သူကြွယ်သား၏ အဖြစ်ကို သာဓကဆောင်လေသော် ကာဠဟတ် စစ်သူကြီးလည်း မင်းကြီး၏ တင်းမာမှုကို ဖြေဖျောက်ရန်–

"အရှင်မင်းကြီး... အကျွန်ုပ်သည် အရှင်မင်းကြီးအား 'သောတ္တိယအမျိုးသား' ၏ အကြောင်းကို သာဓက ဆောင်ပါမည်။ ရွှေနားပန်ဆင်တော်မူပါလော့" ဟု လျှောက်ထားကာ အောက်ပါအတိုင်း သာဓက ဆောင်လေသတည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com



ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ ငါးပါးသီလကို စောင့်ထိန်းကြကုန်သော သောတ္တိယ အမျိုးအနွယ် ရှိလေ၏။ ထိုအမျိုးအနွယ်၌ လုလင် တစ်ဦး ရှိလေ၏။

ထိုလုလင်သည် မိဘတို့အား ရှိသေချစ်မြတ်နိုး၏။ ပညာရှိ၏။ လိမ္မာ၏။ ဗေဒင်သုံးပုံကို တစ်ဖက်ကမ်းခတ် တတ်မြောက်၏။ ထိုလုလင်သည် အရွယ်တူဖြစ်သော လုလင်တို့နှင့် အပေါင်းအသင်းဖွဲ့ကာ နေလေ၏။ ထိုအပေါင်းအသင်း လုလင်တို့ကား ငါး၊ အမဲကိုလည်း စားသောက်ကုန်၏။ သေအရက်ကိုလည်း သောက်ကြကုန်၏။ သောတ္တိယ အမျိုးသားလုလင်ကား ငါး၊ အမဲတို့ကိုလည်း မစား၊ သေအရက်ကိုလည်း မသောက်ချေ။

တစ်နေ့သ၌ အပေါင်းအသင်း လုလင်တို့သည်–

"အမောင်တို့... သောတ္တိယလုလင်သည် ငါတို့ကဲ့သို့ သေရည်မသောက်။ သို့ဖြစ်၍ ၎င်းအား သေအရက်ကို ဥပါယ်တံမျဉ်ဖြင့် သောက်စေမည်"

ဟု အညီအညွတ် တိုင်ပင်ကြ၏။ ထို့နောက် သောတ္တိယ လုလင်အား–

"အဆွေ... ငါတို့ သဘင်ကစား သွားကြမည်။ လိုက်ခဲ့ပါလော့"

ဟု ဖိတ်ခေါ်လေ၏။

ထိုအခါ သောတ္တိယလုလင်လည်း–

"အဆွေတို့... သင်တို့သာ သဘင်ကစား သွားကြလော့၊ သေအရက်ကို သောက်ကြလော့။ ငါကား သဘင်

www.burmeseclassic.com

www.burmeseclassic.com



ကစားလည်း မသွားလို၊ သေအရက်လည်း မသောက်လိုပါ” ဟု ပြောဆိုလေ၏။ ထိုအခါ လုလင်အပေါင်းက–

“အဆွေ… သောတ္တိယ၊ ငါတို့နှင့် လိုက်ခဲ့ပါ။ သင့်အတွက် နို့ရည်ကို ယူခဲ့ပါမည်”

ဟု ပြောဆိုပြီး ဥယျာဉ်သို့ ခေါ်ဆောင်သွားကြလေ၏။

ဥယျာဉ်သို့ ရောက်လျှင် သေသောက်ကြူး လုလင်တို့သည် သေအရက်ကို ပဒုမ္မာကြာရွက်ဖြင့် ထုပ်၍ ထားလေ၏။ သေအရက်သောက်ကြသောအခါ သောတ္တိယ လုလင်အား နို့ရည်ကို ပေးကြကုန်၏။ ထို့နောက် လုလင်တစ်ယောက်သည်–

“အချင်းတို့… ကြာမှဖြစ်သော ပျားရည်ကို ယူခဲ့ကြကုန်”

ဟု ဆိုလေ၏။ ဤတွင် ပဒုမ္မာကြာရွက်ထုပ်ကိုယူ၍ အောက်မှဖောက်ကာ လက်တို့ဖြင့် ခံတွင်း၌ထားလျက် စုပ်ယူကြကုန်၏။ တစ်ပါးသောလုလင်တို့လည်း ထိုနည်းတူ စုပ်ယူကြကုန်၏။

သောတ္တိယလုလင်သည် သေအရက်ဟု မထင်ဘဲ အပေါင်းအသင်းလုလင်တို့၏ အခြင်းအရာကို မြင်လျှင် မေးကြည့်ရာ ‘ကြာပျားရည်’ ဟု ပြောကြကုန်၏။ ထိုအခါ–

“အဆွေတို့… ငါ့ကိုလည်း အနည်းငယ် ပေးကြပါလော့”

ဟု တောင်းခံ၏။ လုလင်တို့ကလည်း ပေးကြ၏။ ထိုအခါ သောတ္တိယလုလင်လည်း ကြာမှဖြစ်သော ပျားရည်အမှတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သေအရက်ကို သောက်မိလေ၏။ ဤတွင် လုလင်တို့လည်း မီးကျိုးခဲ၌ ကင်ထားသော အသားတို့ကို ပေးကြကုန်၏။ သောတ္ထိယလုလင်လည်း စားလေ၏။

လုလင်တို့လည်း အဖန်ဖန်သောက်၍ မူးယစ်လာသောအခါ ကြာမှဖြစ်သော ပျားရည်မဟုတ်၊ သုရာ အရက်ဖြစ်ကြောင်း ပြောလေ၏။ ထိုအခါ သောတ္ထိယလုလင်လည်း-

"အဆွေတို့... ဤမျှလောက်ကြာအောင် အရသာတို့တွင် အထူးမြတ်ဆုံးဖြစ်သော အရသာကို ငါမသိခဲ့ချေ။ ငါ့အား သေအရက်ကို ပေးကြပါဦး"

ဟူ၍ တောင်းခံလေ၏။ လုလင်တို့လည်း ပေးကြကုန်၏။ သေအရက်ကုန်သည်ရှိသော် ထပ်မံဝယ်ယူရန်အတွက် သောတ္ထိယလုလင်လည်း မိမိ၏လက်စွပ်ကို ချွတ်ကာ သွားရောက် ဝယ်ယူရန် ပေးလေ၏။ ဤသို့ဖြင့် တစ်နေ့လုံး သောက်ကြ၏။ ညနေချမ်း ရောက်လေသော် မူးယစ်ကြသဖြင့် ယိမ်းယိုင် တုန်လှုပ်လျက် အထူးထူးအထွေထွေ ရေရွတ်မြည်တမ်း၍ မျက်လုံးမျက်ဆံတို့ ရဲရဲနီကာ အိမ်သို့ ပြန်ပြီး အိပ်စက်ကြကုန်၏။

သောတ္ထိယလုလင်၏ ဖခင်သည် သားဖြစ်သူ သေအရက်သောက်လာမှန်းသိ၏။ သောတ္ထိယအမူးပြေလာသည်ရှိသော်-

"ချစ်သား... သင်သည် သေအရက်ကို မသောက်စဖူး သောက်လာခဲ့၏။ ငါတို့ သောတ္ထိယအမျိုး၌ သေအရက်သောက်သူ မရှိ။ အမျိုးပျက်စီးပါအံ့။ မသောက်ပါနှင့် ချစ်သား"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ဆုံးမတားမြစ်လေ၏။

ထိုအခါ သောတ္တိယလည်း–

"အို... ဖခင်၊ သေအရက်ကို သောက်သဖြင့် မည်သည့်အပြစ် ရှိလေသနည်း။ ဤမျှလောက်ကောင်းသော ရသာအထူးကို မသောက်စဖူးပါ"

ဟုဆို၏။ ဖခင်ကလည်း အဖန်ဖန် တားမြစ်၏။ သားကလည်း မပယ်၊ မစွန့်နိုင်။ မည်ရွေ့မည်မျှပင် ဖခင်ကား ဆိုဆုံးမသော်လည်း သားသည် လက်မခံဘဲ ငြင်းပယ်နေလေ၏။

ထိုအခါ ဖခင်လည်း ဆိုဆုံးမ၍ မရတော့သည့်အဖြစ်ကြောင့် သောတ္တိယလုလင်အား တရားရုံးသို့ ခေါ်သွားကာ တရားသူကြီးတို့ထံ၌ သားအဖြစ်မှ ပယ်ဖျက်စွန့်လွှတ်ကြောင်း ပြောကြားပြီး အိမ်မှ နှင်ထုတ်လေ၏။

သောတ္တိယလုလင်လည်း သေအရက်ကိုသာ ခုံမင်သဖြင့် ယစ်ထုပ်ကြီးဘဝသို့ရောက်ကာ နောက်ဆုံး၌ မည်သည့်အကူအညီ အထောက်အပံ့တို့မှ မရှိတော့သည့်အတွက် အထီးကျန်ရတော့၏။ နောက်ဆုံး စုတ်ပြတ်သော အဝတ်အစားတို့ဖြင့် ခွက်လက်စွဲကာ တောင်းရမ်း အသက်မွေးပြီး အိမ်နံရံတစ်ခုတွင် မှီ၍ သေလွန်ရလေ၏။

ထိုသာဓကကို ဆောင်ပြီးသည်ရှိသော် ကာဠဟာတ် စစ်သူကြီးလည်း–

"အရှင်မင်းကြီး... အကျွန်ုပ် လျှောက်ထားပြီးခဲ့သော သောတ္တိယလုလင်သည် သုရာသေအရက်ကို မရှောင်ကြဉ်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဖခင်၏အိမ်မှ နှင်ထုတ်ခြင်းကိုခံရ၍ ပျက်စီးဆုံးရှုံး သေပွဲဝင်ရသကဲ့သို့ အရှင်မင်းကြီးသည်လည်း လူသားကို မရှောင်ကြဉ်လျှင် တိုင်းပြည်မှ နှင်ထုတ်ခြင်းခံရ၍ ပျက်စီး သေဆုံးရလိမ့်မည်”

ဟု သတိပေး လျှောက်ထားလေ၏။

“အို... စစ်သူကြီး၊ သင် သာကေ ဆောင်သကဲ့သို့ ငါသည်လည်း နတ်သမီးတို့ကို မရသဖြင့် အသက်ကို စွန့်သည့် သာကေကို ဆောင်ဦးအံ့”

ဟုဆိုကာ သုဇာတ သူကြွယ်အကြောင်းကို မိန့်ကြားပြန် လေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

ဗာရာဏသီပြည်၌ သုဇာတအမည်ရှိ သူကြွယ်တစ်ဦး ရှိ လေ၏။

တစ်နေ့သ၌ သုဇာတ သူကြွယ်သည် ဆရာရသေ့တို့ ပြန် ကြွလာခြင်း ရှိမရှိကို သိရန်အတွက် ဥယျာဉ်သို့သွား၍ စုံစမ်း လေ၏။ ဆရာရသေ့တို့ ပြန်ကြွလာသည်ကို အဆင်သင့် တွေ့ရှိ ရလေသော် ဝမ်းမြောက်ဝမ်းသာဖြစ်၍ လုပ်ကျွေးလေ၏။ ထို့နောက် ရှိခိုးဝတ်ပြု၍ တရားတော်ကို နာယူလေ၏။ တရား တော်ကို နာယူစဉ် နေဝင်သဖြင့် အိမ်သို့ မပြန်နိုင်တော့ဘဲ ဥယျာဉ်အတွင်းရှိ ရသေ့တို့၏ ကျောင်းသခ်မ်းမှာပင် အိပ်စက် လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်အခါ ရောက်သည်ရှိသော် သိကြားမင်းသည် အလုပ်အကျွေး နတ်သမီးအပေါင်း ခြံရံလျက် ရသေ့တို့ထံ ဖူးမြော်ရန် ရောက်ရှိလာ၏။ ရသေ့တို့၏ ကျောင်းသခ်မ်းအလုံးစုံလည်း နတ်တို့၏ အရောင်အဝါဖြင့် လင်းထိန်နေလေ၏။

ထိုအခါ သုဇာတ သူကြွယ်သည်–

"ဤအလင်းအရောင်တို့ကား မည်သည့် အလင်းရောင်တို့ပေနည်း"

ဟူ၍ ထကာ ကြည့်လေသော် သိကြားမင်းနှင့်တကွ လွန်စွာလှပသည့် နတ်သမီးတို့ကို မြင်တွေ့ရလေ၏။ ဤတွင် နတ်သမီးတို့အပေါ်၌ တပ်မက်သော ရာဂစိတ်တို့ အလွန်အမင်းဖြစ်ပေါ်လာခဲ့၏။ သိကြားမင်းလည်း တရားတော်ကို နာကြားပြီးသည်ရှိသော် နတ်သမီး အခြွေအရံတို့နှင့်တကွ မိမိနေရာ တာဝတိံသာသို့ ပြန်လေ၏။

ထိုအခါ သုဇာတ သူကြွယ်လည်း မေးမြန်းလေ၏။

"အရှင်ရသေ့တို့... မိုးသောက်ထအခါ၊ ညဉ့်အခါ ဤကျောင်းသခ်မ်းသို့ ရောက်ရှိလာကြသူတို့ကား အဘယ်သူများ ဖြစ်ကြပါသနည်း"

ထိုအခါ ရသေ့တို့က–

"သူကြွယ်ဒကာ... ထိုသူတို့ကား သိကြားမင်းနှင့် နတ်သမီးတို့ ဖြစ်ကြ၏။

ဟူ၍ ပြောဆိုလေ၏။ သုဇာတလည်း ရသေ့တို့အား ရှိခိုးပြီး၍ အိမ်သို့ ပြန်ရောက်သည်ရှိသော်–

www.burmeseclassic.com

www.burmeseclassic.com



"နတ်သမီးတို့အား ငါ့ကိုပေးလော့၊ နတ်သမီးတို့အား ငါ့ကိုပေးလော့"

ဟူ၍ တစာစာ ဟစ်ကြွေးမြည်တမ်းရင်း တောင်းခံနေလေ၏။

ထိုအခါ ဆွေမျိုးသားချင်း မိသားစုအပေါင်းတို့ ရောက်ရှိလာကြကာ–

"ဖုတ်ဝင်နေသလော"

ဟု အချင်းချင်း စူးစမ်းနေကြကုန်၏။ ထိုအခါ သုဇာတလည်း–

"အချင်းတို့... ငါကား၊ ဖုတ်ဝင်နေသူမဟုတ်။ လူ့ပြည်၌ မည်သည့်မိန်းမကိုမျှ မယူလို၊ တာဝတိံသာမှ နတ်သမီးတို့ကို ပိုင်ဆိုင်လို၏"

ဟု ပြောဆိုလေ၏။

ဤတွင် ဆွေမျိုးသားချင်းတို့လည်း အထွေထွေ အခြင်းအရာတို့ကို ကြည့်ရှု၍ တိုင်ပင်ဆွေးနွေးကြပြီးနောက် သုဇာတ၏ မယားကိုလည်းကောင်း၊ ပြည့်တန်ဆာမကိုလည်းကောင်း နတ်သမီးကဲ့သို့ တန်ဆာဆင်ပေးကြကုန်၏။

ထိုအခါ သုဇာတလည်း–

"ဤသူတို့ကား နတ်သမီးများ မဟုတ်ကြကုန်။ ဘီလူးမများသာ ဖြစ်ကြ၏"

ဟုပြောဆိုကာ နတ်သမီးတို့ကိုသာ တစာစာ တောင်းခံလျက် အစာရေစာတို့ ကင်းပြတ်ပြီး အသက်စွန့်သွားရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း ထိုသာစကာကို ဆောင်ပြီးနောက်–

"အို... စစ်သူကြီး ကာဠုဟာတ်၊ ငါပြောဆိုအပ်သော ဝတ္ထုကို ကြားပြီမဟုတ်လော။ သုဓာတသူကြွယ်လည်း နတ်သမီးကို မရသဖြင့် အသက်ကို စွန့်သကဲ့သို့ ငါသည် လည်း အရသာတကာတို့ထက် မွန်မြတ်သော လူသား အရသာကို မရသည်ရှိသော် အသက်ကို စွန့်တော့အံ့" ဟု တင်းမာစွာ ပြောကြားလေ၏။

ထိုအခါ ကာဠုဟာတ် စစ်သူကြီးလည်း–

"အရှင်မင်းကြီး... ဇာတ်တူသားစား၍ ပျက်စီးရသော ဟင်္သာကိုးသောင်း ပျက်စီးရသော သာစကာကို ဆောင်ပါဦးအံ့"

ဟု ဆိုကာ ဟင်္သာကိုးသောင်းဇာတ်ကို လျှောက်ထားပြန် လေသတည်း။

* * *

ရှေး... လွန်လေပြီးသောကာလ။

စိတ္တကုဋ်တောင်ရှိ ရတနာရွှေဂူ၌ စေတရဋ္ဌမျိုး၌ဖြစ်သော ဟင်္သာကိုးသောင်းတို့သည် အညီအညွတ် နေထိုင်ကြကုန်၏။

ထိုဟင်္သာတို့သည် မိုးတွင်းကာလပတ်လုံး ရေပြည့်နေသဖြင့် ရေထဲသို့ ကျမည်စိုးသောကြောင့် ပြင်ပသို့ မထွက်ကြကုန်။ မိုးကာလနီးသောအခါ ဇာတသ္သရအိုင်မှ အလိုလိုပေါက်သော သလေးစပါးတို့ကို ဆောင်ယူ၍ထားကာ တစ်မိုးတွင်လုံး စားကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဟင်္သာတို့နေရာ ရွှေဂူတံခါးဝ၌ လှည်းဘီးပမာရှိသော ပင့်ကူကြီးတစ်ကောင်ရှိ၏။ ထိုပင့်ကူကြီးသည် တစ်လ၊ တစ်လ ၌ တစ်ခု၊ တစ်ခုသော အမြွေးချည်မျှင်တို့ဖြင့် ဖွဲ့၏။ ထိုချည်မျှင်သည် နွားချည်သောကြိုးပမာအား ရှိ၏။ ဟင်္သာတို့သည် ပင့်ကူးမြွေးကွန်ရက်ကို ဖောက်ရန် ဟင်္သာပျိုနှစ်ကောင်တို့ကို အစာနှစ်ဆပေး၍ မွေးမြူထားကြကုန်၏။ ထိုဟင်္သာပျိုတို့သည် မိုးလကုန်သည်ရှိသော် ပင့်ကူမြွေးကွန်ရက်တို့ကို ဖောက်ကြကုန်၏။ ဟင်္သာတို့လည်း ထိုအပေါက်မှ ထွက်ကြကုန်၏။

အခါတစ်ပါး၌ မိုးသည် လေးလနှင့်မစဲဘဲ ငါးလတိုင်အောင် ရွာသွန်းလေ၏။ ဟင်္သာတို့လည်း အစာအာဟာရ ကုန်သည်ရှိသော် မည်ကဲ့သို့ ပြုလုပ်ရပါအံ့နည်းဟူ၍ တိုင်ပင်ကြရာ–

"အချင်းတို့... ငါတို့ အသက်ရှင်ကုန်သည်ရှိသော် ဥတို့ ရကြပါအံ့"

ဟုဆိုကာ ရှေးဦးစွာ ဥတို့ကို စားကြလေ၏။ ဥတို့ ကုန်သည်ရှိသော် ဟင်္သာငယ်တို့ကို စားကြကုန်ပြန်၏။ ဟင်္သာငယ်တို့ကုန်လျှင် ဟင်္သာအိုတို့ကို စားကြပြန်၏။ ကာလလွန်လေသော် ပင့်ကူသည် ငါးခုသော အမြွေးကွန်ရက်တို့ကို ဖွဲ့မိလေ၏။

ဟင်္သာတို့သည် ဇာတ်တူသားကို စားကြသောကြောင့် အင်အားနည်းပါးလာကြ၏။ ဤတွင် နှစ်ဆ စားထားသော ဟင်္သာပျိုတို့သည်ပင်လျှင် ပင့်ကူကွန်ရက်ကို ဖောက်သောအခါ လေးထပ်သာ ပေါက်တော့၏။ ငါးထပ်သို့ မပေါက်လေသော်

www.burmeseclassic.com

www.burmeseclassic.com



မဖောက်နိုင်တော့ဘဲ ပင့်ကူက ဖမ်းမိလေ၏။ ထိုအခါ ပင့်ကူလည်း ဟင်္သာပျိုတို့၏ ခေါင်းကို ဖြတ်ကာ အသွေးကို သောက်လေ၏။ အခြားဟင်္သာတို့လည်း ကွန်ရက်ကို ဖောက်ကြသည့်တိုင် မပေါက်နိုင်ဘဲ အမိခံကြရလေ၏။ ပင့်ကူကြီးလည်း အလုံးစုံသော ဟင်္သာတို့ကို သတ်ဖြတ်ကာ သွေးကို သောက်လေ၏။ ထိုအခါ ဓတရဋ္ဌ ဟင်္သာမျိုးသည် ပြတ်လေတော့၏။

ဤသာဓကကို ဆောင်ပြီးနောက် ကာဠဟတ် စစ်သူကြီးလည်း–

"အရှင်မင်းကြီး... ယခု လျှောက်တင်အပ်သော ဟင်္သာကိုးသောင်းဝတ္ထုကို သင်စဉ်းစားယူပါလော့၊ ဇာတ်တူဖြစ်သော လူသားကို မစားပါနှင့်၊ ရှောင်ကြဉ်တော်မူပါ။ မရှောင်ကြဉ်ပါက မင်းကြီးအား ဤတိုင်းပြည်မှ နှင်ထုတ်ကြပါလိမ့်မည်"

ဟု တင်လျှောက်လေ၏။

ထိုအခါ ဗြဟ္မဒတ်မင်းကြီးလည်း တစ်ပါးသော ပုံဝတ္ထုကို သာဓက ဆိုပြန်၏။ ဤတွင် တိုင်းသူပြည်သားတို့လည်း စုဝေးရောက်ရှိလာကြပြီး–

"အရှင်... စစ်သူကြီး၊ လူသားစား သူခိုးကို မည်သို့ပြုလေသနည်း။ ယခုလောက် ကြာမြင့်အောင် အဘယ်ကြောင့် ထားနေရသနည်း။ တားမြစ်နေရသနည်း။ လူသားကို ရှောင်ကြဉ်လျှင် ရှောင်ကြဉ်၊ မရှောင်ကြဉ်ပါက သူခိုးမင်းကို တိုင်းပြည်မှ ယခုပင် အမြန် နှင်ထုတ်တော်မူပါလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တင်းမာစွာ အရေးဆိုလာကြ၏။ ဗြဟ္မဒတ်မင်းကြီးလည်း တိုင်းသူပြည်သားတို့၏စကားကို ကြားရလျှင် ကြောက်ရွံ့ တုန်လှုပ်ကာ စကားမဆိုဝံ့ချေ။

ဤတွင် ကာဠဟတ် စစ်သူကြီးလည်း–

"အရှင်မင်းကြီး... အသို့နည်း၊ လူသားကို ရှောင်ကြဉ်နိုင်သလော၊ မရှောင်ကြဉ်နိုင်သလော"

ဟု မေးလျှောက်လေ၏။ ထိုအခါ မင်းကြီးလည်း–

"ကာဠဟတ်စစ်သူကြီး... ငါသည် လူသားကို မရှောင်ကြဉ်နိုင်ပါ"

ဟု ပြတ်သားစွာ ပြောလေ၏။ ဤတွင် ကာဠဟတ် စစ်သူကြီးလည်း–

"အရှင်မင်းကြီး... အလုံးစုံသော ကိုယ်လုပ်မောင်းမတို့ကိုလည်းကောင်း၊ သားတော် သမီးတော်တို့ကို လည်းကောင်း၊ ဆင်မြန်းထားသော တန်ဆာတို့ကိုလည်းကောင်း၊ မျိုးတော် မတ်တော်တို့ကိုလည်းကောင်း၊ မင်းစည်းစိမ်ကို လည်းကောင်း ကြည့်ရှုတော်မူပါလော့... မပျက်စီးစေပါနှင့်။ လူသားကို ရှောင်ကြဉ်တော်မူပါ"

ဟူ၍ လျှောက်လေ၏။ ထိုအခါ မင်းကြီးလည်း–

"ကာဠဟတ်... ဤစည်းစိမ်တို့ကို လူသားလောက် ငါသည် မချစ်၊ မနှစ်သက်ကုန်"

ဟု ဆိုလေ၏။

"အရှင်မင်းကြီး... ထိုသို့ဆိုပါက အရှင်မင်းကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



ဤမြို့မှလည်းကောင်း၊ ဤတိုင်းပြည်မှလည်းကောင်း ယခုပင် အမြန်ထွက်တော်မူပါလော့"

ဟု တင်းမာစွာ လျှောက်ထားလေ၏။

ထိုအခါ မင်းကြီးသည် ကာဠဟတ်စစ်သူကြီးအား–

"အချင်း... ကာဠဟတ်၊ ငါသည် မင်းစည်းစိမ်ကို အလိုမရှိ။ ယခုပင် ထွက်တော့အံ့။ ငါ့အား သန်လျက် တစ်ခု၊ လူသားချက်ရန် အိုးတစ်လုံး၊ လူသားထည့်ရန် တောင်းတစ်လုံးနှင့် စားတော်ကဲ ရသကအား ပေးပါလော့"

ဟု တောင်းဆိုလေ၏။ တောင်းဆိုသမျှ အလုံးစုံကို ရလျှင် ရသက စားတော်ကဲနှင့်တကွ မြို့တော်မှထွက်၍ တောသို့ဝင်ကာ ညောင်ပင်ကြီး တစ်ပင်ရင်း၌ နေရာထိုင်ခင်းပြုလုပ်ကာ နေလေ၏။

ထို့နောက် တောအုပ်သို့ ရောက်လာသော သူတို့ကို ကိုယ်တိုင်ထွက်၍ သတ်ဖြတ်ကာ ရသကအား ပေးလေ၏။ ရသကလည်း လူသားအား ချက်ပြုတ်၍ မင်းကြီးအား ဆက်သ၏။ ၎င်းကိုယ်တိုင်လည်း လူသားကိုပင် စားသောက်၏။ သို့ဖြင့် မင်းကြီးနှင့် ရသကတို့သည် အသက်မွေးမြူကြကုန်၏။

ထိုမင်းကြီးသည် လူတို့ကိုမြင်၍ ဖမ်းသောအခါ၌–

"ငါကား... လူကိုသတ်ဖြတ်၍ စားသောက်သော ပေါရိသာဒ ဖြစ်၏"

ဟု အော်ဟစ်ကြိမ်းဝါးလျက် မိမိအမည်ကို ကြွေးကြော်၏။ ထိုသို့ အော်ဟစ်ကြွေးကြော်ပြီးလိုက်လေသည်ရှိသော် တစ်စုံ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်သောသူမျှ လွတ်မြောက်အောင် ထွက်မပြေးနိုင်ကြဘဲ မြေကြီး၌ ဟပ်ထိုးလဲကျကြကုန်၏။ ပေါရိသာဒလည်း ထိုသူတို့အနက်မှ အလိုရှိရာကိုဖမ်း၍ ဦးခေါင်းဖောက်ထိုး၊ ခြေကို မိုးမျှော်ထားကာ သတ်ဖြတ်ပြီးလျှင် အသားတို့ကို လှီးဖြတ်၍ ရသကကို ပေးလေ၏။ ရသကလည်း ချက်ပြုတ်ပြီး ဆက်သ၏။

တစ်နေ့သ၌ တောတွင်း၌ ဖြတ်သွားဖြတ်လာ လူမရှိ၍ ပေါရိသာဒလည်း လူသားကို မရဘဲ ပြန်လာခဲ့၏။ ဤတွင် စားတော်ကဲ ရသကလည်း–

"အရှင်မင်းကြီး... မည်သို့ လုပ်ရမည်နည်း"

ဟု မေးလေ၏။ ပေါရိသာဒလည်း ဆိုလေ၏။

"ရသက... မီးမွေး၍ ခုံလှောက်၌ အိုးကို တည်ထားလော့"

"အရှင်မင်းကြီး... ချက်ပြုတ်ရန် လူသား အဘယ်မှာနည်း"

"ရသက... မပူနှင့်။ ရပါလိမ့်မည်။ မီးကို မွေး၍ တည်သာတည်ပါ"

ထိုသို့ဆိုလေသော် ရသကလည်း 'မုချ... ငါ့ကိုသတ်၍ စားတော့မည်' ဟု ရိပ်စားမိကာ ကြောက်ရွံ့ ထိတ်လန့်တုန်လှုပ်လျက် မီးမွေးကာ ခုံလှောက်၌ အိုးကို တည်လေ၏။ မင်းကြီးလည်း ထိုနေ့မှာပင် ရသကကို သတ်၍ အသားကိုချက်ကာ စားလေ၏။ ထိုနေ့မှစ၍ ပေါရိသာဒလည်း အထီးကျန် တစ်ယောက်တည်း ဖြစ်လေ၏။ ထိုအခါမှစ၍ ပေါရိသာဒလည်း

www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားသောသူတို့ကို သတ်၍ စားသည်ဟူသော သတင်းမှာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ထင်ရှားလေ၏။

* * *

အခါတစ်ပါး၌ စည်းစိမ်ဥစ္စာ ပြည့်စုံကြွယ်ဝသော ပုဏ္ဏား တစ်ယောက်သည် ကုန်သွယ်ရန်အတွက် လှည်းငါးရာဖြင့် ခရီး ထွက်လေ၏။

"တောတွင်း၌ ပေါရိသာဒသည် လူကိုသတ်၍ စား သည်ဟု ဆို၏။ ငါနှင့် ပက်ပင်းတိုးပါက ၎င်းအား ဥစ္စာ တို့ကိုပေး၍ တောအုပ်ကို လွန်စေမည်"

ဟု ကြံစည်ကာ တောအုပ်ဝသို့ရောက်လျှင် လူတို့ကို ဥစ္စာ တစ်ထောင်ပေး ခေါ်ယူလျက် တောအုပ်အတွင်းသို့ ဝင်လေ၏။

ထိုအခါ ပေါရိသာဒသည် သစ်ပင်ထက်သို့ တက်၍ လူ သွားလူလာကို ကြည့်ရှုသည်ရှိသော် ပုဏ္ဏားကိုမြင်လျှင် စားလို စိတ်ဖြင့် သွားရည်တမြားမြား ကျလေ၏။ သို့ဖြင့် လှည်းတို့ အနီးသို့ ရောက်လေသော် သစ်ပင်ထက်မှ ဆင်းသက်၍–

"ငါကား... ပေါရိသာဒတည်း"

ဟူ၍ သုံးကြိမ်၊ သုံးခါ ကြုံးဝါးလျက် သန်လျက်ကို ဆကာ အတင်းလိုက်လေ၏။ အလုံးစုံသော လူတို့လည်း မြေကြီး၌ ပြားပြားဝပ်နေကြလေ၏။

ပေါရိသာဒလည်း ပုဏ္ဏားကိုဖမ်း၍ ဦးခေါင်းအောက်ထိုး၊ ခြေအစုံကို မိုးမျှော်ထားကာ ပြေးလေ၏။ ထိုအခါ လူတို့သည်–

"အချင်းတို့... ငါတို့ကား ဥစ္စာတစ်ထောင်ကို ယူကြ

www.burmeseclassic.com

www.burmeseclassic.com



၏။ ငါတို့လည်း ယောကျ်ားမဟုတ်လော... ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ လိုက်ရန်သင့်၏"

ဟု တိုင်ပင်ကာ နောက်မှ အတင်းလိုက်ကြကုန်၏။ ထိုအထဲမှ ရဲရင့်သော လူတစ်ယောက်သည် အတင်းဒလကြမ်းလိုက်ရာ ပေါရိသာဒကို မီလေ၏။ ပေါရိသာဒလည်း စောင်ရန်းတစ်ခုကို ခုတ်လေသည်ရှိသော် ရှားငုတ်တို့ကိုနင်းမိရာ ခြေဖဝါးမှ ခြေဖမိုးသို့တိုင် ထုတ်ချင်းပေါက်လေ၏။ သွေးတို့ ယိုစီး၍ ခုန်ကာ သွားရလေ၏။ ရဲရင့်သော ယောကျ်ားလည်း ထိုအဖြစ်ကို မြင်လျှင်–

"အချင်းတို့... ငါသည် ပေါရိသာဒကို ထိုးသတ်အပ်ပြီ။ လာကြကုန်... အရဖမ်းမည်"

ဟု အော်ဟစ်၍ လိုက်ပြန်၏။ ပေါရိသာဒလည်း ပုဏ္ဏားကိုလွှတ်၍ ကိုယ်လွတ်ရန်းကာ ပြေးရရှာလေ၏။ အခစားတို့လည်း ပုဏ္ဏားကို ရသည်ရှိသော် ထိုအရပ်မှ ပြန်ကြကုန်၏။

ပေါရိသာဒလည်း ပညောင်ပင်ရင်းသို့ သွားပြီးလျှင် ရှားငုတ်စူးသောအနာမှာ နာကျင်လွန်းသဖြင့် ညောင်မြစ် ပါးပျဉ်းကြား၌ အိပ်လျက်–

"အရှင်နတ်မင်း... အကယ်၍ ခုနစ်ရက်အတွင်း အနာပျောက်အောင် ကုသနိုင်ပါက တစ်ရာ့တစ်ပါးသော မင်းတို့၏ လည်ချောင်းသွေးဖြင့် ပင်စည်ကို ဆေးပါအံ့။ အအူတို့ဖြင့် ရစ်ပတ်၍ လူသားတို့ဖြင့် ပူဇော်ပါမည်။ ကုသပေးတော်မူပါလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တောင်းပန်ပသလေ၏။

အနာကား အစာ မစားရသဖြင့် ခြောက်ကပ်၍ ခုနစ်ရက် ရှိလျှင် အနာသည် သက်သာပျောက်ကင်း ချမ်းသာလေ၏။ ပေါရိသာဒအား ပညောင်ပင်စောင့်နတ်၏ တန်ခိုးအာနုဘော် အစွမ်းကြောင့် ဟူ၍သာ မှတ်ထင်နေလေ၏။

နှစ်ရက်၊ သုံးရက်မျှ လူသားကိုစား၍ အားရှိလာလျှင်–

"ငါကား... နတ်မင်းအား ပူဇော်ပသမည်ဟု ဝန်ခံ ကတိပြုထား၏။ ဝန်ခံကတိပြုထားသည့်အတိုင်း ပြုလုပ် ရမည်"

ဟု ကြံစည်ဆုံးဖြတ်ကာ ပညောင်ပင်မှ ထွက်ခဲ့၍ တစ်ရာ့ တစ်ပါးသော မင်းတို့ကို ဖမ်းဆီးရန် သွားလေ၏။ ထိုအခါ ရှေးဘဝက ဘီလူးဖြစ်စဉ် လူသားစားဖက် အဆွေခင်ပွန်း ဖြစ်သော ဘီလူးမြင်လျှင် သိ၍–

"အဆွေ... ငါ့ကို သိပါ၏လော"

ဟုမေးလေ၏။ ထိုအခါ 'မသိပါ' ဟု ဖြေလေ၏။ ဘီလူး လည်း ရှေးဘဝအကြောင်းကို ပြောကြားသဖြင့် သိလေ၏။

ဘီလူးလည်း ပေါရိသာဒ၏ အဖြစ်အပျက်ကို မေးလေ၏။ ပေါရိသာဒလည်း ဖြစ်ပျက်ပုံ အလုံးစုံကို ပြောကြားပြီးလျှင်–

"အဆွေ... အကျွန်ုပ်သည် ပညောင်ပင်စောင့်နတ်မင်း အား ကတိပေးထားမိခဲ့သည့်အတွက် တစ်ရာ့တစ်ပါးသော မင်းတို့ဖြင့် ယဇ်ပူဇော်ရန် ကိစ္စကြီးတစ်ခု ရှိပါ၏။ ကျေးဇူး ပြု၍ ကူညီပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဤတွင်-

"အဆွေ... ငါသည် ကိုယ်တိုင်လိုက်၍ မကူညီနိုင်ပါ။ သို့သော်လည်း ငါ့မှာ အဖိုးအနဂ္ဃ ထိုက်တန်သော ပဒလက္ခဏာ မန္တရား ရှိပါ၏။ ထိုမန္တရားကို ရွတ်ဖတ်မန်းမှုတ်လျှင် ခွန်အားကြီးခြင်း၊ လေကဲ့သို့ လျင်မြန်ခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ အသံသြဇာရှိခြင်း အကျိုးရှိပါ၏။ သင့်အား သင်၍ ပေးပါမည်။ သင့်ကိစ္စအမြန်ပြီးမြောက်ပါလိမ့်မည်"

ဟု ပြောဆိုကာ မန္တရားကို သင်၍ပေးပြီးလျှင် မိမိအလိုရှိရာသို့ သွားလေ၏။

ပေါရိသာဒလည်း မန္တရားကို သင်ယူပြီးလျှင် ရွတ်ဖတ်သောအခါမှစ၍ ခွန်အားကြီး၏၊ ရဲရင့်၏၊ လျင်မြန်၏၊ ဘုန်းတန်ခိုးကြီး၏၊ အသံသြဇာရှိ၏။ ခုနစ်ရက်အတွင်းမှာပင် တစ်ရာ့တစ်ပါးသောမင်းတို့ကို ထိုထိုဥယျာဉ် စသည်တို့၌ လျင်သောအဟုန်ဖြင့် ဖမ်းယူလျက် လက်ဖဝါးတို့အား ဖောက်၏။ ထိုမှကြိုးဖြင့်သီပြီးလျှင် ခြေတို့ကိုမြေ၌ ထိကာမျှထားလျက် ပညောင်ပင်၌ ဆွဲ၍ထားလေ၏။ ဤတွင် ပေါရိသာဒလည်း-

"သုတသောမမင်းကား ဆရာဖြစ်၏။ အကယ်၍ ဖမ်းယူငြားအံ့၊ ဇမ္ဗူဒိပ်ကျွန်းသည် အချည်းနှီး ဖြစ်ရာ၏။ သို့အတွက် မဖမ်းတော့"

ဟူ၍ နှလုံးသွင်းလျက် ပညောင်ပင်နတ်မင်းအား ပူဇော်ရန် မီးကိုမွေး၍ တံစို့တို့ကို ချွန်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ပဉ္စောင်ပင်စောင့်နတ်သည် ပေါရိသာဒ၏ အမူအရာကို မြင်လျှင်–

"ဤပေါရိသာဒကား ငါ့ကို ပူဇော်ရန် စီစဉ်နေ၏။ စင်စစ် ငါသည် သူ၏ အနာကို ဆေးကုပေးခဲ့သည်မဟုတ်။ သူ့ဘာသာသူ ပျောက်ကင်းခဲ့ခြင်း ဖြစ်၏။ ပေါရိသာဒကြောင့် တစ်ရာသောမင်းတို့ ပျက်စီးရတော့မည်။ ထိုလုပ်ရပ်ကို တားမြစ်စေမည်"

ဟူ၍ နှလုံးသွင်းပြီးလျှင် တားမြစ်ပေးတော်မူရန် စတုမဟာရာဇ် နတ်မင်းကြီးလေးပါးထံ သွားရောက်လျှောက်ထားလေ၏။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့လည်း မတားမြစ်နိုင်ကြောင်း ပြောကုန်၏။ ထိုအခါ သိကြာမင်းထံ သွားရောက်လျှောက်ထား တောင်းပန်ပြန်လေ၏။ သိကြားမင်းလည်း–

"ငါကား မတားမြစ်နိုင်ပေ။ သို့သော် အတုမရှိသော သုတသောမ မင်းတစ်ပါးသာလျှင် တားမြစ်နိုင်၏။ သုတသောမမင်းသည် ပေါရိသာကို ဆုံးမ၍ တစ်ရာသော မင်းတို့၏ အသက်ကို ကယ်တင်ပေးလိမ့်မည်။ ထို့ဖြစ်၍ သင်သည် ပေါရိသာဒအား သုတသောမမင်းပါမှသာ အပူဇော်ခံမည်ဟု ပြောကြားလေ"

ဟု မှာကြား လွှတ်လိုက်လေ၏။

ပဉ္စောင်ပင်စောင့်နတ်လည်း အမြန်ပြန်၍ ပေါရိသာဒ ရှေ့မှောက်၌ ရဟန်းအသွင်ဖြင့် သွား၏။ ပေါရိသာဒလည်း ရဟန်းကို မြင်လျှင်–

www.burmeseclassic.com

www.burmeseclassic.com



"ရဟန်းသည်လည်း မင်းပင် ဖြစ်၏။ တစ်ရာ့တစ်ပါး ပြည့်အောင် ဖမ်းမည်"

ဟုဆိုကာ အတင်းလိုက်လေ၏။ သို့ရာတွင် သုံးယူဇနာ ရှိသည့်တိုင် လိုက်၍ မမိနိုင်။ ထိုအခါ ပေါရိသာဒလည်း–

"ငါလိုက်လျှင် မည်သည့်သတ္တဝါမျှ မလွတ်နိုင်။ ဒီဖြကြောင်းမည်သို့ ရှိလေသနည်း"

ဟု တွေးတော်ကြံစည်ကာ–

"ရဟန်း... ရပ်လော့"

ဟု ဆိုလေ၏။ ထိုအခါ ရဟန်းလည်း–

"ပေါရိသာဒ... ငါကား ရပ်နေ၏။ သင်သာလျှင် ပြေးနေ၏"

ဟု မိန့်လေ၏။

"ရှင်ရဟန်း... အဘယ်ကြောင့် မုသားစကား ဆိုလေသနည်း"

"ပေါရိသာဒ...ငါကား မုသားမဆို။ သူတော်ကောင်း တရား၌တည်သောသူကား ရပ်သည်မည်၏။ သူခိုးသည်သာ ပြေးသည်မည်၏။ ငါ့စကားကို နားထောင်လော့၊ သုတသောမမင်းကို ဖမ်း၍ ယဇ်ပူဇော်လျှင် သင်သည် မုချပင် နတ်ပြည်သို့ ရောက်မည်။ ငါကား ရဟန်းမဟုတ်။ သင် အမှီသဟဲပြုသည့် ပညောင်ပင်စောင့်နတ်သာ ဖြစ်၏"

ဟု ပြောဆိုပြီးလျှင် ရဟန်းအသွင်ကို ပယ်ဖျောက်၍ နတ် အသွင်ဖြင့် ကောင်းကင်၌ တည်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပေါရိသာဒလည်း–

"အရှင်နတ်မင်း... မစိုးရိမ်ပါလင့်။ သုတသောမမင်းအား ဖမ်း၍ အရှင်နတ်မင်းအား ယဇ်ပူဇော်ပါမည်"

ဟု ပြောဆိုလေ၏။ ပညောင်ပင်စောင့် နတ်မင်းလည်း ပေါရိသာဒ မြင်စဉ်လျှင် ပညောင်ပင်သို့ဝင်၍ ပျောက်ကွယ်သွားလေ၏။ ထိုခဏ၌ပင် နေဝင်၍ လမင်းသည် ပေါ်ထွက်လာလေ၏။

ပေါရိသာဒလည်း နက္ခတ်၊ ဗေဒင်တို့၌ လိမ္မာသဖြင့် ကောင်းကင်သို့ ကြည့်သည်ရှိသော်–

"မနက်ဖြန် ဖုသျှနတ်ကွတ်နှင့်ယှဉ်လျှင် သုတသောမမင်းသည် မင်္ဂလာရေကန်၌ ခေါင်းဆေးလတ္တံ့။ အစောင့်အရှောက်တို့မှာလည်း များပြားလှ၏။ ငါသည် ယခု ညဥ့်ပင် သွားမည်"

ဟု ဆုံးဖြတ်ကာ အစောင့်အရှောက်တို့ကို မစီရင်မီ၊ ညဥ့်ဦးယံမှာပင် သွား၍ မိဂါဇိန်ဥယျာဉ်အတွင်း မင်္ဂလာရေကန်၌ ဆင်းသက်ကာ ခေါင်းတွင် ကြာဖက်ဆောင်း၍ ပုန်းအောင်းကာ နေလေ၏။ ပေါရိသာဒ၏ တန်ခိုးကြောင့် ငါး၊ လိပ်တို့သည် မကပ်ဝံ့ဘဲ ကမ်း၌ စုရုံးကာ နေကြကုန်၏။

* * *

သုတသောမမင်းလည်း နံနက်စောစောကပင် နံနက်စာ ပွဲတော်တည်ပြီးလျှင် တန်ဆာဆင်၍ မင်္ဂလာဆင်တော်ကို စီးကာ စစ်အင်္ဂါလေးပါးဖြင့် မိဂါဇိန်ဥယျာဉ်သို့ သွားလေ၏၊ ထိုအခိုက်

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ပြည်မှ နန္ဒပုဏ္ဏားသည် 'သတာရဟ' လေးဂါထာတို့ကို ယူ၍လာရာ ဣန္ဒပတ္ထနဂိုရ်ပြည်သို့ ရောက်လျှင် မြို့တံခါးရှာ၌ တည်းခိုနေလေ၏။ နေထွက်သည့်ရှိသော် မြို့တွင်းသို့ဝင်အလာ အရှေ့တံခါးမှ ထွက်တော်မူသော သုတသောမမင်းကို မြင်လျှင် လက်ကို ဆန့်တန်း၍-

"အောင်စေသတည်း၊ အောင်စေသတည်း"

ဟု အောင်ဆုကိုပေးကာ နေလေ၏။ သုတသောမမင်းမြင်လျှင် အနီးသို့ကပ်၍-

"အို... ပုဏ္ဏားကြီး၊ မည်သည့်အရာဝတ္ထုကို အလိုရှိပါသနည်း။ လိုရာဝတ္ထုကို ငါပေးမည်။ လျှောက်တင်လော့"

ဟု မိန့်တော်မူလေ၏။ ထိုအခါ ပုဏ္ဏားကြီးလည်း-

"အရှင်မင်းကြီး... အကျွန်ုပ်သည် အလွန်နက်နဲ၍ အကျိုးစီးပွားကို ဆောင်တတ်သော 'သတာရဟ' လေးဂါထာတို့ကို အရှင်မင်းကြီးအတွက် ဆက်သရန် ယူဆောင်လာခဲ့ပါ၏။ နာယူတော်မူပါလော့"

ဟု လျှောက်တင်လေ၏။

သုတသောမမင်းကြီးလည်း အလွန်နှစ်သက်တော်မူသဖြင့်-

ဆရာပုဏ္ဏား...　ဆရာပုဏ္ဏား၏ လာခြင်းကားကောင်းပေ၏။ သို့သော်လည်း ယခု ခေါင်းဆေးမင်္ဂလာပြုရဦးမည်။ မနက်ဖြန်၌ ဆရာထံလာ၍ နာကြားပါမည်"

ဟု မိန့်တော်မူပြီးလျှင် ပုဏ္ဏားကြီးတည်းခိုရန် အိမ်၊ အိပ်ရန်နေရာ၊ အစားအသောက် အလုံးစုံတို့ကို စီမံစေ၏။ အလုံးစုံပြီးပြည့်စုံလေမှ မိဂါဇိနဉယျာဉ်သို့ ဝင်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်တော်ကား တစ်ဆယ့်ရှစ်တောင်မြင့်သော တံတိုင်းဖြင့် ကာရံထား၏။ ထိုဥယျာဉ်ကို ခေါင်းချင်းထိနေသော ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ်တို့ဖြင့် အထပ်ထပ်ရံ၍ ထားလေ၏။ သုတသောမမင်းအား လေးပင်သော တန်ဆာတို့ကို ချွတ်၍ ဆံမုတ်ဆိတ်တို့ကို ပြင်ဆင်ပြီးလျှင် မင်္ဂလာရေသဘင်သို့ ဆင်းသက်၍ ရေချိုး၏။ ပြီးလျှင် တက်၍ ဝတ်လဲတော်ပုဆိုးကို ဝတ်လျက်နေ၏။ အဝတ်တန်ဆာ ပန်းနံ့သာ တို့ကို ဆက်သကြကုန်၏။

ဤတွင် ပေါရိသာဒလည်း–

"ယခုအချိန်သည် အသင့်တော်ဆုံး ဖြစ်၏။ တန်ဆာဆင်ပြီးပါက လေးလံတော့မည်"

ဟု တွေးတောဆင်ခြင်မိပြီး ရေထဲမှ ဗြုန်းခနဲ ထ၍–

"ငါကား... ပေါရိသာဒ ဖြစ်၏"

ဟု ကြုံးဝါးအော်ဟစ် ကြွေးကြော်ကာ ခေါင်းထက်၌ သန်လျက်ကို ပတ်ပတ်လည် ဝှေ့ရမ်းကာ လျှပ်စစ်နွယ်ကဲ့သို့ လျင်မြန်စွာ ရေကန်မှ တက်လေ၏။

စစ်သည်ဗိုလ်ပါတို့လည်း ပေါရိသာဒ၏ အသံကိုကြားလျှင် အလွန်ကြောက်ရွံ့ ထိတ်လန့်ကြ၍ ဆင်ပေါ်၊ မြင်းပေါ်၊ ရထားပေါ်တို့ပေါ်မှ ပြုတ်ကျကာ လက်နက်တို့ကို စွန့်ပစ်ပြီးလျှင် မြေပြင်ပေါ်၌ ပြားပြားမှောက်ကာ ဝပ်နေကြကုန်၏။

ပေါရိသာဒလည်း သုတသောမမင်းကို ပွေ့ချီကာ ပခုံးထက်၌ နေစေပြီးလျှင် တစ်ဆယ့်ရှစ်တောင်မြင့်သော ဥယျာဉ်တံတိုင်း

www.burmeseclassic.com



ကို ခုန်လွှား၍ ပဒေါင်ရှက်ကို နင်းသည့်အလား ဆင်၊ မြင်း၊ ရထားတို့ကို နင်းကျော်၏။ သုံးယူဇနာခရီးကို တစ်ဟုန်ထိုး ပြေးလွှားလျက် နောက်မှ လိုက်သောသူတို့ကို မမြင်မှ ဖြည်းဖြည်း ချင်း သွားလေ၏။

ထိုအခါ သုတသောမမင်း၏ ဆံပင်မှ ရေပေါက်တို့သည် မိမိအပေါ်သို့ ကျလတ်သော် သေဘေးမှ ကြောက်ရွံ့၍ စိုးရိမ် ပူဆွေးကာ ငိုကြွေးသည်ဟု မှတ်ထင်လျက်–

"အို... သုတသောမ မင်းမြတ်၊ သင်ကား ဆင်ခြင် တိုင်းထွာနိုင်သော ပညာဗဟုသုတ အကြားအမြင် ရှိပါ လျက် အဘယ်ကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးဘိသနည်း။ မိမိသေရမည်ကို ကြောက်၍လော (သို့မဟုတ်) ဆွေမျိုး ဉာတိ၊ သားမယားတို့အတွက်လော (သို့မဟုတ်) ရွှေ၊ ငွေ၊ ရတနာ၊ ဥစ္စာစီးပွားအတွက်လော"

ဟု ရှေးဦးစွာ မေးမြန်းလေ၏။

သုတသောမမင်းလည်း ပေါရိသာဒ၏ စကားကို ကြား လျှင်–

"အဆွေ... ပေါရိသာဒ၊ ငါသည် မိမိအတွက်လည်း ကောင်း၊ ဆွေမျိုးဉာတိ သားမယားတို့အတွက်လည်း ကောင်း၊ ရွှေ ငွေ ရတနာ ဥစ္စာစီးပွားတို့အတွက်လည်း ကောင်း စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကို မပြုပါ။

စင်စစ် ငါသည် နန္ဒပုဏ္ဏားနှင့် မနက်ဖြန်မှ သတော ရဟာ လေးဂါထာကို နာကြားမည်ဟု အချိန်းအချက်ပြု၍

www.burmeseclassic.com

www.burmeseclassic.com



ထားပါ၏။ ထိုအချိန်းအချက်အတွက်သာ စိုးရိမ်ပါ၏။ သို့အတွက် ငါ့ကို ယခု ငါ့ကို ပြန်ခွင့်ပြုပါ။ သတာရဟာ ဂါထာကို နာကြားပြီးလျှင် သစ္စာကို စောင့်သောအားဖြင့် သင့်ထံသို့ ငါ ပြန်လာပါအံ့”

ဟု ပြောရကားတောင်းပန်လေ၏။

ပေါရိသာဒလည်း သုတသောမမင်း ပြန်လာမည်ဟု ပြောဆိုခြင်းကို မယုံကြည်နိုင်ဟု ပြောဆိုလျက်–

“အို... သုတသောမမင်းမြတ်၊ သင့်စကားကို အကျွန်ုပ် မယုံကြည်နိုင်ပါ။ သေမင်း၏တံခါးမှ လွတ်မြောက်ကာ မိမိနန်းတော်၌ ချမ်းချမ်းသာသာ အသက်ရှင်ခြင်းကို ရပါလျက် ဘယ်သူအသက်ကို စွန့်၍ သေမင်းခံတွင်းသို့လာ၍ ဝင်မည်နည်း”

ဟု မယုံကြည်နိုင်ကြောင်း၊ အသင့်ယုတ္တိမရှိကြောင်းကို ပြောဆိုလေ၏။ ထိုအခါ သုတသောမမင်းသည် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ မကြောက်မရွံ့ဘဲ ပေါရိသာဒမင်းအား–

“အဆွေ... ပေါရိသာဒ၊ သီလစင်ကြယ်သောသူသည် အသက်ဘေးကြောင့် မဟုတ်မမှန်သော စကားကို ပြောဆိုဘြားအံ့။ ထိုသူကား သေရခြင်းသည် မွန်မြတ်လှ၏။ အသက်ရှင်ခြင်းကား မမွန်မြတ်လှပေ။ ယုတ်မာသောသူသည် သူတစ်ပါးကြောင့် မဟုတ်မမှန်သော စကားကို ပြောဆိုရာ၏။ သူတစ်ပါးသည် ထိုသူကို ဒုဂ္ဂတိမှ မကယ်တင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



အဆွေ... ပေါရိသာဒ၊ ဓလေပြင်းမုန်တိုင်းသည် တောင်ကြီးကို လွင့်ပစ်နိုင်စေကာမူ လ၊ နေတို့သည် မြေသို့ကျစေကာမူ၊ မြစ် အလုံးစုံတို့သည် အထက်သို့ ဆန်တက်စေကာမူ ငါသည် မဟုတ်မမှန်သောစကားကို မပြောဆိုပါ။

အဆွေ... ပေါရိသာဒ၊ ကောင်းကင်ကြီးသည် ကွဲအက်စေကာမူ၊ သမုဒ္ဒရာသည် ခြောက်ခန်းစေကာမူ၊ မြေကြီး၏မျက်နှာသည် ကောင်းကင်အထက် ပြန်တက်စေကာမူ၊ မြင်းမိုရ်တောင်သည် အမြစ်မှလဲစေကာ၊ ပြိုစေကာမူ ငါသည် မဟုတ်မမှန်သော စကားကို မပြောဆိုပါ"

ဟူ၍ မိမိမုသားမဆိုကြောင်းကို ပြောဆိုလေ၏။ ထိုသို့ပြောဆိုပါသော်လည်း ပေါရိသာဒသည် ယုံကြည်ခြင်းမရှိ။ ထိုအခါ သုတသောမမင်းလည်း ပေါရိသာဒ ယုံကြည်စေရန် ပခုံးပေါ်မှ ချစေ၍-

"အဆွေ... ပေါရိသာဒ၊ ငါသည် သန်လျက်ကိုလည်းကောင်း၊ လှံကိုလည်းကောင်း သုံးသပ်ပါအံ့။ ကျိန်စာဆိုခြင်းကို ပြုပါအံ့။ လွတ်လိုက်သောငါသည် အကြွေးတင်ကျန်မှု မရှိရလေအောင် သစ္စာကို စောင့်သည့်အနေဖြင့် တစ်ဖန်ပြန်၍ လာပါအံ့"

ဟု ယုံကြည်လောက်အောင် ကျိန်စာဆိုလေ၏။ ထိုအခါမှ ပေါရိသာဒလည်း-

"ဤ သုတသောမမင်းကား မင်းတကာတို့ မပြုအပ်သော ကျိန်စာဆိုခြင်းကို ပြုပေ၏၊ သူပြန်လာသည်ဖြစ်စေ၊

www.burmeseclassic.com

www.burmeseclassic.com



မပြန်လာသည်ဖြစ်စေ ငါလည်း ရေမြေကို အစိုးရသော မင်းဖြစ်၏။ ငါ့လက်မောင်းသွေးကိုယူ၍ ထိုမင်းအစား ပူဇော်အံ့။ ဤသုတသောမင်းခမျာ အလွန်ပင်ပန်းရှာပေ၏” ဟု ဆင်ခြင်မိပြီး သုတသောမမင်းအား–

“အို… သုတသောမမင်း အရှင်မင်းမြတ်၊ အရှင်သည် မိမိနိုင်ငံသို့ ပြန်ကာ မင်းအဖြစ်တည်လျက် နန္ဒပုဏ္ဏားနှင့် ပြုအပ်သော ကိစ္စတို့ကို ပြုပါလော့။ သစ္စာကို စောင့်သောအားဖြင့် အကျွန်ုပ်ထံသို့ ပြန်လာပါလော့”

ဟု ပြောဆိုကာ ပြန်လွှတ်လေ၏။

ထိုအခါ သုတသောမမင်းသည် ပေါရိသာဒအား–

“အဆွေ… ပေါရိသာဒ ကြောင့်ကြစိုးရိမ်ခြင်း မပြုပါနှင့်။ ငါသည် သင့်ထံသို့ ဧကန်ပင် ပြန်လာခဲ့ပါမည်” ဟု ပြောဆိုလေ၏။ ထိုအခါ ပေါရိသာဒလည်း–

“အို… သုတသောမ အရှင်မင်းမြတ်၊ အရှင်သည် မင်းတကာတို့ပင် မပြုအပ်သောသစ္စာကို ပြုထားသည်ဟူ၍ အောက်မေ့ပါလော့”

ဟု ပြောလေ၏။ ဤတွင် သုတသောမမင်းလည်း–

“အဆွေ… ပေါရိသာဒ၊ သင်သည် ငါ့ကို ငယ်စဉ်ကပင် သိသည် မဟုတ်လော။ ငါသည် ရယ်မြူးလို၍လည်း မဟုတ်မမှန်သောစကားကို မဆိုခဲ့စဖူး။ အကျိုးအကြောင်းကို သိပါလျက် အဘယ်မှာလျှင် မဟုတ်မမှန်သော စကားကို ဆိုမှာအံ့နည်း။ မနက်ဖြန်တွင် သင်၏ နတ်ပူဇော်ပွဲကို မီအောင် ငါ ပြန်လာခဲ့ပါမည်”

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထိုအခါ ပေါရိသာဒလည်း–

"အို... သုတသောမ အရှင်မင်းမြတ်၊ သင်မင်းမြတ် မပါလျှင် ပဉ္စောင်ပင်စောင့်နတ်မင်းသည် အပူဇော်ခံလိမ့်မည် မဟုတ်ပါ။ နတ်ပူဇော်ခြင်းကိစ္စ ပျက်သွားပါလိမ့်မည်။ သို့ဖြစ်၍ ဆက်ဆက်ပြန်လာခဲ့ပါ"

ဟူ၍မှာကြားကာ သုတသောမမင်းအား လွှတ်လိုက်လေ၏။

သုတသောမမင်းလည်း ပေါရိသာဒလက်မှ လွတ်လျှင် မြို့တော်သို့ အမြန်ပြန်၍ လာ၏။ ထိုအခါ စစ်သည်ဗိုလ်ပါ အပေါင်းတို့လည်း–

"ငါတို့၏ မင်းကြီးကား ပညာရှိဖြစ်ပေရာ မုချပင် လွတ်လာရမည်"

ဟု တစ်ထစ်ချ ယုံကြည်လျက် စစ်တပ်ချကာ စောင့်မျှော်၍ နေလေ၏။ သုတသောမမင်းလည်း စစ်တပ်ချရာသို့ ရောက်လျှင် စစ်သည်ဗိုလ်ပါအပေါင်းခြံရံလျက် မြို့တွင်းသို့ ဝင်လေ၏။ နန်းတော်သို့ရောက်လျှင် နန္ဒပုဏ္ဏားကိုခေါ်စေ၍ တန်ဆာဆင်စေပြီးလျှင် မြတ်သောသူတို့သာ ထိုက်တန်သော ပလ္လင်ထက်၌ နေစေ၏။

ထိုအခါ နန္ဒပုဏ္ဏားသည် လွယ်အိတ်တွင်းမှ ရွှေပေကို ထုတ်၍ လက်နှစ်ဖက်တို့ဖြင့် ကိုင်ကာ–

"အရှင်မင်းကြီး... ကဿပဘုရားရှင် ဟောကြားတော်မူအပ်သော နိဗ္ဗာန်သို့ရောက်စေတတ်သော သတာရဟာ လေးဂါထာတို့ကို နာကြားတော်မူလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုတိုက်တွန်းပြီးလျှင်–

"အရှင်မင်းကြီး... သူတော်ကောင်းတို့နှင့် တစ်ကြိမ်မျှသာ ပေါင်းဖော်၏။ ထိုပေါင်းဖော်ခြင်းသည် ထိုသူကို စောင့်ရှောက်ပေ၏။ သူယုတ်မာတို့နှင့် အကြိမ်များစွာ ပေါင်းဖော်၏။ ထိုပေါင်းဖော်ခြင်းသည် ထိုသူ့ကို မစောင့်ရှောက်ပါ။

အရှင်မင်းကြီး... သူတော်ကောင်းတို့နှင့်သာ ပေါင်းဖော်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့၏ တရားကို သိသည့်အတွက် အထူးသဖြင့် မြင့်မြတ်၏။ ယုတ်မာခြင်း မဖြစ်နိုင်။

အရှင်မင်းကြီး... ဆန်းကြယ်သော မင်းစီးရထားတို့သည် ဆွေးမြည့်ပျက်စီးကုန်၏။ ထို့မှတစ်ပါး ခန္ဓာကိုယ်သည်လည်း အိုခြင်းသို့ ရောက်ရ၏။ သူတော်ကောင်းတို့သည် နိဗ္ဗာန်တရားကို စင်စစ် ချီးမွမ်းကုန်၏။ သူတော်ကောင်းတို့၏ နိဗ္ဗာန်တရားကား အိုခြင်းကို မရောက်နိုင်။

အရှင်မင်းကြီး... မြေကြီးနှင့် ကောင်းကင်တို့သည် အချင်းချင်း ဝေးကွာကြကုန်၏။ သမုဒ္ဒရာကမ်းနှစ်ဖက်တို့လည်း အချင်းချင်းဝေးကုန်၏။ ထိုမြေကြီးနှင့် ကောင်းကင်၊ သမုဒ္ဒရာတို့ အချင်းချင်း ဝေးကုန်သည်ထက် သူတော်ကောင်းတို့၏တရားနှင့် သူယုတ်မာတို့၏တရားသည် အလွန်ဝေးကွာလှ၏"

ဟူ၍ ရွှေပေမှ ဖတ်ရွတ်ကာ ဟောကြားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးလည်း နန္ဒပုဏ္ဏားထံမှ သတာရဟ လေးဂါထာတို့ကို နာကြားပြီးလျှင်–

"ငါပြန်လာခြင်းကား အကျိုးများလှ၏။ သဗ္ဗညုတဘုရားရှင်ကိုယ်တိုင် ဟောကြားအပ်သော ဂါထာတို့ဖြစ်၍ မြဟ္မာပြည်တိုင်အောင် စကြဝဠာတိုက်ပြည့်မျှ ရတနာတို့ကို ပေးသော်ငြားလည်း ဂါထာတို့၏ တန်ဖိုးကို ကျနိုင်မည်မဟုတ်။ စင်စစ်သော်ကား နန္ဒပုဏ္ဏားအား မင်းအဖြစ်ကိုပေးခြင်းငှာ စွမ်းနိုင်၏။ ဘုန်းကံ ရှိ၊ မရှိ အင်္ဂဝိဇ္ဇာအတတ်ဖြင့် ကြည့်ရှုလက်သော် မင်းစည်းစိမ်၊ မြို့စား၊ ရွာစား၊ စစ်သူကြီး စသည်တို့နှင့် မထိုက်တန်၊ ဥစ္စာများစွာနှင့်လည်း မထိုက်တန်။ အသပြာလေးထောင်ကိုသာ ရထိုက်၏"

ဟုဆုံးဖြတ်ကာ တစ်ဂါထာလျှင် တစ်ထောင်နှုန်းဖြင့် လေးဂါထာအတွက် အသပြာလေးထောင်ကို ပေးလေ၏။ ငပို့နောက်သောတသုမမင်းလည်း–

"အို... ပုဏ္ဏား၊ အခြား မင်းတို့ကို ဟောသောအခါ အဖိုးမည်မျှ ရသနည်း"

ဟု မေးလေ၏။ ထိုအခါ နန္ဒပုဏ္ဏားလည်း အသပြာလေးရာသာ၍ သတာရဟ လေးဂါထာမည်ကြောင်း လျှောက်ထားလေ၏။

တစ်ဖန် သုတသောမမင်းသည် ပုဏ္ဏားအား–

"အို... ဆရာပုဏ္ဏား၊ သင်တို့ကား ဂါထာ၏ တန်ဖိုး

www.burmeseclassic.com

www.burmeseclassic.com



ကို မသိ၊ ယနေ့မှစ၍ တစ်ဂါထာကို တစ်ထောင်စီ ရမှ ဟောပါလော့။ 'သဟဿာရ ဂါထာ' ဟု ခေါ်တွင်စေရမည်"

ဟူ၍ အသပြာလေးထောင်ပေးပြီးနောက် တက္ကသိုလ်ပြည်သို့ ပြန်ပို့စေ၏။

ထို့နောက် မင်းကြီးလည်း မယ်တော်၊ ခမည်းတော်တို့ထံ သွား၍ ရှိသေစွာ ရှိခိုးပြီးလျှင်–

"မယ်တော်၊ ခမည်းတော် အကျွန်ုပ်သည် တရားနာလွှတ်ရန် ပေါရိသာဒ လူသားစားသူထံမှ ကျိန်စာရွက်၍ လာရပါ၏။ သစ္စာကို စောင့်သောအားဖြင့် ပေါရိသာဒထံသို့ သွားရပါမည်။ သို့ဖြစ်၍ မယ်တော်၊ ခမည်းတော်တို့အား တိုင်းပြည်ကြီးကို အပ်နှင်းပါ၏။ စီရင်အုပ်ချုပ်တော်မူပါ"

ဟူ၍ လျှောက်ထားတောင်းပန်လေ၏။

မယ်တော်၊ ခမည်းတော်တို့လည်း သားတော် သောတသုမမင်းကြီး၏စကားကို ကြားရလျှင် အလွန်ပင် စိတ်နှလုံးတုန်လှုပ်လေ၏။ ခမည်းတော်လည်း–

"ချစ်သား...သုတသောမ၊ အဘယ်ကြောင့် ဤစကားကို ဆိုဘိသနည်း။ ငါတို့မှာ စစ်အင်္ဂါတို့သည် ပြည့်စုံကုန်၏။ စစ်သည်ဗိုလ်ပါတို့ဖြင့် လူသားစားသူခိုးကို ဖမ်းအံ့ပါမည်။ မသွားပါနှင့်"

ဟု တားမြစ်တော်မူ၏။ သုတသောမမင်းလည်း အဖန်ဖန်

www.burmeseclassic.com

www.burmeseclassic.com



ဘားဖြစ်သော်လည်း သူတော်ကောင်းတရား၌တည်၍ သစ္စာကို စောင့်သော မင်းဖြစ်သည့်အားလျော်စွာ မယ်တော်၊ ခမည်းတော်တို့နှင့် တိုင်းသူပြည်သားတို့ ငိုကြွေးမြည်တမ်းစဉ် မြို့တော်မှ ထွက်၍ မကြောက်မရွံ့ဘဲ ပေါရိသာဒ ထံသို့ သွားလေ၏။ တိုင်းသူပြည်သားတို့လည်း ငိုကြွေးမြည်တမ်းကာ နောက်မှ လိုက်ကြကုန်၏။

ထိုအခါ သုတသောမမင်းကြီးသည် မြေ၌ ရေးခြစ်၍ စည်းတားကာ မလိုက်ကြရန် အာဏာထားလေ၏။ တိုင်းသူပြည်သားတို့လည်း ဘုန်းတန်ခိုးကြီးသော မင်းအာဏာကို မလွန်ဆန်ဝံ့သဖြင့် မလိုက်ဝံ့ဘဲ ကျန်ရစ်ကုန်၏။

ပေါရိသာဒလည်း–

"သုတသောမမင်း လာလိုက လာပါစေ၊ မလာလိုလည်း နေပါစေ၊ ဤတစ်ရာသော မင်းတို့ဖြင့်သာ ပူဇော်မည်။ ပသြောင်ပင်စောင့်နတ်သည် ငါ့ကို ပြုလိုရာ ပြုစေတော့"

ဟု ကြံစည်လျက် မီးတို့ကို မွှေးပြီးလျှင် တံစို့တို့ကို ချွန်၍ နေ၏။ ထိုအခိုက် သုတသောမမင်းလည်း ရောက်၍လာ၏။ ပေါရိသာဒသည် ရှေးဦးစွာ–

"အဆွေတော်... ကိစ္စပြီးခဲ့ပြီလော"

ဟု မေးလေ၏။ ထိုအခါ သုတသောမမင်းလည်း–

"အဆွေ... ပေါရိသာဒ၊ ငါသည် ကဿပဘုရားရှင် ဟောတော်မူသော ဂါထာတို့ကို နာကြား၍ ဟောရားဟော ပုဂ္ဂိုလ်အားလည်း ပူဇော်ခဲ့ရသဖြင့် ကိစ္စပြီးပေပြီ။ ငါ့ကို စားလိုက စားပါလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကြားလေ၏။ ထိုအခါ ပေါရိသာဒလည်း–

"သုတသောမမင်းကား သေသောမှ ကြောက်ခြင်းကင်း၍ ပြောဆိုပေ၏။ ဤကဲ့သို့ မကြောက်သည်မှာ မည်သည့်တန်ခိုးကြောင့်နည်း။ အခြား ဘုန်းတန်ခိုးတို့ မရှိရာ။ နာကြားခဲ့ရသော ဂါထာတို့၏ ဘုန်းတန်ခိုးကြောင့်ပင် ဖြစ်တန်ရာ၏။ ငါလည်း မကြောက်လေအောင် ထိုဂါထာကို နာကြားလျှင် ကောင်းပေမည်"

ဟု ကြံစည် ဆုံးဖြတ်ကာ–

"အဆွေ... သုတသောမ၊ ငါ မွေးထားသော မီးသည် မီးကျီးတို့ မကျသေး။ ငါ့အား ထိုဂါထာဘို့ကို ဟောကြားတော်မူပါလော့၊ ငါသည် နာကြားလိုလှပါ၏။ မီးကျီးတို့ကျမှ ကင်သော အသားသည် ကောင်းစွာ ကျက်ပါလိမ့်မည်။ ထို့ကြောင့် ဂါထာကို ဟောကြားတော်မူပါလော့"

ဟူ၍ မီးကျီးမကျသေးမီ ဟောကြားရန် တောင်းပန်လေ၏။

ဤတွင် သုတသောမမင်းလည်း–

"ဤ ပေါရိသာဒကား ယုတ်မာသောအကျင့် ရှိ၏။ အတန်ငယ်နှိပ်ကွပ်၍ အရှက်ရစေပြီးမှသာ ဟောကြားမည်"

ဟု ကြံစည်လျက်–

"အဆွေ... ပေါရိသာဒ၊ သင်သည် တရားကို မစောင့်။ သို့ဖြစ်၍ လူသားကို စားဘိ၏။ လူ့အနှင့် ဝမ်းကို

www.burmeseclassic.com



အလိုလိုက်သည့်အတွက် တိုင်းပြည်မှ နှင်ထုတ်ခြင်းကို ခံရ၏။ ငါဟောမည့် ဂါထာတို့ကား လောကုတ္တရာကိုးပါး တို့ကို ပြဆိုကုန်၏။ သူတော်ကောင်းတရားနှင့် သူယုတ်မာ တရားတို့၏ တရားကား အဘယ်မှာလျှင် ညီညွတ်နိုင် ပါမည်နည်း။

အဆွေ... ပေါရိသာဒ၊ သင်ကား တရားကို မစောင့် ရက်စက်ကြမ်းကြုတ်သူ ဖြစ်၏။ လက်၌ အမြဲပင် သွေး တို့ လိမ်းကျံနေဘိ၏။ သစ္စာတရားဟူသည် သင့်၌ မရှိ။ သို့ဖြစ်၍ သူတော်ကောင်းတရားတို့သည် အဘယ်မှာ ရှိနိုင် ပါအံ့နည်း။ သင့်မှာ အကြားအမြင်ဖြင့် အဘယ်သို့ ပြုနိုင် ပါအံ့နည်း"

ဟူ၍ နိမ်ဖဲ့စကားကို ဆိုလေ၏။ ထိုအချိန်ဝယ် ပေါရိသာဒ သည် မေတ္တာပွားပြီးသည်ဖြစ်၍ မိမိအား နိမ်ဖဲ့စကား ဆိုသော် ငြားလည်း အမျက်မထွက် သုတသောမမင်းအား–

"အဆွေ... သုတသောမ၊ ငါသည်ပင် တရားမစောင့် သလော၊ အချို့သောမင်းတို့သည် အမဲကိုလိုသောကြောင့် သားကောင်တို့အား သတ်ဖြတ်ကြကုန်၏။ အချို့သော မင်းတို့သည် မိမိ၏ အမှုကိစ္စအတွက် လူတို့အား သတ် ဖြတ်ကြကုန်၏။ ထိုမင်းတို့သည် တမလွန်ဘဝ၌ အကျိုးဟူ မျှကြကုန်၏။ သို့ပါလျက် ငါ့တစ်ယောက်တည်းကိုသာ လျှင် အဘယ်ကြောင့် တရားမစောင့်ဟု စွပ်စွဲ ပြောဆိုရ လေသနည်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုလေ၏။

သုတသောမမင်းလည်း ပေါရိသာဒထံမှ ထိုစကားကို ကြားရလျှင်–

"အဆွေ... ပေါရိသာဒ၊ တရားစောင့်သော ပြည့်ရှင်မင်းတို့အား ငါးပါး၊ ငါးပါးသော သတ္တဝါတို့သည် မစားအပ်သော အစားအစာတို့တည်း။ သို့ပါလျက် သင်သည်ကား မစားအပ်သောအစာကို စားသောက်၏။ ထို့ကြောင့်ပင် သင်သည် တရားမစောင့်သောသူ ဖြစ်၏"

ဟု ပြောဆိုပြန်လေ၏။

ထိုအခါ ပေါရိသာဒလည်း သုတသောမမင်းအား–

"အဆွေ... သုတသောမ၊ လူသားစား ပေါရိသာဒလက်မှ လွတ်၍ မိမိ၏ နန်းတော်၌ အလိုရှိရာ ကာမဂုဏ်တို့အား ခံစား၊ စံစား၍ နေနိုင်ပါလျက် သင်သည် လူသားစားပေါရိသာဒထံ ပြန်လာခဲ့၏။ သို့ဖြစ်၍ သင်သည်သာ ရာဇဓမ္မ၌ မလိမ္မာသူ ဖြစ်ပေ၏။

ဟု တုံ့ပြန်ပြောဆိုလေ၏။

ထိုအခါ သောတသုမမင်းလည်း ပေါရိသာဒအား–

"အဆွေ... ပေါရိသာဒ၊ ရာဇဓမ္မ၌ လိမ္မာကုန်သော မင်းတို့သည် အများအားဖြင့် ငရဲ၌ ဖြစ်ကြရကုန်၏။ ထို့ကြောင့် ငါသည် ရာဇဓမ္မကို စွန့်လွှတ်ကာ သစ္စာကို စောင့်သိလျက် သင့်ထံသို့ ပြန်လာခဲ့ခြင်း ဖြစ်၏။ ငါ့ကို သတ်၍ ယဇ်ပူဇော်လိုလျှင်လည်း ပူဇော်ပါလေလော့၊ စားလိုလျှင်လည်း စားပါလေလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တုန်လှုပ်ခြင်းကင်းစွာဖြင့် ပြောဆိုလေ၏။

ထိုအခါ ပေါရိသာဒလည်း–

"အဆွေ... သုတသောမ၊ သင်၏' နန်းပြာသာဒ်၌ အလုံးစုံသော ကာမဂုဏ်တို့သည် ရှိကြကုန်၏။ ထို ကာမဂုဏ်တို့ကို အစိုးရခြင်းကြောင့်၊ ခံစားခြင်းငှာလည်း ရခဲ့၏။ ထိုသို့ ရပါလျက် အဘယ်အကျိုးကို မြင်၍ သစ္စာကို စောင့်သိလေသနည်း"

ဟု ခွန်းတုံ့ပြန်လေ၏။ ထိုအခါ သုတသောမမင်းလည်း–

"အဆွေ... ပေါရိသာဒ၊ သစ္စာဟူသော အရသာသည် မြေပြင်တစ်ခုလုံး၌ အလုံးစုံသော အရသာတို့ထက် ကောင်းမွန်မြင့်မြတ်လှ၏။ သစ္စာကို စောင့်သိကုန်သော ရဟန်း၊ ပုဏ္ဏားတို့သည် ပင်္ဂိသန္ဓေနေခြင်း၊ သေခြင်းတို့၏ တစ်ဖက်ကမ်းသို့ ကူးခတ်လွတ်မြောက်နိုင်၏"

ဟူ၍ သစ္စာ၏ အကျိုးအာနိသင်ကို ပြောဆိုလေ၏။

ထိုအခါ ပေါရိသာဒသည် အလွန်ရင့်ကျက်တည်ငြိမ်၍ ကြည်လင်သော သုတသောမမင်း၏ မျက်နှာကိုကြည့်၍–

"ဤသုတသောမမင်းကား မီးပုံကြီးကိုလည်း မြင်ရ၏။ တံစို့များ ချွန်နေသည်ကိုလည်း မြင်ရ၏။ သို့ဖြစ်ပါလျက် ကြောက်ရွံ့ထိတ်လန့်ခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ တုန်လှုပ်ချောက်ချားခြင်းတို့ မရှိ။ တရားဂါထာတို့၏ အာနုဘော်ကြောင့်ပေလော၊ ဟုတ်မှန်သော စကားကို ဆိုလေ့ရှိခြင်းကြောင့်ပေလော"

www.burmeseclassic.com

www.burmeseclassic.com



ဟု အစွေးဝင်ကာ–

"အဆွေ... သုတသောမ၊ သင်သည် အဘယ်ကြောင့် သေဘေးမှ မကြောက်ရပါသနည်း။ ထိတ်လန့်တုန်လှုပ်ခြင်း မရှိရပါသနည်း"

ဟု မေးပြန်လေ၏။ ထိုအခါ သုတသောမမင်းလည်း–

"အဆွေ... ပေါရိသာဒ၊ ငါကား များစွာသော ကောင်းမှုကုသိုလ်တို့ကို ပြုခဲ့ပေပြီ။ ပညာရှိ သူတော်ကောင်းတို့ ချီးမွမ်းသဖြင့် ပြန့်ပြောသောယဇ်တို့ကိုလည်း ပူဇော်အပ်ပေပြီ။ တမလွန်လောက၏ ခရီးလမ်းကိုလည်း သုတ်သင်အပ်ပေပြီ။ တရား၌တည်သည့်၊ ကောင်းမှု၌တည်သည့် ငါကဲ့သို့သောသူသည် အဘယ်မှာလျှင် သေဘေးမှ ကြောက်ရွံ့ရမည်နည်း။ ငါ့ကိုသတ်၍ ယဇ်ပူဇော်လိုပါမူ ပူဇော်ပါလော့၊ စားလိုပါမူ စားပါလော့–

အဆွေ... ပေါရိသာဒ၊ ငါသည် အမိအဖတို့ကို ရိုသေစွာ လုပ်ကျွေးမွေးမြူခဲ့ပေပြီ။ မင်းကျင့်တရား ဆယ်ပါးဖြစ်သော–

၁။ ပေးလှူခြင်း (ဒါနံ)

၂။ ငါးပါးသီလနှင့် ပြည့်စုံခြင်း (သီလံ)

၃။ အမှုထမ်းတို့အား ရိက္ခာပေးခြင်း (ပရိစ္စာဂံ)

၄။ ရိုးသားဖြောင့်မတ်ခြင်း (အဇ္ဇဝံ)

၅။ ပြောဆိုပြုမူရာတွင် နူးညံ့ခြင်း (မဒ္ဒဝံ)

၆။ မြိုးခြံသော အကျင့်စရိုက်ရှိခြင်း (တပံ)

www.burmeseclassic.com

www.burmeseclassic.com



၇။ အမျက်ထွက်မှုကို ထိန်းချုပ်နိုင်ခြင်း (အကောဓံ)

၈။ မနှိပ်စက်ခြင်း (အဝိဟိံသံ)

၉။ သည်းခံခြင်း (ခန္တီ)

၁၀။ ပြည်သူ့သဘောနှင့်မဆန့်ကျင်ခြင်း (အဝိရောဓနံ)

စသည်တို့နှင့် တိုင်းပြည်ကို စီရင်အုပ်ချုပ် မင်းလုပ်ခဲ့ပေပြီ။ ဆွေမျိုးဉာတိတို့ကိုလည်းကောင်း၊ အဆွေခင်ပွန်းတို့ကိုလည်းကောင်း ကျေးဇူးပြုခဲ့ပေပြီ။

"အဆွေ... ပေါရိသာဒ၊ ငါသည် များစွာသော သူတို့ကို အလှူပေးလှူခဲ့ပေပြီ။ ရဟန်း၊ ပုဏ္ဏားတို့ကိုလည်း ရောင့်ရဲစေခဲ့ပေပြီ။ ငါသည် နောင်တ တစ်ဖန် ပူပန်ခြင်း မရှိသည်ဖြစ်၍ တမလွန်လောကသို့ သွားပါအံ့။ ငါ့အား ယဇ်ပူဇော်ခြင်း ပြုလိုက ပူဇော်ပါလော့၊ စားလိုက စားပါလော့"

ဟု ရဲဝံ့စွာ ပြောဆိုလေ၏။

ဤသို့ ပေါရိသာဒလည်း သောတသုမ မင်းကြီး၏ တရားစကားကို ကြားနာရလျှင်–

"ဤ သုတသောမမင်းကား သူတော်ကောင်း ပေတည်း။ ဉာဏ်ပညာနှင့် ပြည့်စုံပေ၏။ သာယာလှစွာသော တရားစကားကိုလည်း ပြောဆိုတတ်ပေ၏။ အကယ်၍ သုတသောမအား ငါသည် စားခဲ့ငြားအံ့။ ငါ၏ ဦးခေါင်းသည် ခုနစ်စိတ်သော်လည်း ကွဲရာ၏။ ငါ့ကို မဟာပထဝီမြေကြီးသည် ဟက်တက်ကွဲ၍လည်း မျိုရာ၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ကြောက်ရွံ့ထိတ်လန့် တုန်လှုပ်လျက် သုတသောမ မင်းအား–

"အဆွေ… သုတသောမ၊ သင်ကဲ့သို့သော မင်းကောင်း မင်းမြတ် ပညာရှိအား အဘယ်သူသည် စားဝံ့ပါမည်နည်း။

အဆွေ… သုတသောမ၊ ငါသည် သတရဟ ဂါထာတော်ကို နာကြားလိုပါ၏။ ငါ့အား ဟောတော်ကြားမူပါလော့"

ဟု အကြိမ်ကြိမ် တောင်းပန်လေ၏။ ဤတွင် သုတသောမလည်း–

"ယခုအခါ ပေါရိသာဒသည် သတရဟ ဂါထာတော်အား အလွန်ပင် ကြားနာလိုလှပေပြီ။ ငါဟောဖို့ သင့်ပေပြီ" ဟု တွေးဆကာ–

"အဆွေ… ပေါရိသာဒ၊ ကောင်းစွာ နာယူလော့ ငါဟောမည်"

ဟူ၍ ဝန်ခံခွင့်ပြုပြီးလျှင် နန္ဒပုဏ္ဏား ဟောကြားသည့်အတိုင်း ပေါရိသာဒအား ဟောကြားတော်မူလေ၏။

ထိုအခါ နတ်အပေါင်းတို့သည် အုတ်အုတ်ကျက်ကျက် တစ်ပြိုင်နက်ဖြစ်ကာ တစ်ခဲနက်ပင် ကောင်းချီးသြဘာပေးကြကုန်၏။ ပေါရိသာဒ၏ ကိုယ်အလုံးစုံလည်း ငါးပါးသော ပီတိတို့ဖြင့် ပြည့်လေ၏။ ထို့နောက် အလွန်နူးညံ့စိတ် ဖြစ်ပေါ်လျက် သုတသောမမင်းကြီးအား ထီးနန်းစည်းစိမ်ကိုပေးသော ခမည်းတော်ကဲ့သို့ မှတ်ထင်မိလေ၏။ စိတ်ထဲမှာလည်း–

www.burmeseclassic.com

www.burmeseclassic.com



"ငါကား သုတသောမမင်းကြီးအား ပူဇော်အပ်သော ဝတ္ထုတစ်စုံတစ်ရာကို မမြင်။ ဂါထာတစ်ပုဒ်ကို ဆုတစ်ဆုစီ အားဖြင့် ဆုလေးခုကို ပေးမည်"

ဟု ကြံစည်လျက်–

"အဆွေ... သုတသောမ အသင်အား အကျွန်ုပ်သည် တစ်စုံတစ်ရာ ပူဇော်ဖွယ်ဝတ္ထုကို မမြင်ပါ။ သို့ဖြစ်၍ သင်တောင်းဆိုလိုသော ဆုမြတ်လေးခုကို ပေးတော်မူပါအံ့။ အလိုရှိသော ဆုမြတ်လေးခုကို တောင်းခံတော်မူပါလော့"

ဟု တောင်းပန်လျှောက်ထားလေ၏။ ထိုအခါ သုတသောမမင်းလည်း ပေါရိသာဒထံမှ ထိုစကားကို ကြားရလျှင်–

"အဆွေ... ပေါရိသာဒ၊ သင်ကား ယုတ်မာသောအကျင့်ရှိ၏။ မိမိသေရမည်ကိုလည်း မသိ။ အကျိုးစီးပွားရှိသည်၊ မရှိသည် အပါယ်သို့ သွားရမည်၊ နတ်ပြည်သို့သွားရမည် စသည်တို့ကိုလည်း မသိ။ လူသားကို စားသောက်ရန် မက်မော၍ ယုတ်မာသည့်အကျင့်ရှိသော သင်သည် အဘယ်ဆုကို ပေးနိုင်ပါမည်နည်း"

ဟု ပြောဆိုလေ၏။ ဆက်လက်၍–

"အဆွေ... ပေါရိသာဒ၊ ငါသည်လည်း ယုတ်မာသောအကျင့်ရှိသည့် သင့်အား ဆုမြတ်ကိုပေးလော့ဟု ဆိုချေအံ့။ သင်သည်လည်း နှုတ်ဖြင့်သာ ပေးမည်ဆို၍ တောင်းတိုင်းမပေးသည်ဖြစ်အံ့။ ဤသို့ တွန့်တိုဖြင့် ငြင်းခုံခြင်းဖြစ်လတ်သော ထိုငြင်းခုံရာအရပ်သို့ သိသည့် ပညာရှိသည် လာရောက်၍ ဆုံးဖြတ်မည်နည်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုပြန်လေ၏။

ထိုအခါ ပေါရိသာဒလည်း 'ဤသုတသောမမင်းကား ငါ့ကို ယုံကြည်ခြင်းမရှိ။ ယုံကြည်အောင် ငါပြုမည်' ဟု နှလုံးသွင်းကာ–

"အဆွေ... သုတသောမ၊ ဆုမြတ်ကို ပေးပြီးပါလျက် တောင်းတိုင်း မပေးသောသူသည် ဆုမြတ်ကိုပေးရန် မထိုက်တန်ပါ"

ဟု ပြောလေ၏။ ဆက်လက်၍–

"အဆွေ... သုတသောမ၊ အကျွန်ုပ်သည် တွန့်တိုခြင်း မရှိပါ။ လိုရာဆုမြတ်ကို တောင်းခံတော်မူပါ။ အသက်ကိုစွန့်၍ပင် ပေးပါမည်"

ဟူ၍ ပြောဆိုပြန်လေ၏။ ထိုအခါ သုတသောမမင်းသည်–

"ဤပေါရိသာဒကား အလွန်ရဲရင့်စွာ ဝန်ခံပေ၏။ ငါ့စကားကို လိုက်နာပေလိမ့်မည်။ ဆုမြတ်ကို တောင်းဖို့ရာ သင့်လျော်သောကာလသို့ ရောက်လေပြီ။ ထိုသို့ တောင်းဆိုရာ၌ လူသားကိုမစားရန် ရှေးဦးစွာ တောင်းဆိုခဲ့ပါက ၎င်းအဖို့ အလွန်ပင်ပန်းပေလိမ့်မည်။ အခြားဆုမြတ်များကို တောင်းဆိုပြီးမှသာ ထိုဆုကို တောင်းခံတော့မည်"

ဟု ကြံစည်မိလေ၏။ ထို့နောက် သုတသောမမင်းလည်း–

"အဆွေ... ပေါရိသာဒ၊ မွန်မြတ်သောသူ အချင်းချင်း စိတ်သဘော ညီညွတ်ကြ၏။ ပညာရှိအချင်းချင်း စိတ်သဘော ညီညွတ်ကြ၏။ သို့ဖြစ်၍ သင် ပေးအပ်သော ဆုမြတ်လေးပါးကို ငါတောင်းခံတော့မည်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုပြီးလျှင်–

"အဆွေ... ပေါရိသာဒ၊ သင့်ကို ငါသည် နှစ်ပေါင်း တစ်ရာပတ်လုံး အနာရောဂါကင်းနေသည်ကို မြင်တွေ့ရပါလို၏။

ဤကား... ပထမဆုံး တောင်းခံသောဆုမြတ်ဖြစ်၏"

ဟုဆိုကာ ပထမဆုကို တောင်းခံလေ၏။ ဤတွင် ပေါရိသာဒလည်း–

"ဤ သုတသောမမင်းကား မိမိစည်းစိမ်ချမ်းသာကို ဖျက်ဆီးလျက် လူသားကိုစားကာ အကျိုးစီးပွားမဲ့ ပြုလုပ်နေသော ငါ၏ အသက်ရှင်ခြင်းကိုပင် အလိုရှိသေးသူ ဖြစ်၏။ အံ့သြဖွယ်ကောင်းပေစွ။ ငါ၏ အကျိုးစီးပွားကို အလိုရှိပေ၏။

ဟု အလွန်အမင်း နှစ်သက်ဝမ်းမြောက်လျက်–

"အဆွေ... သုတသောမ၊ သင်သည် အကျွန်ုပ်ကို နှစ်ပေါင်းတစ်ရာကာလပတ်လုံး အနာရောဂါကင်းနေသည်ကို မြင်ပါလော့၊ သင်တောင်းဆိုသော ဤပထမဆုကို အကျွန်ုပ်ပေးပါ၏"

ဟု ဆိုလေ၏။

(ဤ၌ သုတသောမမင်းကြီးအဖို့ ဤပထမဆုကို ယူခြင်းသည်ကား မိမိအသက်ကို မသတ်ရန်၊ အသက်ရှည်ရှည် နေခွင့်ရရန် ဝက်ဝုတ္တိနည်း ပရိယာယ်ဖြင့် လှည့်ပတ်တောင်းခံခြင်း ပြု၏။)

www.burmeseclassic.com

www.burmeseclassic.com



သုတသောမမင်းသည် ပထမဆုကို ရပြီးသည့်နောက် တစ်ရာသော မင်းတို့ကို မသတ်ဘဲ ချမ်းသာခွင့်ပေးရန် ရည်ရွယ်၍–

"အဆွေ... ပေါရိသာဒ၊ အဘိသိက် သွန်းလောင်းပြီး၍ ရေမြေကို အစိုးရသော ဤအရပ်၌ ဖမ်းဆီးခံရသည့် တစ်ရာသောမင်းတို့၏ အသားကို မစားပါနှင့်။ ဤ ဒုတိယဆုကိုလည်း တောင်းခံပါ၏"

ဟု ဆိုလေရာ ပေါရိသာဒလည်း သုတသောမမင်းအား–

"အဆွေ... သုတသောမ၊ အဘိသိက်သွန်းလောင်းပြီးလျှင် ရေမြေကို အစိုးရသော ဤအရပ်၌ ဖမ်းဆီးထားသည့် တစ်ရာသောမင်းတို့ကိုသတ်ကာ အသားကို မစားပါ။ ဤ ဒုတိယဆုကိုလည်း အကျွန်ုပ်သည် နှစ်လိုစွာပေးပါ၏"

ဟူ၍ ရွှင်လန်းဝမ်းမြောက်စွာ ဒုတိယဆုကို ပေးပြန်၏။ ထိုအခိုက် သုတသောမမင်းကြီးနှင့် ပေါရိသာဒတို့ ဆုပေးဆုယူပြုလျက် ပြောဆိုနေကြသော စကားကို တစ်ရာသော မင်းတို့သည် အကုန်အစင် မကြားရကုန်။ တစ်ဝက်တစ်ပြက်မျှသာ ကြားကြကုန်၏။ ကြားသမျှစကားတို့ကို နားထောင်လျက် ဆင်ခြင်စဉ်းစားကာ တစ်ရာသောမင်းတို့လည်း–

"အဆွေတို့... ယခုအခါ သုတသောမမင်းမြတ်သည် ပေါရိသာဒအား တရားပြသ၍ ဆုံးမနေပေ၏။ ငါတို့၏ အသက်ဘေးအတွက် မစိုးရိမ်၊ မထိတ်လန့်ကြပါနှင့်"

ဟူ၍ အချင်းချင်း အားပေးစကား ပြောကြားကြကုန်၏။

ထို့နောက် သုတသောမမင်းသည်–

www.burmeseclassic.com

www.burmeseclassic.com



"ဤပေါရိသာဒကား မင်းတို့ကို မစားသော်လည်း ဘေးရန်ကို ကြောက်သောကြောင့် ကျွန်ပြုလုပ်၍ တောဌ် နေချင် နေပေလိမ့်မည်။ သို့မဟုတ်ပါက သတ်၍လည်း စွန့်ပစ်ရာ၏။ တစ်ဖန် ရောင်းလိုလျှင်လည်း ရောင်းချ ရာ၏"

ဟု ကြံစည်တွေးတောမိ၏။ သို့ဖြစ်၍ တတိယဆုကို တောင်းခံပေ၏။

"အဆွေ... ပေါရိသာဒ၊ သင် ဖမ်းယူကာ ကြိုးနှင့် သီထားသဖြင့် ငိုကြွေးနေကြသည့် တစ်ရာသောမင်းတို့ကို ၎င်းတို့၏ တိုင်းပြည်အသီးသီးသို့ ပြန်၍ ပို့ပါလော့၊ ဤ တတိယဆုကိုလည်း ငါတောင်းခံပါ၏"

ထိုအခါ ပေါရိသာဒလည်း သုတသောမမင်းအား–

"အဆွေ... သုတသောမ၊ အကျွန်ုပ် ဖမ်းယူကာ ကြိုးနှင့် သီထားသဖြင့် ငိုကြွေးနေကြသည့် တစ်ရာသော မင်းတို့ကို အကျွန်ုပ်သည်လည်း ၎င်းတို့ တိုင်းပြည်အသီးသီး သို့ ပြန်၍ပို့ပါမည်။ ဤတတိယဆုကိုလည်း အဆွေ့အား ပေးပါ၏"

ဟူ၍ တတိယဆုကိုလည်း အသာတကြည်ပင် ပေးလေ၏။

ထို့နောက် သုတသောမမင်းသည်–

"ဤပေါရိသာဒကား ငါတောင်းဆိုပြီးသောဆု သုံးခု စလုံးကို အသာတကြည်ပင် ပေး၏။ နူးညံ့ပျော့ပျောင်း လာခဲ့ပေပြီ။ ယခုအခါ အခက်အခဲဆုံးဖြစ်သော ဆုကို

www.burmeseclassic.com



တောင်းဖို့ရာ အချိန်ကျလေပြီ။ ငါ တောင်းတော့မည်"

ဟု စိတ်နှလုံးသွင်းကာ စတုတ္ထမြောက်ဆုကို တောင်းခံတော့၏။

"အဆွေ... ပေါရိသာဒ၊ လူသားစား သူခိုးကြီး လာပြီဟု ကြောက်ရွံ့ထိတ်လန့်ကြသဖြင့် သင့်တိုင်းပြည်သည် တုန်လှုပ်ချောက်ချားကာ ဟင်းလင်းကျန်ရစ်ခဲ့လေပြီ။ လူများစွာတို့လည်း အန္တရာယ်ကို စိတ်မချနိုင်ဘဲ ပုန်းအောင်း၍ နေကြရကုန်၏။ သို့ဖြစ်၍ သင်သည် လူသားစားခြင်းကိစ္စကို ရှောင်ကြဉ်စေလိုပါ၏။ ဤကား ငါတောင်းခံသော နောက်ဆုံး စတုတ္ထမြောက်ဆုပေတည်း"

ထိုအခါ ပေါရိသာဒသည် ကနဦးပေးခဲ့သော ဆုသုံးခုကဲ့သို့ ရှောရှောရှုရှု မပေးဘဲ လက်ခုပ်လက်ဝါးတီးကာ ရယ်သွမ်းသွေးလျက်-

"အဆွေ... သုတသောမမင်း၊ အဘယ်သို့ ခိုင်းဘိုလေသနည်း။ အသားတကာ့ အသားတို့တွင် လူသားကား အကျွန်ုပ်အကြိုက်ဆုံးသော အစားအစာ ဖြစ်၏။ ဤလူသားအစာကြောင့်ပင်လျှင် အကျွန်ုပ်သည် ထီးနန်းကို စွန့်ပစ်ကာ ကျောခိုင်း၍ တောသို့ ဝင်ခဲ့ရ၏။ သို့ဖြစ်၍ အဘယ်ကဲ့သို့ ရှောင်ကြဉ်နိုင်ပါမည်နည်း။ တစ်ပါးသောဆုကို ပြောင်း၍ တောင်းခံပါလော့၊ အကျွန်ုပ်ပေးပါအံ့"

ဟု ပြန်ကြားပြောဆိုလေ၏။

ထိုအခါ သုတသောမမင်းသည် ပေါရိသာဒအား-

www.burmeseclassic.com

www.burmeseclassic.com



"အဆွေ... ပေါရိသာဒ၊ သင်ကဲ့သို့သောသူသည် လူသားဖြစ်သော ဤဝတ္ထုကို အလွန်နှစ်သက်၏ဟူ၍ မိမိကိုယ်ကိုစွန့်လျက် မရှိခဲရာ၊ မိမိသည်သာလျှင် ထိုနှစ်သက်ဖွယ်အရာဝတ္ထုထက် ပို၍မွန်မြတ်လှပါ၏။ မိမိကိုယ်ကိုသာ စောင့်ရှောက်တော်မူပါလော့၊ နှစ်သက်သောဝတ္ထုမှာ နောင်အခါ ရနိုင်ပါ၏"

ဟု တရားပြကာ ဆုံးမလေ၏။

ထိုအခါ ပေါရိသာဒလည်း ကြောက်ရွံ့ထိတ်လန့်လျက်-

"ငါသည် သုတသောမမင်းအား ဆုကိုပေးပြီးလျက် ရှင်းယူလိုသော ဆုကိုမပေးဘဲဌာလည်းကောင်း၊ လူသားကို ရှောင်ကြဉ်ခြင်းငှာလည်းကောင်း မတတ်နိုင်ပြီ။ မည်သို့ပြုရပါအံ့နည်း"

ဟူ၍ မတွေးနိုင်၊ မအံ့နိုင်ဖြစ်ရ၏။ မျက်ရည်တို့ တဖြိုင်ဖြိုင် ကျဆင်းလာကာ ရှိက်ကြီးတငင် ငိုကြွေးမြ[illegible]ဟမ်းလျက်-

"အဆွေ... သုတသောမ၊ သိဘော်မူပါလော့။ အကျွန်ုပ်သည် လူသားကို အလွန်[illegible]မ်း နှစ်သက်ပါ၏။ ရှောင်ကြဉ်ခြင်းငှာ မတတ်နိုင်ပါ။ သို့အတွက် ဤဆုကို လွှဲ၍ အခြားဆုကို ပြောင်းလဲတောင်းခံပါလော့"

ဟူ၍ ခယဝပ်တွားကာ တောင်းပန်လေ၏။ ထိုအခါ သုတသောမ မင်းကြီးလည်း ပေါရိသာဒအား-

"အဆွေ... ပေါရိသာဒ၊ သေသောက်မြူးသည် အဆိပ်နှင့်ရောထားသော သေအရက်ကိုသောက်၍ ထို

www.burmeseclassic.com

www.burmeseclassic.com



ယုတ်မာသောအမှုကြောင့် တမလွန်ဘဝ၌ ဆင်းရဲရ၊ သကဲ့သို့ ထို့အတူ ဤဝတ္ထုကို ငါအလွန်ချစ်မြတ်နိုး၏ဟု မိမိကိုယ်ကို စွန့်ကာ မှီဝဲ၏။ ထိုသူသည် ထိုယုတ်မာသောအမှုကြောင့် တမလွန်ဘဝ၌ ဆင်းရဲရ၏။

အဆွေ... ပေါရိသာဒ၊ ဤလောက၌ ပညာဉာဏ်ဖြင့် ဆင်ခြင်၍ ချစ်မြတ်နိုးသော ဝတ္ထုကို စွန့်လွှတ်ကာ ရရသမျှသော ဝတ္ထုအား စားသောက်လျက် ဆင်းရဲငြားငြင်စွာ မြတ်သောတရားကို မှီဝဲ၏။ ထိုသူသည် ထိုကောင်းမှုကြောင့် တမလွန်ဘဝ၌ ချမ်းသာရ၏"

ဟူ၍ တစ်ဖန် တရားပြ၍ ဆုံးမပြန်၏။ ထိုအခါ ပေါရိသာဒသည် အလွန်သနားစဖွယ် မျက်နှာငယ်ဖြင့်–

"အဆွေ... သုတသောမ၊ အကျွန်ုပ်သည် မယ်တော်၊ ခမည်းတော်တို့ကိုလည်းကောင်း၊ အလွန်နှစ်သက်ဖွယ်ရှိသော အာရုံငါးပါး၊ ကာမဂုဏ်တရားတို့ကိုလည်းကောင်း စွန့်လွှတ်၍ လူသားဟူသော အကြောင်းကြောင့် တောသို့ဝင်ခဲ့ရပါလျက် ထိုဆုကို အဘယ်သို့ ပေးရပါအံ့နည်း"

ဟု ပြောဆိုကာ ငိုကြွေးမြည်တမ်းပြန်လေ၏။ ထိုအခါ သုတသောမင်းလည်း ပေါရိသာဒအား–

"အဆွေ... ပေါရိသာဒ၊ ပညာရှိတို့မည်သည် စကားနှစ်မျိုးကို မဆိုကြကုန်။ မှန်ကန်စွာ ဝန်ခံကြကုန်၏။ ကတိပြုကြကုန်၏။

အဆွေ... ပေါရိသာဒ၊ သင်သည် ငါ့အား 'အဆွေ

www.burmeseclassic.com



သုတသောမ လိုရာဆုကို ယူလော့၊ တောင်းခံလော့’ ဟု ဆိုဘိ၏။ ထိုသို့ ဆိုပြီးလျက် ‘မပေးနိုင်’ ဟု ဆိုပြန်၏။ သင်သည် စကားနှစ်မျိုးကို ပြောဘိ၏။ ရှေ့နောက် စကားတို့သည် မညီကြပါတကား”

ဟူ၍ ပြစ်တင်ရှုတ်ချ ကဲ့ရဲ့ပြောဆိုလေ၏။ ထိုအခါ ပေါရိသာဒလည်း–

“အဆွေ... သုတသောမ၊ ဤ လူ၏အသားကြောင့် မကောင်းမှုကိုရခြင်း၊ စည်းစိမ်အခြံအရံမှ ကင်းမဲ့ခြင်း၊ ကျော်စောမှု ဆုတ်ယုတ်ခြင်း၊ ယုတ်မာသော အကျင့်များစွာကို ကျင့်ခြင်း၊ ညစ်ညူးခြင်းသို့ ရောက်ခဲ့ရချေပြီ။ သို့ပါလျက် သင့်အား ထိုဆုကိုပေးပါက အကျွန်ုပ်အတွက် မည်သို့ ထူးခြားလာမှာတဲ့နည်း။ ထိုဆုကို အကျွန်ုပ်ကို မပေးသာပြီ”

ဟူ၍ ပယ်ရှားပြန်လေ၏။

ထိုအခါ သုတသောမမင်းကြီးလည်း ပေါရိသာဒအား–

“အဆွေ... ပေါရိသာဒ၊ သင်သည် ငါ့အား ‘လိုရာဆုကို ယူပါလော့’ ဟူ၍ ပေးထားပြီး ဖြစ်ပါလျက် တောင်းဆိုသည့်အခါ မပေးသောသင်သည် အဘယ်ကြောင့် ‘လိုရာဆုကို ယူပါလော့’ ဟု ပြောဆိုရလေသနည်း”

“အဆွေ... ပေါရိသာဒ၊ သင်ကား ပြောကား မတည်။ လောက၌ ‘မင်းမှာသစ္စာ လူမှာကတိ’ ဟု ဆိုကြသည်။ သင်ကား သစ္စာမရှိ ‘လိုရာဆုကိုယူပါ၊ အသက်

www.burmeseclassic.com



စွန့်၍ ပေးပါမည်’ ဟု ပြောလာပြန်၏။ သင်ကား စကားကို ရှေ့နောက်မညီဘဲ ပြက်ချော်ချော်နိုင်လွန်းလေစွတကား–

အဆွေ… ပေါရိသာဒ၊ လောက၌ သူတော်ကောင်းတို့သည် ကတိသစ္စာတရားနှင့် ပတ်သက်၍ အတိမ်းအစောင်း မခံကြကုန်။ အသက်ကိုသာ စွန့်ကုန်၏။ သူတော်ကောင်းတရားတို့ကိုမူ မပယ်စွန့်သကဲ့သို့ ကတိသစ္စာတရားကိုလည်း မပယ်စွန့်ကြကုန်။ ပေးထားသောကတိကို တည်ကြ၏။ ဟုတ်မှန်သည့်အတိုင်း ဝန်ခံလေ့ရှိကြ၏။ ငါ့ကို လိုရာဆုကို ပေးပြီးဖြစ်သောကြောင့် ငါတောင်းတိုင်း အမြန်ပေးပါလော့ ကတိသစ္စာနှင့် ပြည့်စုံပါလော့–

အဆွေ… ပေါရိသာဒ၊ ပညာရှိတို့မည်သည် မြတ်သောအင်္ဂါကို စောင့်လိုသည်ဖြစ်၍ ဥစ္စာကို စွန့်ရာ၏။ အသက်ကို စောင့်လိုသည်ဖြစ်၍ မြတ်သောအင်္ဂါကို စွန့်ရာ၏။ သူတော်ကောင်းတို့သည် သူတော်ကောင်းတရားကို စောင့်လိုသည်ဖြစ်၍ ဥစ္စာကိုလည်းကောင်း၊ မြတ်သောအင်္ဂါကိုလည်းကောင်း၊ အသက်ကိုလည်းကောင်း စွန့်ရာ၏။

အဆွေ… ပေါရိသာဒ၊ ပညာရှိသည် အကြင်ပုဂ္ဂိုလ်ထံမှ တရားကို သိရာ၏။ သူတော်ကောင်းတို့မှာလည်း ပုဂ္ဂိုလ်တစ်ယောက်၏ ယုံမှားသံသယကို ပယ်ဖျောက်ကုန်၏။ ထိုသူသည်သာလျှင် ထိုသူ၏ မှီခို လဲလျောင်းရာဖြစ်၏။ ထိုဆရာဖြစ်သောသူနှင့် အဆွေခင်ပွန်းသဘောကို မဖျက်ဆီးရာ”

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တရားပြသကာ ဆုံးမဩဝါဒ ပေးလေ၏။

ပေါရိသာဒလည်း သုတသောမမင်းကြီး၏ တရားစကားကို ကြားနာရပြန်လျှင် စဉ်းစားဆင်ခြင် ပြန်လေ၏။

"ဤသုတသောမမင်းကား ငါ၏ဆရာလည်း မှန်ပေ၏။ ငါလည်း ဆုပေးမိခဲ့ပေပြီ။ အဘယ်သို့ ပြုရပါမည်နည်း။ ဤခန္ဓာကိုယ် ရှိပါက သေခြင်းတရားဟူသည် မြဲပေ၏။ ငါသည်လည်း ခန္ဓာရှိခြင်းကြောင့် သေရမည်မလွဲပင်။ သို့ဖြစ်၍ ငါသည် သေမှသာ သေစေတော့၊ လူသားကို မစားတော့ပြီ။ သုတသောမမင်းအား ထိုဆုကို ပေးပါတော့အံ့"

ဟု ခိုင်မာစွာဆုံးဖြတ်လိုက်၏။ ထို့နောက် မျက်ရည်များ ဖြိုင်ဖြိုင် စီးကျနေရင်း နေရာမှထ၍ သုတသောမ မင်းကြီး၏ ခြေရင်း၌ ဝပ်စင်းကာ-

"အို... သုတသောမမင်းမြတ်၊ စင်စစ် လူသားဟူသောအစာသည် အကျွန်ုပ် အလွန်မြတ်နိုး နှစ်သက်သော အစာ ဖြစ်ပါ၏။ ဤလူသားအစာကြောင့်ပင် အကျွန်ုပ်သည် ထီးနန်းစည်းစိမ်ကို ပယ်စွန့်လျက် တောသို့ ဝင်ခဲ့ခြင်းဖြစ်ပါ၏။

အို... သုတသောမ မင်းမြတ်၊ အကျွန်ုပ်သည် လူသားစားခြင်းအမှုကို ရှောင်ကြဉ်ပါတော့မည်။ လူသားကို လုံးဝ မစားတော့ပါ။ အရှင်မင်းမြတ်တောင်းသောဆုကို အကျွန်ုပ် ပေးပါ၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ စတုတ္ထဆုကို ပေးလေ၏။

ထိုအခါ သုတသောမမင်းသည် ပေါရိသာဒအား–

“အဆွေ… ပေါရိသာဒ၊ သီလဒ္ဓ တည်သောသူအား သေရခြင်းသည် မွန်မြတ်လှ၏။ အဆွေပေးသော ဤဆုကို ငါယူပါ၏။ ဤနေ့မှစ၍ သင်သည် မြတ်သောအကျင့်ကို တည်သောသူ ဖြစ်ပေပြီ။ သို့သော်လည်း သင့်ကို ငါ တောင်းပန်ပါဦးအံ့။ သင်သည် ငါ့အပေါ် အကယ်၍ လေးမြတ်ချစ်ခင်ခြင်း ရှိသည်ဆိုပါက ငါးပါးသီလကို ခံယူ ဆောက်တည်ပါလော့”

ဟု ပြောဆိုတိုက်တွန်းကာ ငါးပါးသီလကို ခံယူဆောက် တည်စေ၏။

ပေါရိသာဒလည်း ငါးပါးသီလကို ခံယူဆောက်တည်ပြီး လျှင် ထိုခြင်းငါးပါးဖြင့် ရှိခိုးလျက် လျောက်ပတ်သောနေရာ၌ နေလေ၏။

ထိုခဏ၌ ဘုမ္မစိုးနတ်တို့သည် အလွန်နှစ်သက်ကုန်လျက်–

“အချင်းတို့… အောက်အဝီစိမှ အထက်ဘဝဂ်တိုင် အောင် သုတသောမ မင်းမှတစ်ပါး ဤပေါရိသာဒကို လူသားစားခြင်းမှ တားမြစ်နိုင်သောသူ မရှိ။ အံ့ဖွယ် ရှိပါ ပေစွ။ ဤသုတသောမ မင်းမြတ်သည် ပြုနိုင်ခဲသော အမှု ကို ပြုပေစွတကား”

ဟူ၍ သည်းထန်သောအသံဖြင့် တောအလုံးကို မိုးတင် ထပ်စေလျက် ကောင်းချီးပေးကာ ကြွေးကြော်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံကိုကြား၍ စတုမဟာရာဇ်နတ်တို့သည် တစ်ဆင့် ကြွေးကြော်ကြကုန်၏။ ဤသို့လျှင် ဗြဟ္မာနှစ်ဆယ်တိုင်အောင် အဆင့်ဆင့် ကြွေးကြော်ကြကုန်၏။ ထိုအခါ တစ်ခဲနက် အုတ် အုတ်ကျက်ကျက် အသံတို့ ထွက်ပေါ်လာကုန်၏။

ဤတွင် ပညောင်ပင်၌ ဆွဲထားသော မင်းတို့လည်း နတ် ဗြဟ္မာတို့၏ ကောင်းချီးပေးကာ ကြွေးကြော်သည့်အသံတို့ ကြား ကြကုန်၏။ ပညောင်ပင်စောင့်နတ်လည်း မိမိဗိမာန်၌တည်လျက် ကောင်းချီးပေးကာ ကြွေးကြော်လေ၏။ နတ်တို့၏ရုပ်အဆင်းကို ကား မမြင်ရကုန်၊ အသံကိုသာ ကြားရကုန်၏။ မင်းတစ်ရာ တို့လည်း–

"ငါတို့သည် သုတသောမ မင်းကြီးကို အမှီပြု၍ အသက်ရှည်ခွင့်ရကြပြီ"

ဟု ပြောဆိုကာ မဟာသုတမင်းကို ချီးကျူးကြကုန်၏။

ထို့နောက် သုတသောမမင်းသည် ပေါရိသာဒကို–

"အဆွေ... ပေါရိသာဒ၊ ဖမ်းဆီးခံထားရသော မင်း တစ်ရာတို့ကို လွှတ်ပါလော့"

ဟု တိုက်တွန်းလေ၏။ ထိုအခါ ပေါရိသာဒလည်း ကြံစည် ပြန်၏။

"ငါကား... ထိုမင်းတို့၏ ရန်သူတည်း။ ငါ အကယ်၍ လွှတ်သည်ရှိသော် ငါ့ကို ဝိုင်းဝန်း၍ ဖမ်းပြီး လျှင် ညှဉ်းဆဲကုန်ရာ၏။ ငါ့မှာ အသက်ကို စွန့်ရသော် လည်း သီလကို မဖျက်ဆီးစကောင်း။ သုတသောမမင်းကြီး

www.burmeseclassic.com



နှင့် အတူသွား၍ လွတ်မည်။ ဤသို့လွတ်သည်ရှိသော် ငါ့အား ဘေးကင်းသည့်အဖြစ်သို့ ရောက်ရလတ္တံ့”

ဟု နှလုံးသွင်းလျက် သုတသောမမင်းကိုခေါ်၍ တိုင်ပင်ပြီးလျှင် လွတ်ရန် တစ်ရာသောမင်းတို့ထံ သွားလေ၏။

တစ်ရာသောမင်းတို့လည်း သုတသောမမင်းကြီးကို မြင်လျှင်–

“အချင်းတို့… ယခုအခါ ငါတို့၌ ဘေးအန္တရာယ်တို့ မရှိတော့ပြီ။ ငါတို့သည် အသက်ကို ရကြပြီ”

ဟူ၍ သည်းထန်စွာသောအသံဖြင့် တစ်ပြိုင်နက်တည်း ဟစ်ကြွေးကြကုန်၏။ သုတသောမ မင်းကြီးလည်း တစ်ရာသောမင်းတို့အား–

“အဆွေတို့… လုပ်ရပ်မှားခဲ့မိသော ငါ့အဆွေ ပေါရိသာဒအား ဘေးအန္တရာယ် မရှိပါစေနှင့်။ အချင်းချင်းချစ်ကြည်လေးမြတ်စိတ်ကို နှလုံးသွင်းပါလော့” ဟု တိုက်တွန်း၍ တစ်ရာသောမင်းတို့အား–

“အို… အဆွေ မင်းမြတ်တို့၊ စိုးရိမ်ထိတ်လန့်ခြင်း မဖြစ်ကြပါနှင့်။ ငါသည် လူသားစား ပေါရိသာဒကို ဆုံးမခဲ့ပေပြီ။ အသင်တို့ကိုလည်း ဘေးမရှိအောင် ပြုလုပ်ခဲ့ချေပြီ။ သို့အတွက် သင်တို့သည် လွတ်လိုက်သောအခါ–

“ဤပေါရိသာဒအား ငါတို့ကို နှိပ်စက်ညှဉ်းဆဲသောသူတည်း”

ဟူ၍ ဝိုင်းဝန်းဖမ်းဆီးကာ ညှဉ်းဆဲခြင်းကို မပြုဘဲ၍ သင်

www.burmeseclassic.com

www.burmeseclassic.com



တို့က ကတိကဝတ် ပြုကြရမည်။ ထိုသို့ ဝန်ခံကတိပြုပါက လွှတ်ပေးမည်”

ဟု ပြောဆိုလေ၏။

တစ်ရာသောမင်းတို့လည်း သုတသောမမင်းကြီး၏ စကားကို ကြားရလျှင်–

“အို... အရှင်သုတသောမ မင်းမြတ်၊ အမိအဘတို့သည် သားသမီးတို့အား အစဉ်သနားကုန်လျက် အကျိုးစီးပွားကို လိုလားသကဲ့သို့ ထို့အတူ ဤပေါရိသာဒသည် အကျွန်ုပ်တို့ အမိအဘကဲ့သို့ ဖြစ်ပါစေသတည်း။

အကျွန်ုပ်တို့လည်း ထိုပေါရိသာဒ၏ သားသမီးတို့ကဲ့သို့ ဖြစ်ပါကုန်အံ့”

ဟု ဝန်ခံကတိပေးကြကုန်၏။

သုတသောမမင်းကြီးလည်း မင်းတစ်ရာတို့၏ ဝန်ခံကတိယူ၍ ပေါရိသာဒကို ငှင်းထံ ခေါ်ပြီးလျှင် ချည်ထားသောကြိုးတို့ကို ဖြတ်၍ လွှတ်စေ၏။ ပေါရိသာဒလည်း အမှတ်မဲ့ဖြစ်၍ မင်းတစ်ပါးအား ချည်ဖွဲ့ထားသော ကြိုးကို သန်လျက်ဖြင့် ခုတ်ဖြတ်လိုက်၏။

ထိုမင်းလည်း ခုနစ်ရက်မျှ အစာရေစာ ကင်းပြတ်သည် ဖြစ်၍ ဆင်းရဲခြင်းသို့ ရောက်နေရလေကား ကြိုးပြတ်သည်နှင့် တစ်ပြိုင်နက် မိန်းမောတွေဝေလျက် မြေပေါ်သို့ ပုံလျက်သား လဲကျလေ၏။ ထိုမြင်ကွင်းကို သုတသောမမင်းကြီး မြင်လျှင် အလွန်သနားလှသဖြင့် ပေါရိသာဒအား–

www.burmeseclassic.com

www.burmeseclassic.com



"အဆွေ... ပေါရိသာဒ်၊ ဤကဲ့သို့ ကြိုးအား ကြမ်းကြမ်းတမ်းတမ်း မဖြတ်ပါနှင့်"

ဟု တားမြစ်လေ၏။ ပေါရိသာဒလည်း ဝန်ခံပြီးလျှင် နောက်ထပ်မင်းတို့၏ ကြိုးတို့ကို ဖြတ်ခါနီးတွင် မိမိကိုယ်တိုင် ရင်ကို လက်တို့ဖြင့် ပိုက်၍ ထား၏။ ထို့နောက် အသာအယာ ဖြတ်တောက်၏။ ပေါရိသာဒလည်း ဤနည်းဖြင့်ပင် အလုံးစုံသော မင်းတို့ကို လွှတ်လေ၏။

ထို့နောက် သုတသောမမင်းကြီးသည် မင်းအပေါင်းတို့ကို မြေပြင်၌ အိပ်စက်စေ၍ လက်မှ ကြိုးတို့အား နားဖောက်ထားသော ကလေး၏ နားကြိုးကို ဖြုတ်သကဲ့သို့ ဖြည်းညင်းသာယာစွာ ဖြုတ်စေပြီး သွေးစေး၊ ပြည်စေးတို့ကို ဆေးကြော သုတ်သင်၏။ ထို့နောက် ပေါရိသာဒအား ဆေးဖက်ဝင် သစ်ခေါက်တို့ကို သွေး၍ ယူစေခဲ့ပြီးလျှင် အနာတို့ကို လိမ်းကျံကာ သစ္စာပြုလေ၏။

မင်းကြီး သစ္စာစကားဆိုးလေသော် မင်းတို့၏အနာသည် အသားနုတက်၍ သက်သာပျောက်ကင်းလေ၏။ ပေါရိသာဒလည်း ဆန်ကိုယူ၍ အစေ့အဆန်မရှိ၊ ကြေညက်အောင် ယက်မန်းရည်ကျဲကျဲ ကျို၍ တိုက်လေ၏။ မင်းတို့လည်း အာဟာရများ ပြည့်ဝလာ၏။ ဤတွင် သုတသောမမင်းကြီးလည်း–

"အဆွေမင်းမြတ်တို့... သင်တို့ သွားနိုင်ကြပြီလော"

ဟု မေး၏။ တစ်ရာသောမင်းတို့ကလည်း သွားနိုင်ကြပါပြီဟု ပြောဆိုပြီးလျှင် သွားရန် ပြင်ဆင်ကြကုန်၏၊ ပေါရိသာဒကိုလည်း–

www.burmeseclassic.com

www.burmeseclassic.com



"အဆွေ... ပေါရိသာဒ၊ လာလော့... မိမိတို့ ငါး ပြည်သို့ ပြန်ကြမည်"

ဟု ပြောဆိုလေ၏။

ပေါရိသာဒလည်း ငိုကြွေးလျက် သုတသောမမင်းကြီး၏ ခြေတို့၌ ဝပ်စင်း၍-

"အဆွေ... သုတသောမမင်းကြီး၊ အဆွေသည်သာ လျှင် မင်းအပေါင်းတို့ကို ခေါ်ဆောင်သွားပါလော့၊ အကျွန်ုပ် ကား ဤတောအရပ်မှာပင် သစ်သီး၊ သစ်ဥတို့ကို စား၍ နေရစ်ပါတော့အံ့"

ဟု ပြောလေ၏။

ဤတွင် သုတသောမမင်းကြီးလည်း-

"အဆွေ... ပေါရိသာဒ၊ ဤ တောအရပ်၌ အသို့ ပြုအံ့နည်း။ သင်၏တိုင်းပြည်သည် အလွန်မွေ့လျော်ဖွယ် ရှိ၏။ တိုင်းပြည်သို့ ပြန်၍ မင်းပြုပါလော့"

ဟု ပြောဆိုတိုက်တွန်း ပြောဆိုလေ၏။

"အဆွေ... သုတသောမ မင်းကြီး၊ အကျွန်ုပ်သည် ဗာရာဏသီပြည်သို့ မသွားဝံ့ပါ။ အလုံးစုံသော တိုင်းသူ ပြည်သားတို့၏ ရန်သူကား အကျွန်ုပ်ပင် ဖြစ်နေပါ၏။ 'ဤပေါရိသာဒကား ငါ့အမိကို စား၏၊ ငါ့အဖကို စား၏၊ ငါ့မောင်ကို စား၏၊ ငါ့နှမကို စား၏၊ ဤသူခိုးကို ဖမ်း ကြကုန်' စသည်ဖြင့် ဆဲရေးကြလတ္တံ့။ ယုဂ်ဖွဲ့အဆုံး လုံတံတစ်ခုစီ ကိုင်ဆွဲ၍လည်း ဓားတစ်လက်စီ၊ တုတ်

www.burmeseclassic.com



တစ်ချောင်းစီ၊ ခဲတစ်လုံးစီ ကိုင်ဆောင်၍လည်းကောင်း ထိုးခုတ်ရိုက်နက် ထုထောင်း သတ်ပစ်ကြကုန်လတ္တံ့။

အဆွေ... သုတသောမမင်းကြီး၊ အကျွန်ုပ်ကား သီလ ဆောက်တည်ပြီး အသက်ဟူသော အကြောင်းကြောင့်လည်း ကောင်း သူတစ်ပါးကို မသတ်စကောင်း။ သို့အတွက် မလိုက်လိုပါ"

ဟူ၍ ဇွတ်အတင်းပင် ငြင်းပယ်လေ၏။

ထိုအခါ သုတသောမမင်းကြီးသည် ပေါရိသာဒ၏ ကျော ပြင်ကို လက်ဖြင့် သုံးသပ်၍-

"အဆွေ... ပေါရိသာဒ၊ ငါသည် ရန့်ရင်း ကြမ်း ကြုတ်သော သင့်ကိုပင် ဆုံးမနိုင်သေး၏။ ဗာရာဏသီ ပြည်သူ ပြည်သားတို့ကို ဆုံးမရာ၌ အဘယ်မှာလျှင် ဆို ဖွယ်ရာ ရှိအံ့နည်း။ ငါသည် သင့်အား ဗာရာဏသီပြည် မင်းအဖြစ် တည်ပါစေအံ့။ အကယ်၍ မတတ်နိုင်သည် ရှိသော် ငါ့တိုင်းပြည်ကို တစ်ဝက်ခွဲ၍ မင်းပြုစေပါမည်" ဟူ၍ ပြောဆိုလေ၏။ ထိုအခါ ပေါရိသာဒလည်း-

"အဆွေ... သုတသောမ မင်းကြီး၊ ဤကိစ္စသည် မဖြစ်နိုင်ဟု ထင်ပါ၏။ အဆွေ၏ တိုင်းပြည်၌လည်း အကျွန်ုပ်အတွက် ရန်သူတို့ များပြားလှပါ၏"

ဟု ပြောဆိုကာ အတင်းပင် ငြင်းပယ် ပြန်လေ၏။

ထိုအခါ သုတသောမမင်းကြီးလည်း ဗာရာဏသီပြည်၏ ဂုဏ်ကျေးဇူးတို့ကို ချီးမွမ်းကာ လိုက်စေမည်ဟု ကြံစည်ပြန်၍-

www.burmeseclassic.com

www.burmeseclassic.com



(၁) အစာဖြင့် ဖြားယောင်း၏။
(၂) ကိလေသာဖြင့် ဖြားယောင်း၏။
(၃) အိပ်ရာနေရာဖြင့် ဖြားယောင်း၏။
(၄) ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့် ဖြားယောင်း၏။
(၅) ဥယျာဉ်၊ ရေကန်၊ မြို့ရွာတို့ဖြင့် ဖြားယောင်း၏။

အဆိုပါ ငါးပါးတို့ဖြင့် မြို့၏ပြည့်စုံခြင်းကို ချီးမွမ်းပြီးလျှင်–

"အဆွေ... ပေါရိသာဒ၊ လာလှည့်၊ ငါသည် သင့်ကို ခေါ်ဆောင်သွားပြီးလျှင် မင်းအဖြစ်၌ တည်စေအံ့။ အကယ်၍ ဗာရာဏသီကို မရလျှင်လည်း စိုးရိမ်ကြောင့်ကြခြင်း မရှိပါနှင့်။ ငါ၏ ဝိုင်းပြည်ကို ထက်ဝက်ပေးအံ့။ တော၌ နေသဖြင့် အဘယ်မှာလျှင် အကျိုးရှိပါမည်နည်း။ ငါ၏ စကားကို နားထောင်ပါလော့"

ဟု ဖျောင်းဖျ ပြောဆိုလေ၏။

ထိုအခါ ပေါရိသာဒလည်း သုတသောမမင်းကြီး၏ စကားကြောင့် လိုက်ပါလိုသော ဆန္ဒများ ဖြစ်ပေါ်လာ၏။

"ဤသုတသောမမင်းကြီးကား ငါ့အပေါ် အလွန်ပင် ကရုဏာတရား ထားရှိ၏။ ငါ၏ အကျိုးစီးပွားကို လိုလား၏။ ရှေးဦးစွာ ကောင်းမှု၌ တည်စေခဲ့၏။ စည်းစိမ်ချမ်းသာ၌လည်း တည်စေဖို့ လုံ့လထုတ်၏။ မင်းကြီးသည် အရာရာ တတ်စွမ်းသော ပညာရှိဖြစ်၏။ ငါသည် မင်းကြီးနှင့်အတူ လိုက်ပါသွားသင့်၏"

www.burmeseclassic.com

www.burmeseclassic.com



ဟု ကြံစည်ဆုံးဖြတ်ကာ မင်းကြီး၏ ဂုဏ်ကျေးဇူးတို့ကို ထုတ်ဖော်ပြောဆို ဦးခိုက်ပြီးသည့်နောက်–

"အဆွေမတော် သုတသောမမင်းကြီး၊ အကျွန်ုပ်သည် အရှင်မင်းကြီး၏ စကားကို မပယ်ရှားတော့ပါ။ အရှင်မင်းကြီး ခေါ်ဆောင်ရာနောက် လိုက်ပါတော့မည်"

ဟု ဝန်ခံကတိပြုလေ၏။

ထိုအခါ သုတသောမမင်းကြီးလည်း ပေါရိသာဒကိုလည်းကောင်း၊ တစ်ရာသောမင်းတို့ကိုလည်းကောင်း ဆောင်ယူသွားပြီးလျှင် ဗာရာဏသီပြည်သို့ သွားလေ၏။

ဣန္ဒပတ္တနဂိုရ်မြို့ ဇနပုဒ်သို့ ရောက်လျှင် ဇနပုဒ်သားတို့သည် မှူးမတ်တို့ထံ အလျင်အမြန် သွားရောက် လျှောက်ထားကြကုန်၏။ မှူးမတ်တို့သည် စစ်သည်ဗိုလ်ပါအပေါင်းတို့နှင့် ရောက်ရှိလာကြပြီး သုတသောမမင်းကြီးအား ခြံရံကြကုန်၏။ သုတသောမမင်းကြီးလည်း များစွာသော အခြွေအရံတို့ဖြင့် ဗာရာဏသီမြို့တော်သို့ ရောက်လေ၏။ ထိုအခါ ဗာရာဏသီအား ပေါရိသာဒ၏သားသည် မင်းပြုလျက် ရှိလေ၏။ စစ်သူကြီးကား ကာဠဟတ်ပင် ဖြစ်လေ၏။ ပြည်သူပြည်သားအပေါင်းတို့လည်း ဗာရာဏသီမင်းကြီးအား–

"အရှင်မင်းကြီး... အရှင်မင်းကြီး၏ ခမည်းတော်ဖြစ်သော ပေါရိသာဒအား သုတသောမ မင်းကြီးသည် ဆုံးမ၍ ယူဆောင်လာခဲ့ရာ မြို့တော်သို့ ရောက်ရှိလာပါပြီ"

ဟူ၍ လျှောက်တင်ကြကုန်၏။ ဤတွင်–

www.burmeseclassic.com

www.burmeseclassic.com



"ပေါရိသာဒအား မြို့သို့မဝင်ရ"

ဟု ကြေညာချက်ထုတ်ကာ တံခါးတို့ကို လုံခြုံစွာ ပိတ်ကုန်လျက် လက်နက်စွဲကိုင် စောင့်ကြပ်ကြကုန်၏။ ထိုအဖြစ်ကို သုတသောမမင်းကြီး သိလေသော် တစ်ရာသော မင်းတို့နှင့် ပေါရိသာဒကို ထားခဲ့၍ အမတ်တစ်ယောက်၊ နှစ်ယောက်ခေါ်ယူကာ မြို့တံခါးအနီးသို့သွား၍–

"အချင်းတို့... ငါကား သုတသောမမင်းကြီး ဖြစ်၏။ တံခါးကို ဖွင့်ကြကုန်လော့"

ဟု ဆိုလေ၏။ တံခါးစောင့်တို့လည်း ဖွင့်မပေးဘဲ မင်းကြီးထံ သွားရောက်လျှောက်တင်ကြ၏။ ထိုအခါ မင်းကြီးလည်း မြို့တံခါးကို လျင်မြန်စွာ ဖွင့်စေ၏။ ဤတွင် သုတသောမမင်းကြီးလည်း မြို့တွင်းသို့ ဝင်လေ၏။

ဗာရာဏသီမင်းကြီးနှင့် ကာဠဟတ် စစ်သူကြီးတို့လည်း ခရီးဦးကြိုဆိုကြလျက် နန်းတော်သို့ ပင့်ဆောင်ပြီးလျှင် သုတသောမမင်းကြီးအား မင်း၏နေရာတွင် နေစေ၏။ သုတသောမမင်းကြီးလည်း ပေါရိသာဒမင်းကြီး၏ မိဖုရားကြီးကိုလည်းကောင်း မှူးမတ်တို့ကိုလည်းကောင်း ခေါ်စေ၏။ ထို့နောက် ကာဠဟတ် စစ်သူကြီးအား–

"အချင်း... ကာဠဟတ်၊ ပေါရိသာဒကို အဘယ့်ကြောင့် မြို့တွင်းသို့ မဝင်စေသနည်း"

ဟု မေးလေ၏။ ထိုအခါ ကာဠဟတ် စစ်သူကြီးလည်း–

"အရှင်... သုတသောမမင်းမြတ်၊ ပေါရိသာဒသည်

www.burmeseclassic.com

www.burmeseclassic.com



မင်းပြုသောအခါ များစွာသောလူတို့ကို သတ်ဖြတ်ကာ စားသောက်ခဲ့ပါ၏။ ၎င်းသည် မင်းတကာကို မပြုကျင့်သောအမှုတို့ကို ပြုကျင့်၏။ ယုတ်မာရက်စက်သော အကျင့်ရှိ၏။ သို့ဖြစ်၍ မြို့တွင်းသို့ မဝင်စေရခြင်း ဖြစ်ပါ၏”

ဟု လျှောက်ထားလေ၏။ ထိုအခါ သုတသောမမင်းကြီးလည်း–

“အချင်း…ကာဠဟတ်၊ ပေါရိသာဒသည် ယခုအခါ၌ သင်ပြောခဲ့သော အမှုကိစ္စတို့ကို မပြုမူတော့ပြီ။ ငါသည် သူ့အား ကောင်းစွာ ဆုံးမခဲ့ပေပြီ။ အသက်ဟူသော အကြောင်းကြောင့်လည်း သတ္တဝါတို့အား သတ်ဖြတ်ညှဉ်းဆဲတော့မည်မဟုတ်။ သင်တို့အတွက် ဘေးရန်မရှိတော့ပြီ။ သူ့အား ဝင်ခွင့်ပြုပါလော့”

ဟု ပြောဆိုလေ၏။ ထို့နောက် သုတသောမ မင်းကြီးလည်း ပေါရိသာဒ၏ သားတော်ဖြစ်သော ဇာရာဏသီ မင်းအား–

“အချင်း… မင်းမြတ်၊ သားသမီးတို့မည်သည် အမိအဘတို့အား လုပ်ကျွေးအပ်ကုန်၏။ မိဘတို့အား လုပ်ကျွေးသော သားသမီးတို့သည် သေလွန်လျှင် နတ်ပြည်သို့ လားရောက်ရကုန်၏။ မလုပ်ကျွေးသော သားသမီးတို့မှာမူ အပါယ်ငရဲသို့ ကျရောက်ရ၏”

ဟု ဆုံးမပြောဆိုလေ၏။ ထို့နောက် ကာဠဟတ် စစ်သူကြီးအား–

“အချင်း… ကာဠဟတ်၊ သင်သည် မင်း၏ အဆွေ

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းလည်း ဖြစ်၏။ မင်းကို မှီဝဲ စားသော အမတ်လည်းဖြစ်၏။ သင့်ကို မင်းသည်ပင် ကြီးမားသော စည်းစိမ်ချမ်းသာ၌ တည်စေ၏။ သို့ဖြစ်၍ သင်သည် မင်း၏ အကျိုးစီးပွားကို ဆောင်ရွက်ခြင်းငှာ သင့်၏"

ဟု ဆုံးမပြောဆိုလေ၏။ ထိုအချိန်တွင် ပေါရိသာဒမင်း၏ မိဖုရားကြီး ရောက်ရှိလာလေရာ–

"အရှင်မိဖုရား... သင်သည်လည်း မိဘအိမ်မှလာ၍ ထိုမင်းထံမှာပင် မိဖုရားကြီး ဖြစ်ရ၏။ ထိုမင်းကို မှီ၍ သားသမီးတို့ တိုးပွားရ၏။ သင်လည်း မင်း၏ အကျိုးစီးပွားကို ကျင့်ခြင်းငှာ သင့်၏"

ဟု ဆုံးမပြောဆိုပြန်၏။ ထို့နောက် ဆက်လက်၍ တရားဓမ္မတို့ကို ဆုံးမဟောကြားပြန်လေ၏။

"အို... မင်းအပေါင်းတို့

မအောင်အပ်၊ မအောင်ကောင်းသောမိဘတို့ကို အောင်နိုင်သော မင်းသည် မင်းဟူ၍ မမည်ပေ။

မအောင်အပ်၊ မအောင်ကောင်းသောအဆွေခင်ပွန်းတို့ကို အောင်နိုင်သော အဆွေခင်ပွန်းသည် အဆွေခင်ပွန်း မမည်ပေ။

ခင်ပွန်းလင်အား မကြောက်မရွံ့၊ မခန့်မညား၊ မရိုမသေ၊ မလေးမစား ပြုမူသော မယားသည်လည်း မယား ဟူ၍ မမည်ပေ။

အိုမင်းသော မိဘတို့ကို မရိုမသေ၊ မလုပ်မကျွေး၊

www.burmeseclassic.com

www.burmeseclassic.com



မမွေးမြူသော သားသမီးတို့သည်လည်း သားသမီးဟူ၍ မမည်ပေ။

ပညာရှိသူတော်ကောင်းကို မမှီဝဲ မဆည်းကပ်သော၊ မထားရှိသော သဘင်သည်လည်း သဘင်ဟူ၍ မမည်ပေ။

ဟုတ်မှန်သောတရားစကားကို မပြောဆိုသော၊ ဆွံ့အနေသော သူတော်ကောင်းသည်လည်း သူတော်ကောင်းဟူ၍ မမည်ပေ။

ရာဂ၊ ဒေါသ၊ မောဟတို့ကို ပယ်စွန့်၍ ဟုတ်မှန်သော တရားစကားကို ဆိုသော သူတော်ကောင်းတို့သည်သာလျှင် စင်စစ် သူတော်ကောင်းမည်ကုန်၏။

အို... မင်းအပေါင်းတို့၊ သူမိုက်တို့နှင့် ပေါင်းဖော်မှီဝဲ ရောနှောသော ပညာရှိကို မပြောဆိုသည်ရှိသော် ပညာရှိဟူ၍ မသိကြကုန်။

သေခြင်းကင်းသော နိဗ္ဗာန်ကို ဟောကြားတတ်သော ပညာရှိကို ပြောဆိုမှသာလျှင် ပညာရှိဟူ၍ သိကြကုန်၏။

သို့ဖြစ်၍ ဟုတ်မှန်သောစကား၊ ဟုတ်မှန်သောသဘောတရားတို့ကိုသာလျှင် ပြောဆိုရာ၏၊ ထွန်းလင်းတောက်ပစေရာ၏။ ဘုရားရှင် အစရှိသော သူတော်ကောင်းတို့သည် ကောင်းစွာ ဟောပြောအပ်သော၊ တရားတော်တည်းဟူသော တံခွန်ရှိကြကုန်၏။ ထိုတံခွန်ကို ချီးမြှောက်ရာ၏၊ အမှန်အားဖြင့် တရားတော်ကား ထိုသူတော်ကောင်းတို့၏ တံခွန်မည်ကုန်၏"

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ အကျိုးအကြောင်းပြကာ တရားဟောပြန်လေ၏။

ထိုအခါ ပေါရိသာဒ၏ သားတော် ဇာရာဏသီမင်းသည်လည်းကောင်း၊ စစ်သူကြီးကာဠဟတ်သည်လည်းကောင်း၊ မိဖုရားကြီးသည်လည်းကောင်း မဟာသုတသောမမင်းကြီး၏ တရားစကားကို နာကြားရလျှင် အလွန်ပင် နှစ်သက်ရွှင်လန်းကြကုန်၏။ သို့ဖြစ်၍ သုတသောမမင်းကြီးအား-

"အရှင်မင်းကြီး... အကျွန်ုပ်တို့သည် ပေါရိသာဒအား ဆောင်ယူရန်အတွက် သွားကြပါကုန်အံ့"

ဟု လျှောက်ထားပြီးလျှင် ဗာရာဏသီ တစ်ပြည်လုံးကို စည်လည်စေ၏။ စည်းဝေးစေ၏။ ထို့နောက်-

"အို... ပြည်သူပြည်သားအပေါင်းတို့၊ သင်တို့သည် ပေါရိသာဒအား ကြောက်စရာ မလိုတော့ပြီ။ ငါတို့၏ အရှင်မင်းကြီးသည် ငါးပါးသီလ လုံခြုံပေပြီ၊ တရားတော်၌ တည်ရှိပေပြီ။ လာကြကုန်လော့၊ ငါတို့သည် မင်းကြီးအား ဆောင်ယူကြပါကုန်အံ့"

ဟူ၍ဆိုကာ သုတသောမ မင်းကြီးအား ရှေ့တွင် ထားလျက် မြို့တံခါးသို့ ထွက်လေ၏။

ပေါရိသာဒထံ ရောက်လျှင် ဆံ၊ မုတ်ဆိတ်တို့ကို ရှင်းလင်းပြင်ဆင်ခြင်း၊ ရေမိုးသန့်စင်ခြင်း၊ နံ့သာလိမ်းခြင်း၊ တန်ဆာဆင်ခြင်း စသည်တို့ကို ပြုလုပ်ပြီးလျှင် ရတနာအစု၌ ထားကာ အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏။

ထို့နောက် ပေါရိသာဒလည်း မင်းအဖြစ်ကို ပြန်လည်ရရှိ

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် မြို့တွင်းသို့ ဝင်တော်မူ၍ သုတသောမ မင်းကြီးအား လည်းကောင်း၊ တစ်ရာသော မင်းတို့အားလည်းကောင်း များစွာသော ပူဇော်သက္ကာရကို ပြုတော်မူလေ၏။ ဤတွင်-

"သုတသောမမင်းကြီးလည်း လူသားစား ပေါရိသာဒကို ဆုံးမ၍ မင်းအဖြစ်ကို ပေးလေပြီ"

ဟူသော သတင်းသည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ကြီးစွာသော ပွဲတင်ထပ်မှုကို ဖြစ်စေခဲ့၏။ ကုရုဒ္ဓပဋ္ဌနဂိုရ် ပြည်သူပြည်သားတို့မှာလည်း သုတသောမမင်း ကြွလာစေရန် တမန်တော်များကို စေလွှတ်ကြလေ၏။

သုတသောမမင်းကြီးလည်း ဗာရာဏသီပြည်၌ တစ်လတာမျှ နေတော်မူပြီးလျှင် ပေါရိသာဒမည်သော ဗြဟ္မဒတ်မင်းအား-

"အဆွေတော် ဗြဟ္မဒတ်... ငါတို့ သွားကြပါကုန်အံ့။ မမေ့မလျော့ နေရစ်ပါလော့၊ မြို့တံခါးလေးမျက်နှာတို့၌ လည်းကောင်း၊ နန်းတော်တံခါး၌လည်းကောင်း ဤငါးဌာနတို့၌ အလှူတင်းကုပ် ငါးဆောင်ကို ဆောက်လုပ်ပြီးလျှင် နေ့စဉ်မပြတ် အလှူကိုပေးလော့၊ သီလကို ဆောက်တည်လော့၊ ဥပုသ်ကို စောင့်သုံးလော့၊ အဂတိ မလိုက်စားဘဲ မင်းကျင့်တရားဆယ်ပါးနှင့်အညီ မင်းပြုလော့"

ဟု ဆုံးမပြီးလျှင် တစ်ရာသော မင်းတို့နှင့်တကွ မှူးမတ်ဗိုလ်ပါ စစ်သည်များ ခြံရံလျက် ဗာရာဏသီမြို့တော်မှ ထွက်တော်မူခဲ့၏။ ပေါရိသာဒမည်သော ဗြဟ္မဒတ်မင်းကြီးသည်း မြို့တော်မှထွက်၍ ခရီးထက်ဝက်တိုင်အောင် ပို့ပြီးမှ ပြန်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သုတသောမမင်းလည်း တစ်ရာသောမင်းတို့အား ဆင်ယာဉ်၊ မြင်းယာဉ်၊ ရထားယာဉ်တို့ကိုပေး၍ မိမိတို့၏ တိုင်းနိုင်ငံ မြို့တော် အသီးသီးကို ပြန်ကြရန် လွှတ်လိုက်လေ၏။ တစ်ရာသော မင်းအပေါင်းတို့လည်း သုတသောမမင်းကြီးအား ရှိသေစွာ ရှိခိုးပြီးလျှင် မိမိတို့တိုင်းပြည်၏ တိုင်းနိုင်ငံမြို့တော်အသီးသီးသို့ ပြန်ကြလေ၏။

သုတသောမမင်းကြီးလည်း မြို့တော်သို့ရောက်လျှင် ကုရုပတ္တနဂိုရ်တစ်မြို့လုံးကို နတ်ပြည်မြို့အလား တန်ဆာဆင်၍ မြို့တော်တွင်းသို့ ဝင်လေ၏။ မြို့တော်သူ မြို့တော်သား အလုံးစုံတို့လည်း သုတသောမမင်းကြီးအား ဝမ်းသာအားရ ကြိုဆိုကန်တော့ကြကုန်၏။ မင်းကြီးလည်း မယ်တော်၊ ခမည်းတော်တို့ကို ရှိခိုးပြီး ရွှေနန်းပြာသာဒ်ထက်သို့ တက်တော်မူ၏။

တစ်နေ့သ၌ သုတသောမမင်းကြီးသည်–

"ပညောင်ပင်စောင့်နတ်ကား ငါ့အပေါ်တွင် ကျေးဇူးများစွာ ရှိပေ၏။ ထိုပညောင်ပင်စောင့်နတ်အား ပူဇော်သက္ကာရပြုမည်"

ဟူ၍ ကြံစည်တော်မူလေ၏။ ထို့နောက် ပညောင်ပင်၏ အနီး၌ ကြီးစွာသော ရေကန်ကြီးကို တူးဖော်စေ၏။ ပြီးလေသော် လူမျိုးစုံတို့နေထိုင်ရာ ကြီးစွာသော ရွာကို တည်စေ၏။ ထိုရွာကြီးကား ကျယ်ဝန်း၍ ရှစ်သောင်းသော အိမ်၊ ဈေးတို့ဖြင့် တင့်တယ်စည်ကားလှ၏။

ပညောင်ပင်အရင်းကိုလည်း အခက်အဖျား ပေါက်ရာတိုင်

www.burmeseclassic.com



အောင် မြေကို သန့်ရှင်းစင်ကြယ်စေပြီး အညီအညွတ်ပြု၏။ အရပ်လေးမျက်နှာမှ ကာရံလျက် ပွတ်လုံး၊ ပွတ်တိုင်၊ တံခါး မုခ်၊ တံခါးတိုင်၊ တံခါးတို့ကို ပြုလုပ်စီရင်၏။ ပြောင်ပင်စောင့် နတ်လည်း အလွန်ပင် နှစ်သက်၏။ ထိုနိဂုံးရွာအား 'ကမ္ဘာသ ဒမ္မနိဂုံး' ဟု အမည်တွင်စေပြီး ရွာသူရွာသားအပေါင်းကိုလည်း ပူဇော်သက္ကာရကို ပြုစေ၏။ အလုံးစုံသောမင်းတို့လည်း သုတ သောမမင်းကြီး၏ အဆုံးအမ၌ တည်ကုန်၍ ဒါန၊ သီလ စသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြလျက် သေလွန်သည်ရှိသော် နတ်ပြည်သို့ လားရောက်ကြရကုန်၏။

ဤသို့လျှင် ဗုဒ္ဓဘုရားရှင်လည်း အတိတ်၊ ပစ္စုပ္ပန် နှစ်တန် သော ဝတ္ထုတို့ကို အနုသန္ဓေဆက်စပ်တော်မူပြီးနောက်–

"ရဟန်းတို့–


ထိုစဉ်အခါက ပေါရိသာဒမင်းသည် ယခုအခါ အင်္ဂုလိမာလ၊ ကာဠှဟတ်စစ်သူကြီးသည် သာရိပုတ္တရာ၊ နန္ဒ ပုဏ္ဏားသည် ...နန္ဒာ၊ ပြောင်ပင်စောင့်နတ် ...သည်း မဟာ ကဿပ၊ သိကြားမင်းသည် အနုရုဒ္ဓါ၊ ကြ... သောပရိသတ် တို့သည် မယ်တော်၊ ခမည်းတော်တို့ ဖြစ်လာကြပြီး သုတ သောမမင်းသည်ကား ငါဘုရားရှင် ဖြစ်လာ၏"

ဟု မိန့်ဆိုကာ ဇာတ်ကို ပေါင်းတော်မူလေသတည်း။

✦

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# (က)
# ငါးရာငါးဆယ်နှင့်
# ဇာတ်တော်ကြီး (၁၀) ဘွဲ့

သုံးလောက ဖွတ်ထား ဂေါတမမြတ်စွာဘုရားရှင်သည် ဘဝပေါင်းများစွာကို ကျင်လည်ခဲ့ရ၏။

ထိုဘဝများစွာကို ခွဲခြားကြည့်လျှင် ဖြစ်တော်စဉ်ပေါင်း (၅၄၇) ဇာတ် ရှိခဲ့၏။ ထိုဇာတ်ဝတ္ထုများကို ရဟန်းရှင်လူ ပရိသတ်အသီးသီးအား ဟောကြားတော်မူခဲ့၏။ ဤဗုဒ္ဓ ဇာတ်တော် အရေအတွက်တို့အား မှတ်သားလွယ်၊ ခေါ်ဆိုရလွယ်အောင် ငါးရာငါးဆယ် (၅၅၀) နိပါတ်တော်ဟု သညာပြုထားခဲ့ပေ၏။

ယခု အတွဲ (၁) မှသည် အတွဲ (၂၄) အထိ ဇာတ်တော် ပေါင်း (၅၃၇) ဇာတ်ကို စာဖတ်ပရိသတ်တို့ လွယ်ကူစွာ ဖတ်ရှုရလေအောင် ခက်ခဲသောဝေါဟာရများ၊ ရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖေါ်ရာဇာစကားများ၊ ပါဠိစကားလုံးများကို နည်းနိုင်သမျှ နည်းအောင် စိစစ်၍ ဟတ်စွမ်းသမျှ အားထုတ်ရေးသား ထားပါသည်။

ဤသို့ အချို့၊ အချို့သော ဇာတ်တော်များမှာ အတော်နီးပါး ထပ်တူထပ်မျှ ဖြစ်နေသည်ကို တွေ့ရမည်ကိုစိုး၍ စိတ်အာရုံ ငြီးငွေ့မည်စိုး၍ ကနဦးတစ်ပုဒ်ကို ပြည့်စုံစွာဖော်ပြပြီး နောက်တစ်ပုဒ်ကိုမူ ခပ်ပါးပါးကလေး ရေးသားထားသည်ကို တွေ့ရပါလိမ့်မည်။

ဗုဒ္ဓမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော် မရမီ၊ တစ်နည်းအားဖြင့် ဘုရားရှင်အဖြစ်သို့ မရောက်မီ ရှေးအတိတ်၊ အတိတ်ဘဝများစွာ၌ တိရစ္ဆာန်ဘဝများတွင် ကျင်လည်ခဲ့ရသည်။ သည့်အတွက် ပညာရှင်တို့က ဗုဒ္ဓဖြစ်စဉ် ဘုရားရှိခိုး ဂါထာတော်ကို လင်္ကာဖွဲ့ဆိုခဲ့ပါသည်။ ထိုဂါထာတော်ကို ဖွဲ့ဆိုထားသည့် လင်္ကာမှာ—

"အစကြိုးကြာ၊ ဆယ့်ခြောက်ခါတည့်
ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကား နို
ကျေးညီုသုံးခါ၊ သံသာကျူးဟိတ်
ကရဝိက်ငါး၊ မျောက်ကားတစ်ဆယ်
ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်ဆယ့်လေး
တော့ သိန္ဓဝ၊ ကျွဲအင်္ဂနှင့်
သံမြသံငြောင်း၊ ဥဒေါင်းနှစ်ခါ
သာလိကာသတ္တာ၊ ဒွါဒသကြက်
ဝက်ကားဆယ့်သုံး၊ ပေါင်းရုံးများစွာ
တစ်ရာ့သုံးဆယ်၊ ခြောက်ဖြစ်ဝယ်၌

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်တစ်စိ၊ ဘေးမရှိသည့်
မုနိမြတ်သောင်း၊ ဖြစ်တော်ပေါင်းကို
ညွှတ်ပျောင်းဖှုပ်ကွ၊ ပမာဏဖြင့်
ကြည့်စွ သဒ္ဓါ၊ ရှိသေစွာ
ရှိခိုးကန်တော့ပါ၏ဘုရား"

ဟူ၍ ဖြစ်၏။ သို့ဖြစ်၍ ဘုရားရှင်၏ ရှေးဘဝ၊ ဘဝများစွာ၌ ဖြစ်ခဲ့ဖူးသော တိရစ္ဆာန်ဘဝပေါင်းမှာ (၁၃၆) ဘဝဖြစ်၏။ ရှင်းလင်းစွာ ဖော်ပြရလျှင်–

| | | |
|---|---|---|
| ကြိုးကြာဘဝ | – | ၁၆ |
| ဟင်္သာဘဝ | = | ၉ |
| နွားဘဝ | = | ၆ |
| ကျေးညိုဘဝ | = | ၃ |
| ကရဝိတ်ဘဝ | = | ၅ |
| ကိန္နရီဘဝ | = | ၄ |
| စာမရီဘဝ | = | ၁၅ |
| မျောက်ဘဝ | = | ၁၀ |
| ဆင်ဘဝ | = | ၁၁ |
| နွားဘဝ | = | ၁၄ |
| သိန္ဓဝ မြင်းဘဝ | = | ၁ |
| ကျွဲဘဝ | = | ၈ |
| ဥဒေါင်းဘဝ | = | ၂ |
| သာလိကာဘဝ | = | ၇ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ကြက်ဘဝ | = | ၁၂ |
| ဝက်ဘဝ | = | ၁၃ |
| စုစုပေါင်း | = | ၁၃၆ |

စသည်တို့ ဖြစ်ပါ၏။

ဤ၌ 'အနုမှာတစ်ကျိပ်၊ အရင့်မှာ ငါးရာ' ဆိုသော စကားနှင့်အညီ ဇာတ်တော်ကြီး (၁၀) ဘွဲ့လာ ဇာတ်ဆယ်ဘွဲ့မှာလည်း (၅၅၀) နိပါတ်ထဲ၌ အကျုံးဝင်၍ နေပါသည်။ ယခု ရေးသား ဖော်ပြခဲ့ပြီးသော (၅၃၇) ဇာတ်နှင့် ဇာတ်ကြီးဆယ်ဘွဲ့မှ (၁၀) ဇာတ်တို့ကို ပေါင်းလိုက်ပါက (၅၄၇) ဇာတ် ဖြစ်ပါသည်။ ယင်းကိုပင် အလွယ်မှတ်သားမိစေရန် (၅၅၀) ဟု ဆိုလိုက်ခြင်း ပါပေ။

ထိုဇာတ်တော်ကြီး (၁၀) ဘွဲ့ကား အတိုကောက်အားဖြင့် 'တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ' ဟု အမှတ်သညာ ပြုထားကြပြီး တစ်ဇာတ်ချင်းအနေဖြင့်မူ–

(၁) တေမိယ ဇာတ်တော်ကြီး
(၂) ဇနက ဇာတ်တော်ကြီး
(၃) သုဝဏ္ဏသာမ ဇာတ်တော်ကြီး
(၄) နေမိ ဇာတ်တော်ကြီး
(၅) မဟောသဓာ ဇာတ်တော်ကြီး
(၆) ဘူရိဒတ် ဇာတ်တော်ကြီး
(၇) စန္ဒကုမာရ ဇာတ်တော်ကြီး
(၈) နာရဒ ဇာတ်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



(၉) ဝိဓူရ ဇာတ်တော်ကြီး

(၁၀) ဝေဿန္တရာ ဇာတ်တော်ကြီး တို့ ဖြစ်ကြပါ၏။

ထိုဇာတ်တော်ကြီး (၁၀) ဘွဲ့အား ရှေးပညာရှိ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့သည် မာဂဓဘာသာ၊ ပါဠိဘာသာ၊ မြန်မာစကားပြေသက်သက် စသည်တို့ဖြင့် ခေတ်အဆက်ဆက် ရေးသားပြုစုခဲ့ကြ၏။ စာဆိုတို့သည် ပျို့၊ လင်္ကာ၊ တရားစာ၊ ဇာတ်စကား၊ ရဟန်း၊ ဟောစာ တို့ဖြင့်လည်း မြန်မာစာပေ အခက်အလက်တို့ ဖွံ့ဖြိုးဝေဆာစေရန် ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။ ဤဒွိစကားပြေအဖွဲ့ဖြင့် ဇာတ်တော်ကြီး (၁၀) ဘွဲ့အား ရေးသားသူ၊ ရေးသားရန် လျှောက်ထားသူ၊ ကျမ်းပြီးနှစ်တို့ကို လေ့လာကြည့်ပါလျှင်–

### ၁။ တေမိယဇာတ်တော်ကြီး

မင်းဘူးမြို့၊ လေသာကျောင်းတိုက် ဆရာတော် ဦးသြဘာသမှ ကျောင်းဒါယကာ မောင်ဝ အကြိမ်ကြိမ် တောင်းပန်သဖြင့် မြန်မာစကားပြေသက်သက် ရေးသားခဲ့ရာ ၁၁၄၈ ခုနှစ်၊ တပို့တွဲလဆန်း (၁၁) ရက်နေ့တွင် ပြီးစီးခဲ့၏။

### ၂။ ဇနက ဇာတ်တော်ကြီး

မင်းဘူးမြို့၊ လေသာကျောင်းတိုက် ဆရာတော် ဦးသြဘာသမှ ကျောင်းဒါယကာ မောင်ဝ၏ သားဖြစ်သူ ဒါယကာ မောင်တောက်၏ တောင်းပန်လျှောက်ထားမှုဖြင့် ရေးသားခဲ့ရာ ၁၁၄၇ ခုနှစ်၊ နယုန်လတွင် ပြီးစီးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ သုဝဏ္ဏသာမ ဇာတ်တော်ကြီး

စာရေးတော်ကြီး မောင်သာ၏ တောင်းပန်လျှောက်ထားချက်အရ အသျှင်ပညာတိက္ခမှ ရေးသားပြုစုခဲ့ရာ ၁၁၈၈ ခုနှစ်၊ နယုန်လတွင် ပြီးစီးခဲ့၏။

## ၄။ နေမိဇာတ်တော်ကြီး

ကျောင်းဒါယကာ မောင်ဝ၏သား ဒါယကာ မောင်တောက်၏ တောင်းပန်လျှောက်ထားမှုဖြင့် မင်းဘူးမြို့၊ ဦးသြဘာသမှ ရေးသားပြုစုခဲ့ရာ ၁၁၄၈ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့တွင် ပြီးစီးခဲ့၏။

## ၅။ မဟောသဓေဇာတ်တော်ကြီး

ကျောင်းဒါယကာ မောင်ဝ၏သား ဒါယကာ မောင်တောက်၏ တောင်းပန်လျှောက်ထားမှုဖြင့် မင်းဘူးဆရာတော် ဦးသြဘာသမှ ရေးသားပြုစုခဲ့ရာ ၁၁၄၆ ခုနှစ်၊ တန်ဆောင်မုန်းလတွင် ပြီးစီးခဲ့၏။

## ၆။ ဘူရိဒတ်ဇာတ်တော်ကြီး

ဥက္ကံသရှင်သာမဏေ၏ တောင်းပန်လျှောက်ထားချက်အရ အရှင်နန္ဒမေဓာမှ ရေးသားပြုစုခဲ့ရာ ၁၁၄၈ ခုနှစ်၊ နတ်တော်လတွင် ပြီးစီးခဲ့၏။

## ၇။ စန္ဒကုမာရ ဇာတ်တော်ကြီး

ကျောင်းဒါယကာ မောင်ဝ၏သား ဒါယကာမောင်တောက်၏ တောင်းပန်လျှောက်ထားမှုဖြင့် မင်းဘူးဆရာတော် ဦးသြ

www.burmeseclassic.com

www.burmeseclassic.com



ဘာသမှ ရေးသားပြုစုခဲ့ရာ ၁၁၄၄ ခုနှစ်၊ ပြာသိုလတွင် ပြီးစီးခဲ့၏။

## ၈။ နာရဒဇာတ်တော်ကြီး

ကျောင်းဒါယကာ မောင်ဝ၏သား ဒါယကာ မောင်တောက်၏ တောင်းပန်လျှောက်ထားမှုဖြင့် မင်းဘူးဆရာတော် ဦးဩဘာသမှ ရေးသားပြုစုခဲ့ရာ ၁၁၄၄ ခုနှစ်၊ တန်ခူးလတွင် ပြီးစီးခဲ့၏။

## ၉။ ဝိဓူရ ဇာတ်တော်ကြီး

ကျောင်းဒါယကာ မောင်ဝ၏သား ဒါယကာ မောင်တောက်၏ တောင်းပန်လျှောက်ထားမှုဖြင့် မင်းဘူးဆရာတော် ဦးဩဘာသမှ ရေးသားပြုစုခဲ့ရာ ၁၁၄၅ ခုနှစ်၊ ဝါခေါင်လတွင် ပြီးစီးခဲ့၏။

## ၁၀။ ဝေဿန္တရာ ဇာတ်တော်ကြီး

ကျောင်းဒါယကာ မောင်ဝ၏သား ဒါယကာ မောင်တောက်၏ တောင်းပန်လျှောက်ထားမှုဖြင့် မင်းဘူးဆရာတော် ဦးဩဘာသမှ ရေးသားပြုစုခဲ့ရာ ၁၁၄၅ ခုနှစ်၊ တပေါင်းလတွင် ပြီးစီးခဲ့၏။

အဆိုပါ ဇာတ်တော်ကြီး (၁၀) ဘွဲ့တွင် မင်းဘူး ဆရာတော် ဦးဩဘာသသည် ဇာတ်တော် (၈) ဘွဲ့တိတိကို ရေးသားနိုင်ခဲ့၏။ မင်းဘူးဆရာတော် ဦးဩဘာသ ပျံလွန်တော်မူသွားသဖြင့် အတွက် ဇာတ်ကြီး (၂) ဘွဲ့ကို အသျှင်ပညာတိက္ခနှင့် အသျှင်နန္ဒမေဓာတို့က ရေးသားပြုစုခဲ့ခြင်းဖြစ်ပေ၏။

www.burmeseclassic.com

www.burmeseclassic.com



၅၅၀ နိပါတ်တော်လာတွင် ဤဇာတ်တော်ကြီး ဆယ်ဘွဲ့သည် အပါအဝင် ဖြစ်၏။ လောကခပ်သိမ်း၌ အကြီးကျယ်ဆုံး၊ အမြင့်မြတ်ဆုံး သုံးလောကထွတ်ထား သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဇာတ်တော်များဖြစ်၍ လေ့လာစရာ၊ မှတ်သားစရာ၊ အတုယူစရာ၊ သင်ခန်းစာယူစရာ၊ ကြည်နူးနှစ်သက်စရာ ဇာတ်လမ်းဇာတ်ကွက်များစွာ ပါဝင်နေပါသည်။ ထိုဇာတ်များအား တစ်အုပ်ချင်း အသေးစိတ် ရှာဖွေဖတ်ရှုရန် မလွယ်ကူပါက အလွယ်တကူ စာဖတ်ရှုနိုင်ရန် ဤစာရေးသူအနေဖြင့် 'ခေတ်မီဇာတ်တော်ကြီးဆယ်ဘွဲ့' အား ပြုစုရေးသားထုတ်ဝေခဲ့ပြီး မြတ်ပန်းရဂုံစာပေတိုက်မှ ထွက်ရှိနေပြီ ဖြစ်ပါ၏။ ထိုစာအုပ်ကို ဝယ်ယူဖတ်ရှုကြပါရန် တိုက်တွန်းလိုက်ရပါသတည်း။

ဤတွင် ၅၅၀ နိပါတ်တော် ပြီးဆုံး၏။

www.burmeseclassic.com

www.burmeseclassic.com

# ၃ - မြတ်ဗုဒ္ဓ၏ဖြစ်တော်စဥ်



www.burmeseclassic.com

www.burmeseclassic.com

# (၁)
# မြတ်ဗုဒ္ဓ၏ဖြစ်တော်စဉ်

ရှေး... လွန်လေပြီးသော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလ။

ကပိလဝတ်ပြည်အား အုပ်စိုးသူမှာ သာကီဝင် မင်းမျိုးဖြစ်သော 'ဘုရင်သုဒ္ဓေါဒန' ဖြစ်၏။ ထိုမင်း၌ ညီအစ်မရင်း တော်စပ်ကြသော မိဖုရားခေါင်ကြီး 'မာယာဒေဝီ' နှင့် မြောက်နန်းမိဖုရား 'ဂေါတမီ' တို့ ရှိလေ၏။

တစ်ညတွင် မာယာဒေဝီမိဖုရားကြီးသည် ထူးဆန်းသော အိပ်မက်ကို မြင်မက်၏။ နတ်မင်းကြီးလေးပါးက သူ့အား သလွန်နှင့်တကွ ဟိမဝန္တာသို့ ယူဆောင်သွားခဲ့ပြီး နတ်သမီးလေးပါးက နတ်ရေကန်၌ ရေမိုးသန့်စင်ပေးပုံ၊ ငွေတောင်အတွင်းရှိ ရွှေပြာသာဒ်၌ သိပ်ထားပုံ၊ ထိုစဉ် ဆင်ဖြူတော်ကြီးတစ်စီးပေါ်လာပြီး သူ့ဝမ်းတွင်း ဝင်လာသည့် အိပ်မက်ပင်ဖြစ်၏။

ထိုအချိန်မှာပင် မိဖုရားကြီး မာယာဒေဝီလည်း ဗုဒ္ဓဘုရားအလောင်းတော်ကို ပဋိသန္ဓေ တည်လေသတည်း။

* * *

မိဖုရားကြီး သန္ဓေမှာ ဆယ်လတာ ကြာမြင့်ခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မာယာဒေဝီသည် ခမည်းတော်၊ မယ်တော်တို့ ရှိရာ ဒေဝဒဟပြည်သို့ မင်းကြီး၏ ကြည်သာစွာ ခွင့်ပြုချက်ဖြင့် ရွှေထမ်းစင်ကိုစီးကာ အခြွေအရံတို့နှင့် ထွက်လာခဲ့ကြ၏။

လုမ္ဗိနီသာမော အင်ကြင်းတောသို့ ရောက်သည်ရှိသော် ပင်လုံးကျွတ်စေဆာ ပွင့်လန်းနေကြသော အင်ကြင်းပန်းတို့ကို မြင်ရလေ၏။ ထိုအခါ ခူးဆွတ်လိုစိတ်ဖြင့် ရပ်နားခိုင်းပြီး ရွှေထမ်းစင်မှဆင်းကာ အင်ကြင်းခက်ကို ဆွဲကိုင်စဉ် ဘုရားလောင်းကို ဖွားမြင်လေ၏။ ထိုနေ့ကား မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့ ဖြစ်လေ၏။

ဘုရားလောင်းသည် ဖွားလျှင် ဖွားချင်းပင် မတ်တတ်ရပ်၏။ ထို့နောက် ခုနစ်ဖဝါး လှမ်းသွားပြီးလျှင်–

“ငါသည် တစ်လောကလုံးထက် မြတ်၏”

ဟူ၍ ကြုံးဝါးလေ၏။

ထိုနေ့မှာပင် ယသော်ဓရာမင်းသမီးလောင်းလျာ၊ ညီတော် အာနန္ဒာလောင်းလျာ၊ ကာဠုဒါယီ အမတ်လောင်းလျာ၊ ဆန္န အမတ်လောင်းလျာတို့နှင့်တကွ ကဏ္ဍကမြင်းကိုလည်း မွေး၏။ ထို့ပြင် ရွှေအိုးကြီး လေးလုံးတို့ ပေါ်လာပြီး ဗောဓိပင်လည်း ပေါက်၏။

ယင်းတို့သည်ကား ဘုရားလောင်း၏ ဖွားဖက်တော် ခုနစ်ပါး ဖြစ်လေ၏။

ဘုရားလောင်းဖွားမြင်သည်ဟု ကြားသော် ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်မှ ဆွေကော်မျိုးတော် အပေါင်းတို့သည် စုဝေး

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာကြကုန်၏။ ထို့နောက် မာယာဒေဝီနှင့် ဘုရားလောင်းကို ကပိလဝတ်ပြည်သို့ ပြန်လည် ခေါ်ဆောင်ခဲ့ကြ၏။

ထိုအခါ သုဒ္ဓေါဒနမင်းကြီး ကိုးကွယ်သော ကာလဒေဝီရသေ့ကြီးလည်း နန်းတော်သို့ ကြွလာလေ၏။ မင်းကြီးလည်း သားတော်အား ရသေ့ကြီးကိုပြ၍–

"သားတော်... အရှင်မြတ်ကို ရှိခိုးလော့"

ဟု ဆိုလေ၏။

သို့ရာတွင် ဘုရားလောင်းကား ရှိမခိုးခဲ့။ ရှိမခိုးရုံမက ရသေ့ကြီး၏ ဦးခေါင်းထက်၌ ခြေအစုံ ရပ်လေ၏။

အံ့ဖွယ်ဘနန်း ဖြစ်လေရကား၊ ရသေ့ကြီးလည်း ဘုရားလောင်းအား ရှိခိုး၏။ မင်းကြီးသည်လည်း သားတော်အား ရှိခိုး၏။ (ပထမဆုံးအကြိမ် ရှိခိုးခြင်းဖြစ်၏။)

ကာလဒေဝီရသေ့ကြီးသည် ဘုရားလောင်း၏ ကြန်အင်လက္ခဏာကို ကြည့်၍ ဦးစွာရယ်၏။ ထို့နောက် ငိုကြွေး၏။ မင်းကြီး မေးသည်ရှိသော်–

"ဒကာတော်... မင်းမြတ်၊ သင်၏ သားတော်ကား ဘုရားဖြစ်လိမ့်မည်။ ထို့ကြောင့် ငါ၀မ်းသာကာ ရယ်မိ၏။ သို့ရာတွင် သင်၏ သားတော် ဘုရားဖြစ်ချိန်၌ ငါသည် သေလွန်ပြီဖြစ်ရကား ဝမ်းနည်းသဖြင့် ငိုကြွေးခြင်း ဖြစ်၏"

ဟု မိန့်ဆိုလိုက်လေသတည်း။

* * *

ဘုရားလောင်း ဖွားမြင်ပြီး ငါးရက်မြောက်သောနေ့၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးသည် ပုဏ္ဏားတော်များကို ဖိတ်ကြားကာ သားတော်၏ လက္ခဏာတို့ကို ကြည့်ရှုဖတ်ကြားစေ၏။ ပုဏ္ဏားတော် ခုနစ်ယောက်တို့က–

"သားတော်သည် စကြဝတေးမင်းသော်လည်းကောင်း၊
ဘုရားရှင်သော်လည်းကောင်း ဖြစ်လိမ့်မည်။

ဟူ၍ စကားနှစ်ခွ ဆိုကြကုန်၏။ အငယ်ဆုံးဖြစ်သော ကောဏ္ဍည ပုဏ္ဏားကမူ–

"အရှင်မင်းကြီး၏ သားတော်သည် တောထွက်၍
ကေန်စင်စစ် ဘုရားဖြစ်လိမ့်မည်"

ဟု တစ်ခွန်းတည်းသောစကားကို ပြတ်သွားစွာဟောကြားလေ၏။

"ကောဏ္ဍညပုဏ္ဏား... သို့ဆိုပါက ငါ၏သားတော်
သည် မည်သည့်အရာကိုမြင်၍ တောထွက်ပါမည်နည်း"

"အရှင်မင်းကြီး... သူအို၊ သူနာ၊ သူသေ၊ ရဟန်း
ဟူသော နိမိတ်ကြီးလေးပါးကိုမြင်၍ တောထွက်ပါလိမ့်
မည်"

ထို့နောက် ဘုရားလောင်းအား 'သိဒ္ဓတ္ထ' ဟူ၍ အမည်ပေးကြ၏။ ဂေါတမအနွယ်ဖြစ်သောကြောင့် 'သိဒ္ဓတ္ထဂေါတမ' ဟူ၍လည်း ခေါ်ကြကုန်၏။

ခုနစ်ရက်မြောက်နေ့ ရောက်လေသောအခါတွင်မူ မယ်တော်မာယာဒေဝီလည်း နတ်ရွာစံ ကံတော်ကုန်လေ၏။ ထို့အခါ မြောက်နန်းစံ ညီမတော် ဂေါတမီသည် မိဖုရားခေါင်ကြီး ဖြစ်လာခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မိထွေးတော် ဂေါတမီသည် သိဒ္ဓတ္ထ မင်းသားကလေးအား သားတော်ရင်းပမာ နွေးထွေးစွာ စောင့်ရှောက်မွေးမြူ၏။ ကိုယ်တိုင် နို့ချိုအေးကို တိုက်ကျွေး၏။ သိဒ္ဓတ္ထမင်းသား ဖွားမြင်ပြီး နှစ်ရက်သုံးရက်အကြာ၌ ဂေါတမီတွင် နန္ဒမင်းသားကို ဖွားမြင်၏။ သားတော်ရင်းကို နို့တိုက်ရန် နို့ထိန်းများနှင့် လွှဲအပ်ထားလေ၏။

သုဒ္ဓေါဒနမင်းကြီးကား သားတော်အား စကြဝတေးမင်းသာ ဖြစ်စေချင်၏။ ဘုရားအဖြစ်ကိုမူ မလိုလားပေ။ ထို့ကြောင့် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့အား နန်းတွင်း၊ မြို့တွင်းနှင့် မြို့ပြင် နှစ်မိုင်ခန့်ထိ ရောက်မလာရလေအောင် အစောင့်များကို တာဝန်ပေးထားလေ၏။

သိဒ္ဓတ္ထမင်းသား တစ်လသားအရွယ်တွင် ဖခင်သုဒ္ဓေါဒန မင်းကြီးသည် လယ်ထွန်မင်္ဂလာ ကျင်းပရာသို့ ခေါ်ဆောင်သွားလေ၏။ ခမည်းတော်မင်းကြီး လယ်ထွန်မင်္ဂလာပြုနေစဉ် သားတော်လေးအား ဇမ္ဗူသပြေပင်အရိပ်၌ သိပ်ထားခဲ့၏။ ထိုအခါ သိဒ္ဓတ္ထမင်းသားကလေးသည် အိပ်ရာထက်မှ တင်ပျဉ်ခွေ ထိုင်ကာ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းနေလေ၏။

ထိုသို့သော အံ့ဖွယ်အခြင်းအရာကို မြင်တွေ့ရလေသော သုဒ္ဓေါဒနမင်းကြီးလည်း သားတော်အား ဒုတိယအကြိမ် ရှိခိုးလေ သတည်း။

* * *

သိဒ္ဓတ္ထမင်းသားကား သက်တော် (၁၆) နှစ်အရွယ်သို့ ရောက်ခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မင်းကြီးသည် သားတော်အတွက် ဆွေ၊ မိုး၊ ဆောင်း၊ ဥတုသုံးပါးတွင် အလဲအလှယ် စံစားနိုင်ရန် နန်းမ သုံးဆောင် ဆောက်လုပ်ပေး၏။ သို့ဖြစ်၍ စည်းစိမ်အမျိုးမျိုးကို ခံစားစေ၏။ တစ်နေ့တွင် မင်းကြီး၌ အကြံအစည်တစ်ခု ဖြစ်ပေါ်လာ၏။

"သားတော်ကား အရွယ်ရောက်လာပေပြီ။ သင့်လျော်သော မင်းသမီးနှင့် ထိမ်းမြား၍ ထီးနန်းအပ်မှတော်မည်။ မင်းစည်းစိမ်ကို ခံစားနေရလျှင် တောထွက်လိုစိတ်ပေါ်မည် မဟုတ်။ သို့မှသာ စကြဝတေးမင်းအဖြစ်ကို ငါတွေ့မြင်ရမည်"

သို့ဖြစ် သားတော်အတွက် မိဖုရားရွေးချယ်နိုင်ရန် ဆွေတော်မျိုးတော်တို့ထံသို့ မိမိတို့၏ သမီးတော်များ ပို့လွှတ်ကြရန် အကြောင်းကြားတော်မူလေ၏။

ထိုအခါ သာကီဝင်မင်းတို့သည် အထင်သေး အမြင်သေး စကားတို့အား အချင်းချင်း ပြောဆိုကြကုန်၏။

"အချင်းတို့... သိဒ္ဓတ္ထမင်းသားသည် ရုပ်ကသာ ချော၏။ ပညာကမူ မတတ်ပေ။ သားကျေးမှု၊ မယားကျွေးမှုကို ဘတ်နိုင်လိမ့်မည်မဟုတ်။ ငါတို့၏ သမီးတော်တို့ကို မပို့နိုင်"

ထိုစကားကို မင်းကြီး ကြားရ၏။ မင်းကြီး ပြန်ပြောသဖြင့် ကြားသိရသော သိဒ္ဓတ္ထမင်းသားလည်း ပရိသတ်ဗိုလ်ပုံအလယ်၌ ထူးကဲလှစွာသော လေးအတတ်ကို ပြလေ၏။ လေးအတတ်၌ အကျွမ်းကျင်ဆုံး လေးသမားတို့ထက်ပင် သာလွန်ပေရာ ဆွေတော်မျိုးတော်တို့နှင့်တကွ တိုင်းသူပြည်သားအပေါင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမသုံး ဖြစ်ကြရလေ၏။ ထိုအခါကျမှသာလျှင် လက်ဆောင် ပဏ္ဏာများနှင့်တကွ သမီးကညာများကို လာရောက်ဆက်သကြ ကုန်၏။ မင်းကြီးလည်း သမီးကညာ များစွာအနက်မှ ယသော် ဓရာ မင်းသမီးကို ရွေးချယ်ကာ ထိမ်းမြားလက်ထပ်ပေးလေ၏။ ထို့နောက် သားတော်အား ထီးနန်းလွှဲအပ်ပေးလေ၏။

သိဒ္ဓတ္ထမင်းသည် သက်တော် (၂၈) နှစ်သို့ ရောက်ခဲ့ပေပြီ။

တစ်နေ့တွင် ဥယျာဉ်တော်သို့ တောကစားထွက်လေ၏။ ဤတွင် နတ်တို့က ဖန်ဆင်းပြသဖြင့် လမ်းခုလတ်တစ်နေရာ၌ သူအိုကို တွေ့ရလေ၏။ ဤတွင်–

"လောက၌ မွေးဖွားလာသူ မှန်သမျှ အိုမင်းရသည်သာ တကား"

ဟူ၍ သံဝေဂရကာ နန်းတော်သို့ လှည့်ပြန်လေ၏။

လေးလကြာသောအခါ ဒုတိယအကြိမ် ဥယျာဉ်တော်သို့ ထွက်ပြန်၏။ လမ်းတွင် သူနာတစ်ယောက်ကို တွေ့မြင်ရလေ၏။ ထိုအခါ–

"နာခြင်းသဘောကို မည်သူမျှ မလွန်ဆန်နိုင်ပါ တကား"

ဟူ၍ သံဝေဂရကာ နန်းတော်သို့ လှည့်ပြန်လေ၏။

နောက်လေးလာကြာလေသော် တတိယအကြိမ် ဥယျာဉ် တော်သို့ ထွက်ရာ သူသေကို တွေ့ရလေ၏။ ဤတွင်–

"အိုခြင်း၊ နာခြင်း၊ သေခြင်းသဘောကို မည်သူမျှ မလွန်ဆန်နိုင်ပါတကား။ သည်လောကတွင် အို၊ နာ

www.burmeseclassic.com

www.burmeseclassic.com



သေဘေးမှ လွတ်မြောက်ရာ နည်းလမ်းတို့ မရှိတော့ပြီ လော၊ သည်ဘေးတို့မှ လွတ်မြောက်စမ်းချင်ပါဘိ”

ဟု ဆိုကာ နန်းတော်သို့ ပြန်ခဲ့၏။

နောက်လေးလကြာသော် စတုတ္ထအကြိမ် ဥယျာဉ်သို့ ထွက် ပြန်၏။ ထိုအချိန်၌ကား ရဟန်းတစ်ပါးကို တွေ့မြင်ရလေ၏။ ဤတွင်–

“ရဟန်းအဖြစ်သည်ကား ကောင်းပေစွ”

ဟူ၍ ဥဒါန်း ကျူးရင့် မိလေသတည်း။

* * *

သိဒ္ဓတ္ထမင်းသားကား ကြည်လင်ရွှင်လန်း နှစ်သက်သဖြင့် ဥယျာဉ်သို့ ဆက်၍ သွားလေ၏။ ဥယျာဉ်၌ တစ်နေ့လုံးနေကာ–

“ငါသည် ထီးနန်းကိုစွန့်၍ တောထွက်တော့မည်။ အို၊ နာ၊ သေဘေးတို့ ငြိမ်းအေးရာတရားကို ငါ တွေ့အောင် ရှာမည်”

ဟူ၍ ကြံစည်စိတ်ကူးကာ စံမြန်းနေခဲ့လေ၏။

ညနေချမ်းသို့ ရောက်သောအခါတွင်မှ နန်းတော်သို့ပြန်ရန် ရထားထက်သို့ တက်လေ၏။ ထိုစဉ် မင်းချင်းတစ်ဦး ရောက် လာ၍–

“အရှင်သား၊ ယသော်ဓရာ မိဖုရားတွင် သားတော် ကလေး ဖွားမြင်ပါ၏”

ဟု လျှောက်ထားလေ၏။ ဤတွင် မိမိ၏အကြံကို သား တော်ကလေး နှောင့်ယှက်တော့မည်ဟူသော အဓိပ္ပာယ်ဖြင့်–

www.burmeseclassic.com

www.burmeseclassic.com



"ရာဟု ဖမ်းပြီ... အနှောင်အဖွဲ့ဖြစ်ပြီ"

ဟူ၍ ရုတ်တရက် ဆိုမိုက်မိလေ၏။ ထိုစကားကိုယူ၍ သားတော်ကလေးအား 'ရာဟုလာ' ဟု အမည်ပေးလေ၏။

ထိုနေ့ညတွင် ခါတိုင်းကဲ့သို့ နန်းတွင်းသူများက အဆို၊ အတီး၊ အကတို့ဖြင့် သိဒ္ဓတ္ထအား ဖျော်ဖြေကြ၏။ သိဒ္ဓတ္ထလည်း ပျော်ရွှင်ခြင်းမရှိ။ မကြာမီ မှေးစက်အိပ်ပျော်သွားလေ၏။ နန်းတွင်းသူတို့လည်း တီးမှုတ်ကခုန် သီဆိုခြင်းကိုရပ်ကာ ထိုနေရာမှာပင် အိပ်စက်လေ၏။

သိဒ္ဓတ္ထမင်းလည်း သန်းခေါင်ယံအချိန်လောက်တွင် တစ်ရေးနိုးသဖြင့် အိပ်ရာမှ ထကြည့်လေရာ နန်းတွင်းသူများ ဖရိုဖရဲ အိပ်နေကြပုံကို စိတ်ပျက်ဖွယ် တွေ့မြင်ရလေ၏။ ထိုအခါ နန်းတော်ကြီးတစ်ခုလုံးအား သုသာန်တစ်စပြင်ပမာ ထင်မှတ်လာ၏။ ထိုအခါ 'ယခုညပင် တောထွက်တော့မည်' ဟု ဆုံးဖြတ်လိုက်လေ၏။ ဤတွင် ဆန္နအမတ်ကို သွား၍ နှိုးကာ တောထွက်မည်ဖြစ်ကြောင်း မိန့်တော်မူ၏။ ဆန္နအမတ် မြင်းပြင်နေစဉ် သိဒ္ဓတ္ထလည်း သားတော် ရာဟုလာကို ရှုမြင်လိုစိတ် ဖြစ်ပေါ်လာ၏။ ထိုအခါ ယသော်ဓရာ၏ တိုက်ခန်းဆောင်တံခါးဝသို့ ကြွလှမ်း၍ ကြည့်ရှုလေ၏။

ပြီးလေသော် သိဒ္ဓတ္ထမင်းသည် တစ်ညလုံး ခရီးပြင်း နှင်လာခဲ့၏။ နောက်ဆုံးတွင် အနော်မာမြစ်၏ တစ်ဖက်ကမ်းသို့ ရောက်လာ၏။ ထိုနေရာတွင် ဆံတော်ကိုပယ်၍ ရဟန်းအဖြစ်ကို ခံယူလေ၏။ ထို့နောက်–

www.burmeseclassic.com

www.burmeseclassic.com



"အမောင်ဆန္န... ပြန်လော့။ ခမည်းတော်၊ မယ်တော်နှင့် ယသော်ဓရာတို့ကို အကျိုးအကြောင်း သံတော်ဦးတင်လော့"

ဟုဆိုကာ ဆန္နအမတ်နှင့် ကဏ္ဍကမြင်းတော်တို့ကို ပြန်လွှတ်လေ၏။

ရဟန်းဘဝသို့ ရောက်လာပြီဖြစ်သော ဘုရားလောင်းသည် အနုပီယ သရက်တော၌ ခုနစ်ရက် နေတော်မူလေ၏။

ရှစ်ရက်မြောက်သောနေ့သို့ရောက်သော် ထိုအရပ်မှ ရာဇဂြိုဟ်သို့ ရောက်လေ၏။ မြို့တွင်းသို့ဝင်ကာ အိမ်စဉ်တစ်လျှောက် လှည့်၍ ဆွမ်းခံ၏။ ထူးခြားလှသော ရုပ်သွင်ကြောင့် တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်ကြလေ၏။ ထိုမြင်ကွင်းကို တွေ့မြင်လိုက်ရသော ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းသည် မင်းချင်းတို့အား လိုက်လံစုံစမ်းစေလေ၏။

မင်းချင်းတို့လည်း စုံစမ်းပြီးသည်နောက် မင်းကြီးအား တင်လျှောက်ကြလေ၏။ ထိုအခါ မင်းကြီးလည်း ဘုရားလောင်းထံ သွားရောက် စုံစမ်းမေးမြန်း၏။ အကြောင်းစုံသိလေသော် အလွန်ကြည်ညိုလှသဖြင့် ထီးနန်းစည်းစိမ်ကို အပ်နှင်း၏။ လက်မခံသဖြင့်–

"အရှင်မြတ်သည် ဘုရားစင်စစ် ဧကန်ဖြစ်တော်မူပါလိမ့်မည်။ ဘုရားဖြစ်သို့ ရောက်သည်ရှိသော် အကျွန်ုပ်၏ တိုင်းပြည်သို့ ရှေးဦးစွာ ကြွတော်မူပါလော့"

ဟူ၍ ပန်ကြားရာ ဘုရားလောင်းလည်း ကောင်းပြီဟု ဝန်ခံလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်ပြည်မှ ထွက်လာပြီးနောက် အာဠာရ ရသေ့ထံ သွားကာ တရားကျင့်လေ၏။ ရက်အနည်းငယ်အတွင်းမှာပင် အာဠာရ သိသော တရားအား သိမြင်ရ၏။ သို့ရာတွင် ထိုတရားကား အို၊ နာ၊ သေဘေးမှ လွတ်မြောက်သောတရား မဟုတ်သည့်အတွက် ဥဒက ရသေ့ထံ သွားပြန်၏။ ထိုအခါတွင်လည်း မထူးခြားသဖြင့် ဥရုဝေလတောသို့ ရောက်ရှိပြီး ထိုတောမှာပင် 'ဒုက္ကရစရိယာ' အကျင့်ကို ကျင့်လေ၏။ ထိုအခါ ပရိဗိုဇ်ရဟန်းငါးဦးဖြစ်သော ရှင်ကောဏ္ဍည၊ ရှင်ဝပ္ပ၊ ရှင်ဘဒ္ဒိယ၊ ရှင်မဟာနာမ်၊ ရှင်အဿဇိတို့သည် ဘုရားလောင်း တောထွက်ကြောင်း ကြားသဖြင့် ဝတ်ကြီးဝတ်ငယ် ပြုစုရန် လိုက်လာကြ၏။

ဘုရားလောင်းသည သူတကာတို့ ကျင့်နိုင်ခဲသော ဒုက္ကရစရိယာ အကျင့်ကြောင့် စိုပြည်ဝင်းဝါသော ရုပ်အဆင်းတို့သည် ညှိုးမည်း ခြောက်သွေ့လာခဲ့၏။ အစာအာဟာရတို့ကို ဖြတ်တောက်သည့်အတွက် အားပြတ်ကာ မိန်းမော၍ လဲကျလေ၏။ တရားထူးကား မရသေး။ ဤမျှ (၆) နှစ်တိုင်တိုင် ကျင့်သော်လည်း တရားထူးမရသဖြင့် အလျော့အတင်းမရှိ တရားအား ထုတ်နိုင်ရန် ဆွမ်းအာဟာရများကို မှီဝဲလေ၏။ ထိုအခါ ပဉ္စဝဂ္ဂီ ငါးဦးတို့လည်း စိတ်ပျက်သွားကြကာ ဘုရားလောင်းကို စွန့်ခွာ၍ မိဂဒါဝုန်တောသို့ ပြောင်းသွားကြလေ၏။

ဘုရားလောင်းသည် အာဟာရ မျှတလာသောအခါ 'မဇ္ဈိမပဋိပဒါ' ဟူသော အလယ်အလတ် လမ်းစဉ်ဖြင့် သမာဓိနှင့် ဝီရိယတို့ကို မျှတအောင် တရားကို အားထုတ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့နောက် ကဆုန်လပြည့်နေ့ နံနက်စောစောတွင် ညောင်ပင်အောက်၌ ထိုင်နေတော်မူ၏။ ထိုစဉ် သူဌေးသမီး သုဇာတာလည်း မိမိကို သားဆုပေးသော ကျေးဇူးရှင်နတ်မင်းဟု မှတ်ထင်လျက် ရွှေခွက်ဖြင့်ထည့်ထားသော နို့ဃနာဆွမ်းကို ကပ်လှူ၏။

ဘုရားလောင်းသည် ထိုဆွမ်းကို နေရဥ္စရာ မြစ်ကမ်း၌ ဘုဉ်းပေးတော်မူ၏။ ထို့နောက်–

"ငါသည်... ယနေ့ ဘုရားဖြစ်မည်မှန်ပါက ဤရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသား"

ဟုဆိုကာ မျှောလိုက်လေ၏။ ထိုအခါ ရွှေခွက်သည် ရေညာသို့ ဆန်တက်သွားလေ၏။ ညနေချမ်းသို့ ရောက်သောအခါ ဘုရားလောင်းသည် ထိုနေရာမှ တစ်မိုင်ခန့်ကွာဝေးသော ဗောဓိညောင်ပင်ရှိရာသို့ ကြွသွားလေ၏။ လမ်းတွင် မြက်ရိတ်သမားသောတ္ထိယနှင့် တွေ့၍ မြက်ရှစ်ဆုပ်ကို အလှူခံခဲ့လေ၏။

ညောင်ပင်ရင်းသို့ ရောက်သောအခါ မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းလိုက်၏။ ထို့နောက် တင်ပျဉ်ခွေထိုင်ကာ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူ၏။

"ဘုရားအဖြစ်သို့ မရောက်သမျှ ဤနေရာမှ မထတော့ပြီ"

ဟူ၍လည်း အဓိဋ္ဌာန် ပြုတော်မူလေ၏။

ထိုစဉ် မာရ်နတ်သားသည် များပြားလှသော စစ်သည်ဗိုလ်ပါတို့ ခြံရံလျက် ထိုနေရာမှ ထသွားစေရန် အမျိုးမျိုး နှောင့်ယှက်တိုက်ခိုက်လေ၏။ ဤတွင် ဘုရားလောင်းသည် မိမိ ဘုရားဖြစ်ရန် ဘဝများစွာ ပါရမီဖြည့်ခဲ့သည်ကို ဤမြေကြီးအသိဟု

www.burmeseclassic.com

www.burmeseclassic.com



သက်သေထူလေ၏။ ထိုအခါ မြေကြီးသည် အသံပြင်းစွာ တုန်ဟည်း အော်မြည်လာ၏။ ဤတွင် မာရ်နတ်နှင့်တကွ စစ်သည်များ ဖရိုဖရဲ ထွက်ပြေးကြလေတော့၏။

ထိုသို့ မာရ်နတ်ကို အောင်မြင်ပြီးနောက် အာနာပါန ကမ္မဋ္ဌာန်းကို ဆက်လက်အားထုတ်လေ၏။ ထိုအခါ ညဦးယံ၌ လွန်လေပြီးသော ဘဝပေါင်းများစွာကို သိမြင်နိုင်သည့် ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူ၏။ သန်းခေါင်ယံ၌ သုံးဆယ့်တစ်ဘုံလုံးတွင် ဖြစ်ပျက်နေကြကုန်သော သတ္တဝါအားလုံးကို မြင်နိုင်စွမ်းသော ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ မိုးသောက်ယံတွင် ကိလေသာဟူသမျှကို အကြွင်းမရှိ ပယ်နိုင်စွမ်းသော အာသဝက္ခယဉာဏ်ကို ရတော်မူ၏။ နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူလေသတည်း။ (အချိန်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ အကုန် သက်တော် ၃၅ နှစ် ဖြစ်၏။)

* * *

သိဒ္ဓတ္ထမင်းသားသည် ဘုရားစင်စစ် ဧကန်ဖြစ်ပြီးနောက် မဟာဗောဓိ ပလ္လင်တော်နှင့်တကွ အနီးပတ်ဝန်းကျင်ရှိ နေရာခြောက်နေရာတွင် ခုနစ်ရက်ကျစီ သီတင်းသုံးတော်မူ၏။ အဆိုပါ ခုနစ် နေရာ၊ ခုနစ်ဌာနကို 'သတ္တဋ္ဌာန' ဟု ခေါ်ဆို၏။ ထိုခုနစ်ဌာနတို့ကား-

(၁) ပလင်္က သတ္တာဟ

(၂) အနိမိသ သတ္တာဟ

www.burmeseclassic.com

www.burmeseclassic.com



(၃) စက်မ သတ္တာဟ

(၄) ရတနာ ဃရ သတ္တာဟ

(၅) အဇပါလ သတ္တာဟ

(၆) မုစလိန္ဒ သတ္တာဟ

(၇) ရာဇာယတန သတ္တာဟ တို့ ဖြစ်ကြ၏။

ဗုဒ္ဓဘုရားရှင်သည် လင်းလွန်းပင်ရင်း၌ ဆက်လက်နေတော်မူစဉ် ကုန်သည်ညီနောင်ဖြစ်ကြသော တပုဿနှင့် ဘလ္လိက ညီနောင် နှစ်ဦးတို့ ရောက်လာကာ ကြွက်ကျစ်မုန့်၊ ပျားဆုပ် မုန့်တို့ လှူဒါန်းကြ၏။ ဤတွင် သရဏဂုံ နှစ်ပါးကို ဆောက်တည်စေပြီး ဆံတော်ရှစ်ဆူကို ပေးသနားတော်မူခဲ့၏။

ထို့နောက် ဘုရားရှင်သည် ဝါဆိုလဆန်း ၁၄ ရက်၊ နံနက် စောစောအချိန်တွင် ပဥ္စဝဂ္ဂီငါးဦးတို့ကို တရားဦးဟောရန် မိဂဒါဝုန်တောသို့ ကြွတော်မူ၏။ လမ်း၌ ဥပကရဟန်းကြီးနှင့်တွေ့ရာ ရဟန်းကြီးက မေးမြန်း၏။ ထိုအခါ-

"ဥပက... ငါသည် တရားအလုံးစုံကိုသိသူ ဗုဒ္ဓဘုရား ဖြစ်၏"

ဟု ဖြေကြားတော်မူလေ၏။

ပဥ္စဝဂ္ဂီ ငါးဦးတို့သည် 'ခရီးဦးကြို မပြုစတမ်း' ဟု ဆိုထားကြသော်လည်း ဘုရားရှင်ကြွလာတော်မူသော် အားလုံးကပင် သပိတ်၊ သင်္ကန်း လှမ်းယူ၍ ခရီးဦးကြို ပြုကြလေ၏။ ထိုဆို လပြည့် နေဝင်စအချိန်တွင် ဘုရားရှင်သည် ပဥ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။ ထိုအခါ တစ်ဆယ့်

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ကုဋေကုန်သော ဗြဟ္မာတို့နှင့်အတူ အရှင်ကောဏ္ဍညသည် သောတာပန် တည်သွားလေ၏။

ထိုဓမ္မစကြာတရားကို အကျယ်ထပ်မံ ဟောကြားတော်မူလေသောအခါ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် အရှင်ဝပ္ပ၊ ၂ ရက်နေ့တွင် အရှင်ဘဒ္ဒိယ၊ ၃ ရက်နေ့တွင် အရှင်မဟာနာမ်၊ ၄ ရက်နေ့တွင် အရှင်အဿဇိတို့ အသီးသီး သောတာပန်တည် ကြလေ၏။ ထို့နောက် ဝါဆိုလပြည့်ကျော် ၅ ရက် ဆင္ဒမနေ့ တွင် အနတ္တလက္ခဏာသုတ်ကို ဟောကြားတော်မူရာ ပဉ္စဝဂ္ဂီ ၅ ဦးစလုံးပင် ရဟန္တာဖြစ်သွားကြလေ၏။

ဗုဒ္ဓဘုရားရှင်သည် မိဂဒါဝုန်တောဌ်ပင် ပထမဝါ ကပ်တော်မူ၏။ ထိုဝါတွင်းမှာပင် ဃနာနို့ဆွမ်း ကပ်လှူဖူးသော သုဇာတာ၏ သားဖြစ်သူ ယသသည် စည်းစိမ်ချမ်းသာတို့ကို ငြီးငွေ့၍ ဘုရားရှင်ထံ ရောက်လာ၏။ ဘုရားရှင်ထံမှ သစ္စာလေးပါးတရားတော်ကို နာကြားရသဖြင့် တရားထူးရကာ ရဟန်းပြုလေ၏။

ရှင်ယသကို အကြောင်းပြု၍ သူ၏ မိတ်ဆွေ သူဌေးသား ၅၄ ယောက်တို့သည် ဘုရားရှင်ထံ ရောက်လာကြ၏။ ဘုရားရှင်က ရဟန်းပြုပေး၏။ ၎င်းတို့လည်း တရားထူးရ၍ ရဟန္တာများ ဖြစ်သွားကြ၏။ ထိုအခါ စုစုပေါင်း ရဟန်းသံဃာ ၆၁ ရှိလာ၏။ ဝါကျွတ်သောအခါ ထိုရဟန်းများကို ဘုရားရှင်က အမြို့မြို့ အရွာရွာသို့ တစ်ပါးလျှင် တစ်နေရာစီ သာသနာပြု

www.burmeseclassic.com



ကြွရန် တိုက်တွန်းနှိုးဆော်၏။ ဘုရားရှင်ကိုယ်တိုင်လည်း ဥရုဝေလသို့ သာသနာပြုရန် ကြွတော်မူလေ၏။

* * *

ဘုရားရှင်လည်း ဥရုဝေလသို့ ကြွတော်မူစဉ် လမ်းခရီးတောအုပ်တစ်ခုသို့ ရောက်လေသောအခါ ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ်တို့နှင့် တွေ့လေ၏။ ၎င်းတို့သည် သာဝတ္ထိပြည့်ရှင် ဘုရင် ကောသလမင်းနှင့် ဖခင်တူ၊ မအေကွဲ မင်းသားညီနောင်များ ဖြစ်ကြလေ၏။

၎င်းတို့သည် ဇနီးမယားကိုယ်စီနှင့် ပျော်ပွဲစားထွက်လာခြင်းဖြစ်၏။ ဤတွင် မင်းသားတစ်ဦး၌ ဇနီးမယား မရှိသဖြင့် ပြည့်တန်ဆာမ တစ်ဦးကို ခေါ်လာ၏။ ထိုပြည့်တန်ဆာမသည် မင်းသားတို့ မေ့လျော့နေစဉ် ဥစ္စာတို့ကိုယူ၍ ပြေးသဖြင့် မင်းသားတို့က လိုက်ရှာနေကြခြင်းဖြစ်၏။ ဘုရားရှင် တရားပြလေသော် အကျွတ်တရားရ၍ အားလုံးပင် ရသေ့ရဟန်း ပြုကြလေ၏။

ဘုရားရှင်သည် ဥရုဝေလတောသို့ ရောက်လေသော် ဦးစွာရသေ့များ ကြောက်ရွံ့နေကြသည့် နဂါးကြီးကို မေတ္တာတန်ခိုးဖြင့် နှိမ်နင်း ဆုံးမတော်မူခဲ့၏။ ထို့နောက် ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ အမည်ရှိ ပရိဗိုဇ် ညီနောင်သုံးဦးနှင့် ၎င်းတို့၏တပည့် ရသေ့တစ်ထောင်ကို ချွတ်တော်မူ၏။ ရသေ့အပေါင်းတို့လည်း အကျွတ်တရားရကာ တပည့်ခံ၍ ဘုရားရှင်ထံ ရဟန်းပြုကြလေ၏။

ဘုရားရှင်လည်း သံဃာတစ်ထောင် ခြံရံလျက် ဂယာဇေတီယ

www.burmeseclassic.com



သို့ ကြွတော်မူ၏။ ဗိမ္ဗိသာရမင်းကြီးနှင့် လူထုပရိသတ်များစွာကို မြို့ပြင်ဘက် ထန်းတောဥယျာဉ်၌ တရားဟောတော်မူလေရာ မင်းကြီးနှင့်တကွ ပရိသတ်အများပင် သောတာပန် တည်ကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးလည်း ဘုရားရှင်နှင့် ရဟန်းသံဃာတော်များ သီတင်းသုံးရန်အတွက် ဝေဠုဝန်ကျောင်းကို လှူဒါန်းလေ၏။

မကြာမီ သိဉ္စည်းဆရာကြီး၏တပည့် ဥပတိဿနှင့် ကောလိတတို့သည် တပည့် ပရိဗိုဇ် ငါးရာတို့နှင့်အတူ ရောက်လာပြီး ရဟန်းပြုကြလေ၏။ ဥပတိဿသည် ရှင်သာရိပုတ္တရာ ဖြစ်လာ၏။ ဗုဒ္ဓ၏တရားကို နာရပြီး ၁၅ ရက်အကြာတွင် ရဟန္တာဖြစ်လာ၏။ ကောလိတသည် ရှင်မောဂ္ဂလာန်ဖြစ်လာ၏။ ဗုဒ္ဓ၏တရားကို နာရပြီး ခုနစ်ရက်မျှဖြင့် ရဟန္တာ ဖြစ်လာ၏။

ဘုရားရှင်လည်း ရဟန်းသံဃာတို့ တိုးတက်များပြားလာသဖြင့် စည်းဝေးလေ၏။ ဗုဒ္ဓလက်ထက်တော်၌ ပထမဆုံးအကြိမ်အစည်းအဝေးလည်း ဖြစ်၏။ ထိုစည်းဝေးပွဲ၌ ရဟန်းသံဃာတော်များကို ဆုံးမပြီး ရှင်သာရိပုတ္တရာကို လက်ယာတော်ရံ အဂ္ဂသာဝက အဖြစ်လည်းကောင်း၊ ရှင်မောဂ္ဂလာန်အား လက်ဝဲတော်ရံ အဂ္ဂသာဝက အဖြစ်လည်းကောင်း ခန့်အပ်တော်မူ၏။

ကပိလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းကြီးကား သားတော်ဘုရားရှင်အား ဖူးတွေ့ချင်နေမိ၏။ သို့ဖြစ်၍ အမတ်တစ်ယောက်အား အခြွေအရံ တစ်ထောင်တို့ဖြင့် စေလွှတ်၍ ပင့်ခိုင်းလေ၏။ ထိုသို့ ပင့်ခိုင်းသမျှ အမတ်နှင့်တကွ အခြွေအရံတို့သည်း ဘုရား

www.burmeseclassic.com

www.burmeseclassic.com



ရှင်၏ တရားတော်ကို နာကြားရ၍ ကပိလဝတ်သို့ မပြန်ဖြစ်တော့ဘဲ ရဟန်းပြုရစ်ကြကုန်၏။ ထိုသို့ဖြင့် ကိုးကြိမ်တိုင်သွား၏။ အခြေအနေက ရှေးနည်းအတိုင်းဖြစ်၍ ဘုရားရှင်နှင့် ဖွားဘက်တော်ဖြစ်သော ကာဠုဒါယီ အမတ်အား စေလွှတ်လေတော့၏။

ကာဠုဒါယီလည်း အခြံအရံတို့နှင့်တကွ ရာဇဂြိုဟ်သို့ရောက်သောအခါ ရှေးက အမတ်များနည်းတူ ရဟန်းပြုရလေ၏။ ထို့နောက် ကပိလဝတ်သို့ ပြန်ကြွရန်အတွက် ဘုရားရှင်အား ခရီးလမ်းပန်း သာယာပုံ၊ ဆောင်းအကုန်နွေအကူး ကြည်နူးသာယာမှုရှိပုံ၊ တောပန်း တောင်ပန်းတို့၏အလှ၊ သာရကာငှက်ကျေးတို့၏တေးသံ၊ သီးပင်စားပင်တို့၏ ခိုင်ဖြိုး ပေါကြွယ်မှု စသည့် သာယာကြည်နူးဖွယ် အစုစုတို့အား ဂါထာခြောက်ဆယ်ဖြင့် ဖွဲ့နွဲ့ကာ လျှောက်ထားလေ၏။

သို့ဖြင့်ပင် ဘုရားရှင်လည်း တပေါင်းလပြည့်နေ့၌ နောက်ပါရဟန်းသံဃာတော်အပေါင်းတို့နှင့်အတူ ကပိလဝတ်ပြည်သို့ ကြွတော်မူလေသတည်း။

* * *

ခမည်းတော်မင်းကြီးသည် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်တို့ သီတင်းသုံးရန်အတွက် နိဂြောဓာရုံဥယျာဉ်၌ ကျောင်းတော်များကို အဆင်သင့် ဆောက်လုပ်ထားလေ၏။

ဗုဒ္ဓဘုရားရှင် ကြွတော်မူလာသောအခါ မာန်မာနကြီးသော သာကီဝင်မင်းမျိုးတို့သည် ငယ်ရွယ်သူတို့ကိုသာ ရှိခိုးစေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘုရားရှင်ထက် အသက်ကြီးသော မင်းဆွေမင်းမျိုးတို့မှာမူကား ရှိမခိုးဘဲ ထိုင်နေကြ၏။

ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ကောင်းကင်သို့တက်၍ တန်ခိုးပြာဋိဟာ ပြတော်မူ၏။ ဤတွင် သုဒ္ဓေါဒန မင်းကြီးကိုယ်တိုင် (သားတော်ကို သုံးကြိမ်မြောက် ရှိခိုးခြင်းအဖြစ်) ဦးတိုက်၍ ရှိခိုးလေ၏။ ထိုအခါတွင်မှ ဆွေတော်မျိုးတော် အပေါင်းတို့လည်း မနေသာတော့ဘဲ ရိုသေစွာ ရှိခိုးကြတော့၏။ ဘုရားရှင်လည်း ပေါက္ခရဝဿ မိုးကြီးကို ရွာစေ၏။ ဆွေတော်မျိုးတော်တို့လည်း အံ့ချီးမကုန်ဖြစ်ကာ ပို၍ ရိုသေကြည်ညိုလာကြကုန်၏။

နောက်တစ်နေ့တွင် ဘုရားရှင်သည် နောက်ပါ ရဟန်းသံဃာများနှင့်အတူ မြို့ထဲသို့ လှည့်လည်၍ ဆွမ်းခံလေ၏။ ခမည်းတော်မင်းကြီး ကြားသိသောအခါ လမ်းမသို့ ထွက်၍ တားမြစ်လေ၏။ ဤတွင် ဘုရားရှင်က–

"ခမည်းတော်မင်းကြီး ဆွမ်းခံခြင်းသည် ရဟန်းသံဃာတို့ ပြုကျင့်ရမည့်အလေ့ဖြစ်၏"

ဟုဆို၍ တရားဟောတော်မူရာ မင်းကြီးလည်း လမ်းလယ်၌ ရပ်လျက်သားပင် သောတာပန် တည်လျက် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာအပေါင်းတို့အား နန်းတော်တွင်းသို့ ဆွမ်းစားပင့်တော်မူလေ၏။

နန်းတော်သို့ ရောက်သည်ရှိသော် အလုံးစုံတို့က ဖူးမြော်ကြသော်လည်း ယသော်ဓရာမှာမူ ထွက်လာခြင်းမရှိပေ။ ခမြွေအင်တို့က သွားရောက်ခေါ်သည်ရှိသော်–

www.burmeseclassic.com

www.burmeseclassic.com



"အကျွန်ုပ်၏ ကျေးဇူးတို့ ထောက်မျှော်သနားတော်မူပါလျှင် ကိုယ်တော်တိုင် ကြွလာပါလိမ့်မည်။ ထိုအခါမှ ပူဇော်ပါတော့မည်"

ဟုဆိုလေ၏။ ဗုဒ္ဓဘုရားရှင် ကြားသိလေသော် ခမည်းတော်မင်းကြီး အပါအဝင် အဂ္ဂသာဝက နှစ်ပါးနှင့်အတူ ယသော်ဓရာ၏ နန်းဆောင်သို့ ကြွတော်မူလေ၏။ ယသော်ဓရာလည်း ဗုဒ္ဓ၏ ခြေတော်အစုံကို ပါးဖြင့်အပ်၍ ငိုကြွေးကာ အထပ်ထပ် ရှိခိုးလေတော့၏။ ဤတွင် ခမည်းတော်မင်းကြီးက ချွေးမတော် ယသော်ဓရာ၏ ဂုဏ်ကျေးဇူးတို့ကို လျှောက်တင်လေ၏။ ထိုအခါ ဘုရားရှင်လည်း စန္ဒကိန္နရီဇာတ်ကို ယသော်ဓရာ၏ အဆောင်တော်၌ပင် ဟောကြားတော်မူလေ၏။

ကပိလဝတ်ပြည်သို့ ဗုဒ္ဓဘုရားရှင် ရောက်ရှိပြီး တတိယမြောက်နေ့၌ မင်းကြီးသည် သားတော်နန္ဒကို အိမ်ရှေ့နန်းရန် အတွက် သမီးတော် ဇနပဒကလျာဏီ မင်းသမီးနှင့် ထိမ်းမြားဖို့ရာ စီစဉ်၏။ ဘုရားရှင်လည်း မင်္ဂလာမဏ္ဍပ်သို ဆွမ်းခံကြွ၏။ တရားကို ဟောကြား၏။ ပြီးလေသော် ညီတော် နန္ဒအား သပိတ်ထမ်းစေကာ ကျောင်းတော်သို့ ခေါ်ဆောင်သွားပြီး ရဟန်းပြုပေးလေ၏။

ညီတော်နန္ဒကား ရဟန်းအဖြစ်နှင့် မမွေ့လျော်။ ဤတွင် ဘုရားရှင်က မျောက်မ၊ နတ်သမီးနှင့်၊ ဇနပဒကလျာဏီ တို့၏ အလှကို နှိုင်းယှဉ်ပြ၏။ ညီတော်နန္ဒလည်း နတ်သမီးတို့ကို စွဲလမ်းစိတ်ဖြင့် တရားကျင့်ရာမှ နောက်ဆုံးတွင် သတိသံဝေဂရပြီး ရဟန္တာ ဖြစ်သွားခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်မြောက်နေ့တွင် ယသော်ဓရာ၏ စေလွှတ်ချက်အရ သားတော် ရာဟုလာလည်း–

"ခမည်းတော်... အမွေပေးပါလော့"

ဟူ၍ ဘုရားရှင်ထံသို့ လာရောက်ကာ အမွေကို တောင်းခံလေ၏။ ဘုရားရှင်လည်း လောကုတ္တရာအမွေ ပေးမည်ဟုဆိုကာ သာမဏေ ပြုပေးလိုက်လေ၏။ ထိုအဖြစ်ကို သုဒ္ဓေါဒန မင်းကြီး ကြားသိလေသော် နှလုံးမသာမယာဖြင့်–

"အရှင်ဘုရား... အမိ၊ အဖတို့ ခွင့်မပြုသော သား သမီးဟို့ကို သာသနာ့ဘောင်သို့ မသွတ်သွင်းသင့်ပါ"

ဟူ၍ လျှောက်ထားရာ ဘုရားရှင်လည်း–

"ခမည်းတော်မင်းကြီး... ကောင်းပေပြီ။ သင်၏ ဆန္ဒ အတိုင်း နောင်အခါ ပညတ်တော်မူပါမည်"

ဟူ၍ မိန့်ကြားလေသတည်း။

* * *

ဘုရားရှင်သည် ဝါဆိုချိန်နီးသောအခါ နောက်ပါသံဃာများ နှင့်အတူ ရာဇဂြိုဟ်သို့ ပြန်၍ ကြွလေ၏။ နောက်ပါ သံဃာများ ၌ ညီတော်နန္ဒရဟန်းနှင့် သားတော် ရာဟုလာ သာမဏေ တို့ လည်း လိုက်ပါခဲ့ကြလေ၏။

ရာဇဂြိုဟ်သို့ရောက်ခါနီး အနုပိယသရက်ဥယျာဉ်ကြီးသို့ ရောက်သောအခါ သာကီဝင်မင်းသားများ ဖြစ်ကြသော အရှင်၊ အာနန္ဒာ၊ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ်နှင့် ဒေဝဒတ်သည် ဥပါလိတို့ ရဟန်းပြုကြရန် ဘုရားရှင်ထံ ရောက်လာခဲ့ကြ၏။

www.burmeseclassic.com



ဘုရားရှင်လည်း ဆတ္တာသည် ဥပါလိနှင့် ညီတော်မင်းသားများ ရဟန်းပြုပေးပြီးနောက် ရာဇဂြိုဟ်သို့ ဆက်လက်ကြွခဲ့၏။ ရာဇဂြိုဟ်ပြည်ရှိ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ရှင်မဟာကဿပ၊ ရှင်မဟာကစ္စည်း၊ ရှင်ရဋ္ဌပါလ၊ ရှင်ပိဏ္ဍောလ၊ ရှင်မဟာပန်၊ ရှင်စူဠပန်၊ ရှင်သောဏ စသည့် ထင်ရှားသော အမျိုးကောင်းသားများသည် ဘုရားရှင်ထံ လာရောက်ကာ ရဟန်းပြုကြကုန်၏။

ထိုကာလ၌ သာဝတ္ထိပြည်မှ အနာထပိဏ်သူဌေးသည် ရာဇဂြိုဟ်သို့ ခေတ္တလာရောက်ရာမှ ဘုရားရှင်ထံ ရောက်လာပြီး တရားတော်ကို နာကြားရလေသော် တရားထူးရသွားလေ၏။

အနာထပိဏ်သည် ဘုရားရှင်ကို ကြည်ညိုလှသဖြင့် သာဝတ္ထိပြည်သို့ ပြန်ရောက်လေသော် ကြီးကျယ်ထင်ရှားလှစွာသော ဇေတဝန်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်း၏။ ကျောင်းတော် မြေနေရာအတွက် ဇေတမင်းသား၏ ဥယျာဉ်ကို မြေကွက်ရှိသမျှ ငွေဒင်္ဂါးချင်း ထိစပ်အောင်ခင်း၍ ၁၈ ကုဋေပေးကာ ဝယ်ယူခဲ့ရ၏။

တစ်နေ့သ၌ ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးနေတော်မူခိုက် နတ်သားတစ်ပါး ရောက်ရှိလာကာ–

"အရှင်ဘုရား... မည်သည့်တရားသည် အိုသည့်တိုင် ကောင်းပါသနည်း။ မည်သည့်တရား တည်ရှိပါက ကောင်းပါသနည်း။ မည်သည့်တရားသည် လူတို့၏ရတနာ မည်ပါသနည်း။ မည်သည့်တရားကို ခိုးသူတို့ မခိုးယူနိုင်ပါသနည်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလျှောက်၏။ ထိုအခါ ဘုရားရှင်က–

"အို... နတ်သား၊ အကျင့်သီလသည် အိုသည့်တိုင် ကောင်းသောတရားဖြစ်၏။ ယုံကြည်မှုသဒ္ဓါတရား တည်ရှိပါက ကောင်းပါ၏။ ပညာသည် လူတို့၏ရတနာ မည်ပါ၏။ ကောင်းမှုကို ခိုးသူတို့ မခိုးယူနိုင်ကုန်"

ဟု ဖြေကြားတော်မူလေ၏။

ထိုကာလ၌ ဝေသာလီပြည်တွင် ရောဂါကပ်ဆိုးကြီးဆိုက်၍ လူပေါင်းများစွာ သေကျေပျက်စီး ကြကုန်၏။ ဤတွင် ဘုရားရှင်လည်း နောက်ပါသံဃာတော်များနှင့်အတူ ဝေသာလီသို့ကြွ၍ ရှင်အာနန္ဒာအား မြို့ကိုပတ်၍ ရတနသုတ် ပရိတ်တော်ကို ရွတ်စေ၏။ ပရိတ်တော်၏ အာနုဘော်ကြောင့် 'ရောဂါကပ်ဆိုးရန်မှ အေးငြိမ်းလေ၏။ ဤတွင် လူပေါင်းများစွာတို့လည်း ရတနာသုံးပါးနှင့်တကွ ဗုဒ္ဓဂုဏ်တော်ကို ပိုမိုယုံကြည်ကိုးစားလာကြ၏။

ကပိလဝတ်နှင့် ကောလိယပြည်သူတို့သည် ရောဟဏီမြစ်ရေကို ခွဲဝေသုံးစွဲရန်အတွက် အဝေမတည့်ဖြစ်ကာ စကားများကြ၏။ တစ်ဖက်နှင့်တစ်ဖက် ရန်စောင်ကာ စစ်ပွဲခင်းတော့မည့် အခြေအနေသို့ ရောက်လာ၏။ ထိုအခါ ဘုရားရှင် ကြွတော်မူပြီး နှစ်ဖက်စစ်တပ်အလယ်၌ သီတင်းသုံးကာ–

"မြတ်သောမင်းအပေါင်းတို့၊ အနည်းငယ်မျှသာ အဖိုး ထိုက်တန်သော ရေအတွက် အဖိုးမဖြတ်နိုင်သော သွေးများကို အဘယ်ကြောင့် ဆုံးရှုံးခံကြမည်နည်း။ ခိုက်ရန် ဖြစ်ပွားခြင်းဖြင့် ငြိမ်းချမ်းသာယာမှုကို မဖျက်ဆီးသင့်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုံးမတရားမြစ်တော်မူ၏။ ထိုအခါ နှစ်ပြည်ထောင် မင်းတို့လည်း သတိတရားရကာ ရန်စစ်မီးကို ငြိမ်းအေးလိုက်ကြ၏။ ထို့နောက် ကပိလဝတ်ပြည်မှ မင်းသား ၂၅၀ နှင့် ကောလိယပြည်မှ မင်းသား ၂၅၀ စုစုပေါင်း ၅၀၀ တို့သည် ဘုရားရှင်ထံ ရဟန်းပြုကြ၏။

ဘုရားရှင်သည် ဝေသာလီပြည် အနီး မဟာဝုန်တော၌ သီတင်းသုံးစဉ် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် သည်းထန်စွာ မမာမကျန်း ဖြစ်၏။ ထိုအခါ ဘုရားရှင်ထံ အပင့် ရောက်လာ၏။

ဘုရားရှင်လည်း သံဃာ ၅၀၀ နှင့်အတူ ကပိလဝတ်ပြည်သို့ ကြွ၏။ ဘုရားရှင်ရောက်ရှိတော်မူပြီး သုံးရက်မြောက်သော နေ့တွင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် လူဝတ်ကြောင် ဖြင့်ပင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံဝင်တော်မူလေ၏။

ခမည်းတော်မင်းကြီး၏ ဈာပနပြီးလေသော် မိထွေးတော် ဂေါတမီသည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူသော ဗုဒ္ဓထံသို့ နောက်ပါများနှင့် ရောက်ရှိလာကာ ရဟန်းမ ပြုခွင့် ပေးရန် တောင်းပန်လျှောက်ထားလေ၏။ ဘုရားရှင်က ခွင့်မပြုပေ။ သုံးကြိမ်တိုင်အောင် ထပ်၍ တောင်းပန်လျှောက်ထားသော် ငြား ခွင့်ပြုတော်မမူသဖြင့် ဝမ်းနည်းညှိုးငယ်စွာ ပြန်သွားရရှာလေ၏။

ဘုရားရှင် ဝေသာလီပြည်သို့ ပြန်ကြွသွားလေသော် မိထွေးတော် ဂေါတမီသည် သာကီဝင် မင်းသမီးငါးရာနှင့် ဝေသာလီ

www.burmeseclassic.com

www.burmeseclassic.com



ပြည်သို့ ခြေကျင်သွားကြကုန်၏။ ခရီးလမ်းများမှာ ဝေးလံပြီး ကြမ်းတမ်းလှ၏။ သို့ဖြစ်၍ အလွန်ဆင်းရဲပင်ပန်း ကြကုန်၏။ ခြေဖဝါးတို့တွင် သွေးများ ယိုစီးကျကာ ကိုယ်ခန္ဓာတွင်လည်း မြူအလိမ်းလိမ်း ကပ်လျက်ရှိ၏။

ကျောင်းတံခါးဝသို့ ရောက်လာသော မိထွေးတော် ဂေါတမီကို မြင်ရလေသော် ရှင်အာနန္ဒာသည် အံ့ဩသွား၏။ ပင်ပန်းဆင်းရဲလှသောကြောင့် ငိုကြွေးနေရှာသော မိထွေးတော်ကို ကြည့်၍ များစွာ သနားကြင်နာသွားလေ၏။ သို့ဖြစ်၍ ဘုရားရှင်ထံသွားရောက်ကာ ဖြစ်ပျက်ပုံအလုံးစုံကို တင်ပြလျှောက်ထားပြီး ရဟန်းမ ပြုခွင့်ပေးရန် တောင်းပန်လျှောက်ထား၏။ ဘုရားရှင်က လက်ခံတော်မမူ။ ထိုအခါ မိထွေးတော်ဂေါတမီ၏ ကျေးဇူးတရားအလီလီကို လျှောက်ထားတော်မူလေမှ–

"ချစ်သား... အာနန္ဒာ၊ ငါခွင့်ပြုပါ၏။ သို့ရာတွင် ရဟန်းမိန်းမတို့ လိုက်နာပြုကျင့်ရမည့် ဂရုဓမ္မတရား ရှစ်ပါးကို ဝန်ခံစေရမည်"

ဟု စည်းကမ်းသတ်မှတ်ကာ ခွင့်ပြုလိုက်သဖြင့် ဘိက္ခုနီသာသနာ ပေါ်ထွန်းလာလေသတည်း။

* * *

ဘုရားရှင်သည် ဝမ်းရောဂါ ခံစားနေရသော ရဟန်းတစ်ပါးကို ကိုယ်တော်တိုင် အညစ်အကြေးများကို ဆေးကြောသုတ်သင်ကာ ရှင်အာနန္ဒာနှင့်အတူ ပြုစုစောင့်ရှောက်ပေးတော်မူ၏။ ထို့နောက် ရဟန်းတို့ကို ခေါ်စေကာမူကာ–

www.burmeseclassic.com

www.burmeseclassic.com



"ချစ်သား... ရဟန်းတို့၊ သင်တို့မှာ ပြုစုမည့် မိဘဆွေမျိုးတို့ အနီးအပါး၌ မရှိကြ။ အချင်းချင်း မပြုစုကြလျှင် မည်သူပြုစုမည်နည်း။ ငါဘုရားကို ပြုစုမည့်အစား မကျန်းမာသူကို ပြုစုကြလော့"

ဟု ဩဝါဒပေးတော်မူ၏။

တစ်နေ့သ၌ ဘုရားရှင်ထံသို့ နတ်သားတစ်ပါး ရောက်လာကာ ပြဿနာကို မေးမြန်းလေ၏။ ထိုပြဿနာနှင့် စပ်လျဉ်း၍ ဘုရားရှင်က—

"အို... နတ်သား၊ ခရီးသွားသူ၏ အဆွေခင်ပွန်းဟူသည် အတူသွားဖော်ပင်တည်း။ မိမိအိမ်၌ အဆွေခင်ပွန်းဟူသည် အမိတည်း။ ပြုဖွယ်ကိစ္စရှိသောသူ၏ အဆွေခင်ပွန်းဟူသည် သူငယ်ချင်းတည်း။ တမလွန်၌ ဖြစ်သော အဆွေခင်ပွန်းဟူသည် အဖန်ဖန် ကိုယ်တိုင်ပြုအပ်သော တရားတည်း"

ဟူ၍ မိန့်တော်မူ၏။

လိစ္ဆဝီမင်းတို့၏ မူလဆရာရင်းဖြစ်သော သစ္စကပရိဗိုဇ်သည် တစ်နေ့သ၌ ပရိသတ်အစုံအညီရှေ့၌ ဘုရားရှင်အား ဝါဒချင်း လာရောက် ယှဉ်ပြိုင်လေ၏။ သစ္စကပရိဗိုဇ်က—

"ရုပ်သည် အတ္တဖြစ်သည်။ ဝေဒနာသည် အတ္တ ဖြစ်သည်"

ဟု ဆို၏။ ဘုရားရှင်က ထိုဝါဒသည် မှားယွင်းကြောင်း မိန့်၏။ နောက်ဆုံး၌ ဘုရားရှင် ညွှန်ပြသည့်အတိုင်း—

www.burmeseclassic.com

www.burmeseclassic.com



"ရုပ်သည် အနတ္တဖြစ်သည်။ ဝေဒနာသည် အနတ္တဖြစ်သည်"

စသည်ဖြင့် ဝန်ခံသွားရလေ၏။ ထိုအခါ သစ္စကပရိဗိုဇ်လည်း–

"အရှင်ဘုရား... အကျွန်ုပ်ကား အမှားကြီး မှားလေပြီ။ အရှင်ဘုရား၏ ဝါဒကို အသက်ထက်ဆုံး ယုံမှတ်ကိုးကွယ်ပါတော့မည်"

ဟု ဝန်ခံကတိပြုလေ၏။

ဘုရားရှင်သည် ရာဇဂြိုဟ်ရှိ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးသည်ရှိသော် ဗိမ္ဗိသာရမင်းကြီး၏ မိဖုရားခေမာသည် ရဟန်းမ ပြု၏။ ထိုနည်းတူ ဝိသာခါ သူဌေးကြီး၏ဇနီး ဓမ္မဒိန္နာ၊ အရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်၏ဇနီး ဘဒ္ဒကာပိလာနီတို့လည်း ရဟန်းမပြုကြ၏။ ထို့ကဲ့သို့ပင် ကပိလဝတ်ပြည်မှ ယသော်ဓရာမိဖုရားနှင့် နန္ဒမတော် ဇနပဒ ကလျာဏီတို့သည် ရာဇဂြိုဟ်သို့ လိုက်လာ၍ ရဟန်းမ ပြုကြပြီး၊ အားလုံးပင် တရားထူးရကာ ရဟန္တာများ ဖြစ်သွားကြလေ၏။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အလွန်ချောမော လှပတင့်တယ်သော သူဌေးသမီး ဥပ္ပလဝဏ်သည် ရဟန်းမ ပြုလာ၏။ သာဝတ္ထိပြည့်ရှင် ကောသလမင်းကြီး၊ မလ္လိကာ မိဖုရားကြီး၊ စူဠအနာထပိဏ်၊ သုပ္ပဝါသာ စသည့် ထင်ရှားသော ပုဂ္ဂိုလ်များသည်လည်း ဘုရားရှင်ကို ဆည်းကပ်ကိုးကွယ်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ သာဝတ္ထိမြို့မှ သူဌေးကတော် ကိသာဂေါတမီသည် သားသေကိုပိုက်ကာ အသက်ရှင်အောင် ကုသပေးနိုင်မည့်သူ့ကို လိုက်လံရှာဖွေ၏။ မြော်မြင်တတ်သူ တစ်ဦးက ဘုရားရှင်ထံ ညွှန်ပြပေး၍ ရောက်သွားလေ၏။ ထိုအခါ ဘုရားရှင်က–

"ချစ်သမီး... ဆေးကုနိုင်ရန် လူမသေဖူးသော အိမ်မှ မုန်ညင်းစေ့ကို ရှာချေလော့"

ဟု မိန့်တော်မူ၏။ ကိသာဂေါတမီလည်း လူမသေဖူးသော အိမ်ကို တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်လံရှာဖွေရာ မုန့်ညင်းစေ့ ရသော်လည်း လူမသေဖူးသောအိမ်ဟူ၍ မရှိ။ ထိုအခါမှ သေခြင်းတရားကို သဘောပေါက်သွားပြီး သားသေကိုစွန့်ကာ ဘုရားရှင်ထံ၌ တရားနာယူ၍ ရဟန်းမ ပြုလေ၏။

* * *

မြင်းမိုရ်တောင်၌ နဂါးအပေါင်းခြံရံကာ စည်းစိမ်ခံစားနေသော နန္ဒောပနန္ဒ နဂါးမင်းသည် ဘုရားရှင်နှင့် ရဟန္တာငါးရာတို့ ခြံရံလျက် တာဝတိံသာသို့ ကြွရာ မြေမှုန့်များ ကျလာသဖြင့် ပြင်းစွာ ဒေါသထွက်လေ၏။ ဤတွင် ကိုယ်ကို ဖန်ဆင်း၍ မြင်းမိုရ်တောင်နှင့် တာဝတိံသာကို ရစ်ပတ် ဖုံးအုပ်ထားလိုက်၏။ တစ်ခဏချင်းပင် အမှောင်ဖုံးကာ တာဝတိံသာကို မမြင်ရတော့ပေ။

ထိုအခါ ဘုရားရှင်လည်း နန္ဒောပနန္ဒကို နှိမ်နင်းဆုံးမရန် ရှင်မောဂ္ဂလာန်အား တာဝန်ပေး၏။ ရှင်မောဂ္ဂလာန်လည်း နန္ဒော

www.burmeseclassic.com

www.burmeseclassic.com



ပနန္ဒအား ကျိုးနွံအောင် ဆုံးမကာ ဗုဒ္ဓဘုရားရှင်ထံ ခေါ်ဆောင်၍ ရတနာသုံးပါးကို ကိုးကွယ်စေ၏။

ဘုရားရှင်သည် 'ရဟန်းများ တန်ခိုးမပြရ' ဟူ၍ ပညတ်ထားခဲ့၏။ သို့ရာတွင် မလွဲမရှောင်သာသဖြင့် သာဝတ္ထိပြည်၌ မင်းနှင့်ပြည်သူတို့ ရှေ့မှောက်ဝယ် တိတ္ထိတို့နှင့် တန်ခိုးပြိုင်ခဲ့၏။ သရက်ဖြူသီးကို ဘုဉ်းပေးပြီးနောက် အစေ့ကို စိုက်စေရာ တန်ခိုးတော်ကြောင့် ချက်ချင်းပင် အပင်ပေါက်၍ အသီးသီးလေ၏။ ဘုရားရှင်သည် ထိုသရက်ဖြူပင်ရင်းမှ ကောင်းကင်ထက်သို့ ကြွကာ ရေမီးအစုံဖြစ်စေလျက် တန်ခိုးတော် ပြလေရာ လေကြီးမိုးကြီး ကျလာပြီး တိတ္ထိတို့၏ မဏ္ဍပ်ကြီး ပြိုကျပျက်စီးရလေ၏။ တိတ္ထိတို့လည်း ရုပ်ပျက်ဆင်းပျက်ဖြင့် ထွက်ပြေးကြကုန်၏။

ပထမဈာန်ဘုံ၌နေသော ဗကဗြဟ္မာကြီးသည် 'သူနေထိုင်ရာဘုံသည် အထက်ဆုံးဖြစ်၏။ အမြဲတည်၏။ သူ့ဘဝသည်လည်း မြဲ၏' ဟု လွဲမှားစွာ ယုံကြည်နေ၏။ ဤတွင် ဘုရားရှင်လည်း ဗြဟ္မာဘုံသို့ ရုတ်ခြည်း ကြွတော်မူကာ ဆုံးမဟောကြားတော်မူ၏။ ဗကဗြဟ္မာကြီး မေးသမျှတို့ကိုလည်း ရှင်းလင်းအောင် ဖြေကြားတော်မူ၏။ တန်ခိုးအရာဖြင့်လည်း ဗုဒ္ဓသည် ဗြဟ္မာကြီးထက် သာလွန်ကြောင်း ကိုယ်ဖျောက်ပြတော်မူရာ ဗကဗြဟ္မာကြီးနှင့်တကွ ဗြဟ္မာအများ အမြင်မှန်ရကာ စစ်မှန်သောဗုဒ္ဓအယူသို့ ပြောင်းလဲခံယူခဲ့ကြ၏။

ထို့နောက် ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ တက်လေ၏။ မယ်တော် သန္တုသိတ မိန်ဒေါ်သားကို အများ

www.burmeseclassic.com



ထား၍ နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောကြားလေ၏။ ဝါကျွတ်သောအခါ တာဝတိံသာ နတ်ပြည်မှ လူ့ပြည်ရှိ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းကြွခဲ့၏။ ထိုအခါ ပြည်သူပြည်သားအပေါင်းတို့သည် မီးရှူးမီးတိုင်များ ထွန်းညှိကာ ပူဇော်ကြလေ၏။

တိတ္ထိတို့ကား ၎င်းတို့၏ စီးပွားလာဘ်လာဘ အနှောင့်အယှက်ဖြစ်သည့်အတွက် ဘုရားရှင်အပေါ် အခဲမကျေဖြစ်ကာ တပည့်မဖြစ်သော စိဉ္စမာဏဝိကာအား တာဝန်ပေးလေ၏။ အလွန်လှပသော စိဉ္စမာဏဝိကာလည်း တိတ္ထိတို့ကျောင်း၌ ညအိပ်ပြီးလျှင် နံနက်စောစော၌ ဇေတဝန်ကျောင်းတော်မှ ပြန်လာဟန်ပြု၏။ သို့ဖြင့် ကိုးလမျှ ကြာလေသော် ကိုယ်လေးလက်ဝန်ရှိဟန်ဆောင်၍ ပရိသတ်အလယ်၌ တရားဟောနေသော ဘုရားရှင်အား စွပ်စွဲပုတ်ခတ်လေ၏။

ထိုစဉ် နတ်သားလေးပါးတို့က ကြွက်ငယ်များ ဟန်ဆောင်လျက် သရုပ်မှန်ပေါ်အောင် ဖြေရှင်းပေးလိုက်ရာ ပရိသတ်လည်း အဖြစ်မှန်ကို သိလိုက်ကြလေ၏။ ဤတွင် စိဉ္စမာဏအား ဆဲဆိုရိုက်ပုတ်ပြီးလျှင် နှင်ထုတ်လိုက်ကြလေ၏။

ထိုအချိန်၌ ရာဇဂြိုဟ်ပြည်၌ ဗိမ္ဗိသာရမင်းကြီး၏သားတော် အဇာတသတ်သည် အိမ်ရှေ့မင်း ဖြစ်နေ၏။ ထိုအခါ ဒေဝဒတ်လည်း အဇာတသတ်ကို လောကီဈာန် အဘိညာဉ်တန်ခိုးဖြင့် အထင်ကြီးမှုကိုရယူလျက် စည်းရုံးသွေးဆောင်နိုင်ခဲ့၏။ ထိုအခါ အဇာတသတ်လည်း ရှင်ဒေဝဒတ်ကို လေးစားမြတ်နိုးကာ တပည့်ခံလေ၏။ နေ့စဉ်လာ၍ ဆွမ်းအုပ်ငါးရာ လှူဒါန်းလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒေဝဒတ်လည်း မိမိကိုယ်ကို အထင်ကြီးလာ၏။ အချို့ရဟန်းများ လာရောက်ခိုလှုံကြသဖြင့် မာန်တက်ကာ-

"ငါသည် ဘုရားတစ်ဆူလုပ်၍ ရဟန်းတို့ကို ဦးဆောင်မည်"

ဟု ကြံစည်စိတ်ကူးစဉ်မှာပင် လောကီဈာန် ဈာန်အဘိညာဉ်တန်ခိုးများ ကွယ်ပျောက်သွားလေတော့၏။

ဘုရားရှင်သည် ကောသမ္ဗီပြည်၌ သီတင်းသုံးစဉ်က သံဃာအချင်းချင်း အငြင်းအခုံဖြစ်ကာ အုပ်စု နှစ်စု ကွဲသွားလေ၏။ ဘုရားရှင်က အုပ်စုမကွဲစေရန် အမျိုးမျိုး ဟောပြောဆုံးမ၏။ သို့ရာတွင် မရပေ။ ထိုအခါ မည်သူ့ကိုမျှ အသိမပေးဘဲ ပါလိလေယျက ခေါ် ပလလည်း တော၌ တစ်ပါးတည်း သီတင်းသုံးတော်မူ၏။ ဤတွင် ပလလည်း ဆင်မင်းက သစ်သီးကြီးငယ်တို့ ရှာဖွေဆက်ကပ်ကာ လုပ်ကျွေးလေ၏။

ဒါယကာတို့လည်း အမိကရုဏ်းဖြစ်ကာ အုပ်စုကွဲနေကြသော သံဃာတို့လည်း ဆွမ်းမလောင်းဘဲ နေကြလေ၏။ ထိုအခါမှ သတိသံဝေဂရကာ အချင်းချင်း ဝန်ချတောင်းပန်ကြကုန်၏။ ဝါကျွတ်လေသော်၊ သာဝတ္ထိပြည်မှ အနာထပိဏ် အမှူးပြုသော ဒါယကာတို့က ရှင်အာနန္ဒာထံ လူလွှတ်၍ ဘုရားရှင်ကို ပင့်ဆောင်ပေးပါရန် တောင်းပန်လျှောက်ထားကြကုန်၏။

ရှင်အာနန္ဒာလည်း ရဟန်းငါးရာနှင့်အတူ ဘုရားရှင်ကို သွားရောက်ပင့်ဆောင်၏။ ထိုအခါ ဘုရားရှင်လည်း သာဝတ္ထိပြည်သို့ လိုက်ပါရန် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၏။

www.burmeseclassic.com



ကောသမ္ဗီပြည်မှ အဓိကရုဏ်းဖြစ်ခဲ့သော ရဟန်းတို့လည်း လာရောက်ကာ ရှိခိုးတောင်းပန်ကြလေ၏။ ဤတွင် ဘုရားရှင်ထံမှ တရားထူးတို့ ရရှိပြီး ထိုနေရာမှာပင် သောတာပန် စသည်တို့ ဖြစ်သွားကြလေ၏။

* * *

အသက် (၁၈) နှစ် အရွယ်ရောက်ပြီ ဖြစ်သော သားတော်ရာဟုလာသည် ဖခမည်းတော်ဘုရားရှင်ကို ကြည့်၍–

"အဖဘုရားရှင်၏ ရုပ်ရည်တော်သည် လွန်စွာ တင့်တယ်လှ၏။ ငါသည်လည်း ဖခင်နည်းတူ တင့်တယ်ပေ၏။ အကယ်၍ အဖဘုရားရှင်သည် စကြဝတေးမင်း အဖြစ်သာ ခံယူခဲ့ပါက ငါ့အား ကြီးမြတ်သောရာထူးကို ပေးသနားတော်မူလိမ့်မည်"

ဟု စိတ်တွင်း၌ ဖြစ်ပေါ်ခဲ့၏။ ဘုရားရှင်လည်း သားတော်ရာဟုလာ၏ မှားယွင်းသော တောင့်တမှုကို သိသဖြင့် ဒေသနာတရားတော်တို့ကို ဟောကြားဆုံးမတော်မူခဲ့၏။ ရာဟုလာလည်း အမြင်မှန်ရ၍ ရဟန္တာ ဖြစ်သွားခဲ့လေ၏။

တစ်ခါသော် အင်္ဂုလိမာလသည် တောပုန်းဓားပြ လုပ်ကာ လူတို့ကိုသတ်၍ လက်ညှိုးတို့ကို ဖြတ်ယူ၏။ ထိုလက်ညှိုးကို ကို ပန်းကုံးသဖွယ်သီကာ လည်တွင် ဆွဲ၏။

ဘုရားရှင်သည် အင်္ဂုလိမာလကို ချွတ်ရန်အတွက် တောထဲသို့ တစ်ပါးတည်း ကြွသွားတော်မူ၏။ လက်ညှိုးတစ်ထောင် ပြည့်ရန် တစ်ချောင်းသာ လိုတော့သည့်အချိန်တွင် သားအတွက်

www.burmeseclassic.com

www.burmeseclassic.com



ရတက်မအေးသဖြင့် ချော့ခေါ်ရန်ရောက်လာသော မိခင်အား လက်ညှိုးတစ်ချောင်းရရန်အတွက် မိခင်၏နောက်သို့ လိုက်၏။ ဤတွင် ဘုရားရှင်လည်း အင်္ဂုလိမာလနှင့် မိခင်တို့ကြား ဝင်ရပ်ကာ တရားပြ ဆုံးမလေ၏။ အင်္ဂုလိမာလလည်း တရားရကာ ဓားကို စွန့်ပစ်လိုက်ပြီး ဘုရားရှင်၏ ခြေတော်အစုံကို ဦးခိုက်၍ ရဟန်းအဖြစ် ခံယူလေ၏။

ထိုအချိန်ဝယ် အာဠဝီပြည်ရှိ အာဠာဝက ဘီလူးကား တစ်နေ့လျှင် လူတစ်ယောက်ကျကို စားလေ၏။ ထိုအကြောင်းကို ဘုရားရှင် ကြားသိတော်မူလေသော် အာဠာဝက၏ ဘုံဗိမာန်တွင်းသို့ ရဲဝံ့စွာ ဝင်တော်မူ၏။ အာဠာဝကလည်း အမျက်ခြောင်းခြောင်းထွက်၍ ဘုရားရှင်အား တစ်ညလုံး လက်နက်မျိုးစုံဖြင့် ပစ်ခတ်တိုက်ခိုက်လေ၏။ သို့ရာတွင် ဘုရားရှင်၏ မေတ္တာတော်အဟုန်တို့ကြောင့် မည်သည့်လက်နက်မျှမထိ။ နောက်ဆုံး အာဠာဝကလည်း ဘုရားရှင်၏ အဆုံးအမဖြင့် အကျွတ်တရား ရသွားခဲ့လေ၏။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တစ်ခုသော သန်းခေါင်ယံအချိန်၌ နတ်သားတစ်ပါးသည် မင်္ဂလာတရားတော်ကို ဟောကြားပေးတော်မူပါရန် လျှောက်ထားရာ မင်္ဂလသုတ်ကို ဟောကြားတော်မူလေ၏။ နံနက်မိုးသောက်သောအခါ ရှင်အာနန္ဒာအား ထိုမင်္ဂလာတရားတော်ကို တစ်ဖန်ပြန်လည်၍ ဟောကြားတော်မူလေ၏။ ထိုမင်္ဂလာတရားတော်ကား (၃၈) ဖြာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နံနက်၌ ရာဇဂြိုဟ်ပြည်မှ သိင်္ဂါလသူကြွယ်သား သည် သေခါနီး ဖခင် မှာကြားခဲ့သည်ဆိုကာ အရပ် ခြောက် မျက်နှာတို့ကို ရှိခိုးနေလေ၏။ ဘုရားရှင်ကြွတော်မူလာပြီး–

"ချစ်သား... သိင်္ဂါလ၊ အရပ်ခြောက်မျက်နှာတို့ကို ရှိခိုးရန်မလို။ ငါညွှန်ပြသော ကျင့်ဝတ်များကိုသာ လိုက်နာ လော့"

ဟု ဆိုကာ သိင်္ဂါလသုတ်ကို ဟောကြားလေ၏။ ထိုသုတ် တော်၌ မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ခင်ပွန်းကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေ ကျင့်ဝတ် စသည်တို့ပါရှိလေ၏။

ဘုရားရှင်သည် သာဝတ္ထိပြည်၌ သီတင်းသုံးစဉ်အခါက သူဌေးကတော် ဝိသာခါသည် ၎င်း၏အဖိုးငွေ ကိုးကုဋေတန် သော မဟာလ္လတာ အဆင်တန်ဆာကို ရောင်း၍ ပုဗ္ဗာရုံကျောင်း တော်ကြီးကို ဆောက်လုပ် လှူဒါန်းလေ၏။

တစ်နေ့သ၌ ဗုဒ္ဓဘုရားရှင်သည် ကာလာမ သတို့သားတို့ထံ ကြွသွား၍ ကာလာမသုတ်ကို ဟောကြားတော်မူလေ၏။ ထို သုတ်တော်၏ အနှစ်သာရကား–

"ချစ်သားတို့... သူတစ်ပါးထံမှ တစ်ဆင့်ကြားဖြင့် မှန်ပြီဟု မယူကြနှင့်၊ ဆရာ အဆက်ဆက် ဆောင်ယူလာ ခဲ့သော အစဉ်အလာကြောင့်လည်း မှန်ပြီဟု မယူကြနှင့်၊ ဤသို့ ဖြစ်ရသတတ်ဟူ၍လည်း မှန်ပြီဟု မယူကြနှင့်။ ကျမ်းဂန်လာစကားဖြစ်၍ မှန်ပြီဟုလည်း မယူကြနှင့်။ မိမိ

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်အမြင်ဖြင့် သုံးသပ်ရုံမျှဖြင့်လည်း မှန်ပြီဟု မယူကြနှင့်။ ကြံဆယူခြင်းဖြင့်လည်း မှန်ပြီဟု မယူကြနှင့်။ လေးစားလောက်သော ပုဂ္ဂိုလ်က ပြောဆိုသဖြင့်လည်း မှန်ပြီဟု မယူကြနှင့် ကိုယ်တိုင်သိအောင် လုပ်ပြီးမှသာ မှန်ပြီဟု ယူဆကြလော့"

ဟူ၍ဖြစ်၏။

ဒေဝဒတ်ကား ဘုရားရှင်ထံမှ အခွင့်ကို ချောင်းနေသူဖြစ်၏။ ထို့ကြောင့်–

"အရှင်ဘုရား... အရှင်ဘုရားသည် အသက်အရွယ်ကြီးရင့်တော်မူပါပြီ။ တပည့်ဒကာများနှင့် သာဝကာအပေါင်းကို အကျွန်ုပ်အား လွှဲထားအပ်နှင်းတော်မူပါလော့"

ဟု လျှောက်ထားလေ၏။ ဘုရားရှင်က လုံးဝ ခွင့်ပြုတော်မမူခဲ့။ သည့်အတွက် ဒေဝဒတ်လည်း ဘုရားရှင်အပေါ်၌ ရန်ငြိုးထားလေ၏။ ထိုအခါ အဇာတသတ် မင်းသားထံ သွား၍ ဖခင်ကိုသတ်၍ မင်းလုပ်ရန်၊ မိမိကလည်း ဘုရားရှင်ကိုသတ်၍ ဘုရားလုပ်ရန် စည်းရုံးသွေးဆောင်လေ၏။ အဇာတသတ်လည်း ဆရာမိုက်ဒေဝဒတ်၏စကားကို နားယောင်သဖြင့် ဖခင် ဗိမ္ဗိသာရမင်းကြီးကို သတ်၍ ထီးနန်းကို ရယူခဲ့လေ၏။

ဒေဝဒတ်လည်း ဘုရားရှင်ကို သတ်ရန်အတွက် အဇာတသတ်မင်းထံမှ လက်ရွေးစင် လေးသည်တော်တို့ကို ခေါ်ကာ တာဝန်ပေးလေ၏။ သို့ရာတွင် ဘုရားရှင်၏ မေတ္တာတန်ခိုးကြောင့် လေးသည်တော်တို့သည် လေးမတင်နိုင်ဘဲ ဘုရားရှင်၏

www.burmeseclassic.com

www.burmeseclassic.com



ခြေတော် အစုံကို ဦးတိုက်၍ မိမိတို့အပြစ်ကို ဝန်ချတောင်းပန်လေ၏။ ဘုရားရှင်လည်း သည်းခံခွင့်လွှတ်တော်မူ၏။

ထိုအကြံအစည် မအောင်မြင်သော ဒေဝဒတ်သည် သူကိုယ်တိုင် ဂိဇ္ဈကုဋ်တောင်ပေါ်မှနေ၍ စင်္ကြံကြွလာသော ဘုရားရှင် ထံသို့ ကျောက်မောင်းခလုတ်ကိုဖြုတ်၍ ကျောက်တုံးကြီးအား လှိမ့်ချလိုက်လေ၏။ သို့ရာတွင် ကျောက်ချပ်လွှာသာ ပဲ့လျက် ဘုရားရှင်၏ ခြေမတော်ကို ထိခဲ့၏။ သွေးခြည်ဥသွားသဖြင့် သမားတော်ဇီဝက၏ ကုသမှုကို ခံယူတော်မူ၏။

နောက်တစ်ဖန် ဒေဝဒတ်သည် နာဠာဂီရိ ဆင်ဆိုးကြီးအား အရက်ကိုးမောင်းတိုက်၍ ဘုရားရှင် ဆွမ်းခံကြွတော်မူရာလမ်းသို့ လွှတ်လိုက်လေ၏။ ရှင်အာနန္ဒာက ရှေ့မှရပ်သော်လည်း ဖယ်ထုတ်လိုက်၏။ ထိုစဉ် သားသည်မိခင်လည်း ကြောက်လန့်၍ ဘုရားရှင်နှင့် နာဠာဂီရိ ဆင်ဆိုးကြီးအကြား သားငယ်ကိုချကာ သွေးရူးသွေးတန်းဖြင့် ထွက်ပြေးသွားလေ၏။ ကလေးငယ်လည်း ဟစ်အော် ငိုကြွေး၏။

ဤတွင် ဘုရားရှင်က နာဠာဂီရိဆင်အား မေတ္တာထား၍ နှစ်သိမ့် ဖျောင်းဖျလေ၏။ ကလေးငယ်ကိုလည်း ကယ်တင်တော်မူ၏။ နောက်ဆုံး၌ နာနာဂီရိဆင်ကြီးလည်း ချက်ချင်းပင် စိတ်လျှော့ ပျော့ပျောင်းကာ ဘုရားရှင်၏ ခြေတော်ရင်း၌ ဝပ်စင်းရှိခိုးလေတော့၏။

ဒေဝဒတ်ကား သွေးအန်ဝေဒနာ ခံစားလာရရင်းမှ သူ၏အမှားအတွက် ဗုဒ္ဓဘုရားရှင်ထံ တောင်းပန်ဖို့ ကြိုးစား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဘုရားရှင်ထံ မရောက်ခဲ့။ ဇေတဝန်ကျောင်းအနီးရှိ ရေကန်သို့ ရောက်သောအခါ ထမ်းစင်၏ အဆင်းတွင် မြေသို့ ခြေအချ မြေမျိုခြင်းကို ခံရလေ၏။

ရှင်သာရိပုတ္တရာသည် သူ၏ ဇာတိဖြစ်သော နဠကရွာရှိ မယ်တော်၏တိုက်ခန်း၌ ပရိနိဗ္ဗာန် ပြုလေ၏။ ရှင်သာရိပုတ္တရာကို သင်္ဂြိုဟ်ပြီးနောက် အရှင်စုန္ဒသည် ဓာတ်တော်ကို ရွှေကြုတ်ဖြင့်ထည့်ကာ ဗုဒ္ဓဘုရားရှင်ထံ လာရောက်ပြသတော်မူ၏။ အရှင်သာရိပုတ္တရာ၏ ဓာတ်တော်ကို သာဝတ္ထိပြည်တွင် စေတီတည်လေ၏။ ထို့နောက် ရဟန်းအပေါင်းခြံရံကာ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူ၏။ ရောက်တော်မူ၍ မကြာမြင့်မီမှာပင် အရှင်မောဂ္ဂလာန်လည်း ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုအခါ ဘုရားရှင်လည်း ကိုယ်တော်တိုင်ပင် ကြပ်မတ်၍ မီးသင်္ဂြိုဟ်တော်မူ၏။ ဓာတ်တော်တို့ကိုယူ၍ ဝေဠုဝန်ကျောင်းတော်တံခါးဝ၌ စေတီတည်လေ၏။

ထို့နောက် ဘုရားရှင် ဝေသာလီပြည်သို့ ကြွချီတော်မူကာ ရှင်အာနန္ဒာအား ပရိနိဗ္ဗာန် ပြုတော်မူမည်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုတော်မူ၏။ ရှင်အာနန္ဒာလည်း များစွာ ပူဆွေးဝမ်းနည်းတော်မူ၏။

"ချစ်သား... အာနန္ဒာ၊ ခင်မင်သောသူတို့နှင့် တစ်နေ့နေ့တွင် သေကွဲ ကွဲရမည်။ ရှင်ကွဲ ကွဲရမည်။ ကိုယ်လည်းကိုယ်သွား၊ သူ့လမ်းသူသွား တခြားစီ ဖြစ်ရမည် မဟုတ်ပါလော။ ဖြစ်ပွားပေါ်ပေါက်လာသည့်အရာဟူသမျှ ပျက်စီးတတ်သော သဘောရှိ၏။ မပျက်စီးပါနှင့်ဟု ဆို၍ မရ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အာနန္ဒာအား ဝေသာလီပြည်ရှိ ရဟန်းအားလုံးကို စည်းဝေးစေ၍–

"ချစ်သား ရဟန်းတို့၊ ငါဘုရားရှင်သည် ယနေ့မှစ၍ သုံးလမြောက်သောနေ့တွင် ပရိနိဗ္ဗာန် ပြုတော့မည်။ ထို့ကြောင့် ချစ်သားတို့သည် မမေ့မလျော့ နေကြပါလော့။ သတိရှိကြကုန်၊ သီလရှိကြကုန်၊ ကောင်းစွာတည်ကြည်ကြကုန်၊ ကောင်းသောအကြံကို ကြံကြကုန်။ မိမိကိုယ်ကို စောင့်ရှောက်ကြကုန်"

ဟု မိန့်တော်မူလေ၏။

ထို့နောက် ဘဏ္ဍုရွာသို့ ကြွတော်မူ၏။ ထိုမှ တစ်ရွာပြီး၊ တစ်ရွာ ဆက်လက်ကြွချီတော်မူခဲ့ရာ နားနေသည့် ရွာများ၌ တရားဟောကြားလေ၏။ သို့ဖြင့် ပါဝါပြည်သို့ ရောက်သည်ရှိသော် သူကြွယ်စုန္ဒသည် ဝက်ပျို့သားဆွမ်းကို ဆက်ကပ်လှူဒါန်းရာ ဘုဉ်းပေးသုံးဆောင်၏။ ဘုရားရှင်လည်း ထိုဆွမ်းကို ဘုဉ်းပေးအပြီး မကြာမီမှာပင် အလွန်ပြင်းထန်ေ၁ သွေးဝမ်းသွန်ရောဂါကို ခံစားရလေ၏။ ထိုဝေဒနာဖြင့်ပင် ကုသိနာရုံသို့ ကြွတော်မူပြန်၏။

ထိုနေ့ကား ကဆုန်လပြည့်နေ့ ဖြစ်လေ၏။ ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူမည့်နေ့လည်း ဖြစ်၏။

"ချစ်သား... အာနန္ဒာ၊ စုန္ဒ၏သားပြွမ်းဆွမ်းကို ဘုဉ်းပေးသောကြောင့် ငါဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူသည်ဟု လူအများက ပြောဆိုကြလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ငါဘုရားရှင်သည် စုန္ဒ၏ သားပြွမ်းဆွမ်းကို ဘုဉ်းပေးသောကြောင့် ပရိနိဗ္ဗာန်စံသည်မဟုတ်။ ဆွမ်းဘုဉ်းပေးသည်ဖြစ်စေ၊ မပေးသည်ဖြစ်စေ၊ ငါဘုရားရှင်သည် ယနေ့ ပရိနိဗ္ဗာန်စံတော်မူမည်မှာ မလွဲကေန် ဖြစ်၏။ စုန္ဒသည် ငါဘုရားရှင်ကို နောက်ဆုံး ဆွမ်းလှူရသောကြောင့် ပို၍ပင် အကျိုးထူးပေ၏။ ဘုရားဖြစ်မည့်နေ့ လှူသောဆွမ်းနှင့် ပရိနိဗ္ဗာန်စံမည့်နေ့ လှူသောဆွမ်းသည် အကျိုးပေးပုံချင်းတူ၏"

ဟူ၍ မိန့်ကြားကာ-

"ချစ်သား... အာနန္ဒာ၊ ငါဘုရားရှင် ပင်ပန်းတော်မူလှ၏။ မလ္လာမင်းတို့ ခင်းထိုင်လေ့ရှိသည့် ညောင်စောင်းကို အင်ကြင်းပင်ပျို နှစ်ပင်အကြား မြောက်ဘက်သို့ ခေါင်းရင်းထား၍ ခင်းပါလော့"

ဟု မိန့်တော်မူလေ၏။ အချိန်ကား ညနေချမ်း ဖြစ်ပေ၏။ ရှင်အာနန္ဒာလည်း ဘုရားရှင် မိန့်မှာသည့်အတိုင်း ဆောင်ရွက်ရင်းမှပင် ဝမ်းနည်းစိတ်ထိခိုက်လှသဖြင့် မျက်ရည်တို့ တဖြိုင်ဖြိုင် ကျလာလေ၏။ ထိုကာလမှာပင် နတ်ဗြဟ္မာအပေါင်းတို့ စုဝေးရောက်ရှိလာကြကာ နောက်ဆုံးပူဇော်သည့်အနေဖြင့် ပန်းမျိုးစုံတို့ကို ကြဲ၍လည်းကောင်း၊ နံ့သာမျိုးစုံ အခိုးအထုံတို့ကို လွှတ်၍လည်းကောင်း၊ နတ်တူရိယာတို့ဖြင့် တီးမှုတ်သီဆို၍လည်းကောင်း ပူဇော်ကြကုန်၏။ ထိုအခါ ဘုရားရှင်က အာနန္ဒာအား-

"ချစ်သား... အာနန္ဒာ၊ ဤကဲ့သို့ ပူဇော်ခြင်းမျိုးကား ပူဇော်၊ ရိုသေ၊ မြတ်နိုးခြင်း မမည်သေး။ စင်စစ် ငါဘုရား

www.burmeseclassic.com

www.burmeseclassic.com



ညွှန်ပြသော တရားကို ကျင့်သောသူသည်သာ ငါဘုရားကို ပူဇော်သည်မည်၏။ အရိုအသေပြုသည်မည်၏။ မြတ်နိုးသည် မည်၏”

ဟူ၍ မိန့်ကြားလေ၏။

ထိုစဉ်မှာပင် ကုသိနာရုံမှ မလ္လာမင်းတို့နှင့်တကွ များလှစွာသော မြို့သူမြို့သားတို့သည် ဘုရားရှင်အား လာရောက်ဖူးမြော်ကြကုန်၏။ ပရိသတ်များလွန်းသဖြင့် တစ်ယောက်စီဝင်ကန်တော့ခွင့်မပေးနိုင်။ အစုလိုက်ဝင်၍ ကန်တော့ရန် စီစဉ်ပေးရ၏။ ဗုဒ္ဓ လျောင်းစက်တော်မူရာ ညောင်စောင်းတစ်ဝိုက်တွင် တင်းတိမ်၊ ကန့်လန့်ကာများကို ကာရံထားရ၏။

ထိုပရိသတ်ထဲ၌ သုဘဒ္ဒအမည်ရှိသော ပရိဗိုဇ်တစ်ဦးပါ၏။ သူသည် အသက်အရွယ်ကြီးရင့် အိုမင်းနေပေပြီ။ သူ့၌ ယုံမှားသံသယ ဖြစ်နေသော အချက်တစ်ချက် ရှိ၏။ ထိုအချက်ကို မေးလျှောက်လို၍ လာခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် အာနန္ဒာက ဘုရားရှင် ပင်ပန်းနေပြီဖြစ်၍ ခွင့်ပြုတော်မမူခဲ့။ ဘုရားရှင်ကြားတော်မူသော် ဝင်ခွင့်ပြုစေပြီး သုဘဒ္ဒ သိလိုသည်တို့ကို ရှင်းလင်း ဟောကြားတော်မူ၏။ သုဘဒ္ဒလည်း ကျေနပ်သွား၏။ ထိုအခါ ဘုရားရှင်သည် သုဘဒ္ဒအား ရဟန်းပြုပေးရန် ရှင်အာနန္ဒာအား မိန့်ကြားလေ၏။

* * *

အချိန်မှာ တဖြည်းဖြည်းနှင့် သန်းခေါင်ယံ လွန်မြောက်၍ မိုးသောက်ယံသို့ ရောက်ရှိလာခဲ့ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ကို အလယ်ဗဟိုတွင်ထား၍ ရဟန်းရှင်လူ နတ်ဗြဟ္မာအပေါင်းတို့သည် ငြိမ်သက်စွာ ထိုင်နေခဲ့ကြ၏။ ဘုရားရှင်ပရိနိဗ္ဗာန် ပြုတော့မည့်အချိန်ကို ရင်တမမဖြင့် စောင့်စားနေခဲ့ကြ၏။ ဘုရားရှင်ကား မှာကြားစရာရှိသည်တို့ကို မှာကြားနေဆဲပင်။

"ချစ်သား... အာနန္ဒာ၊ သင်တို့မှာ 'ငါတို့၌ ဆရာမရှိတော့ပြီ' ဟူ၍ မအောက်မေ့ကြနှင့်။ ငါဘုရားရှင် ဟောကြားတော်မူအပ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားဟူသမျှသည် ငါဘုရားရှင် ဖွဲ့ကွန်လေတော်မူပြီးသည်ရှိသော် သင်တို့၏ ဆရာပင်တည်း။

ချစ်သား... ရဟန်းတို့၊ သင်တို့၌ ယုံမှားသံသယဖြစ်နေသည့်အချက်ရှိလျှင် ယခု ငါဘုရား သက်တော်ထင်ရှား ရှိနေသေးခိုက် မေးကြည့်ပါလော့။ နောင်အခါကျမှ 'ဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်က မမေးလိုက်ရလေခြင်း' ဟု နောင်တ မဖြစ်ကြပါနှင့်"

ပရိသတ်ကြီးကား တိတ်ဆိတ်ငြိမ်သက်လျက် ဘုရားရှင်၏ အဆုံးအမကို လေးနက်စွာ နားထောင်နေကြသည်။ အချို့သည် မျက်ရည်တဝဲဝဲ။ အချို့သည် မျက်ရည်တရွှဲရွှဲ။

နောက်ဆုံး၌ ဗုဒ္ဓဘုရားရှင်လည်း–

"ချစ်သားတို့... သင်တို့အား ငါဘုရားရှင် နောက်ဆုံးမိန့်ကြားတော်မူခဲ့မည်။ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကြ၏။ သင်ချစ်သားတို့သည် မမေ့မလျော့သော သတိတရားဖြင့် အားထုတ်ကြပါလော့"

www.burmeseclassic.com

www.burmeseclassic.com



ဟု မိန့်ကြားခဲ့လေ၏။ သည်သို့ဖြင့် မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့် အင်္ဂါနေ့ ညဉ့် အရုဏ်တက်ခါနီး မိုးသောက်ယံတွင် ပရိနိဗ္ဗာန် ပြုတော်မူခဲ့ရာ သက်တော် (၈၀)၊ ဝါတော် (၄၅) ဝါတွင် ပရိနိဗ္ဗာန် စံဝင်ခြင်းဖြစ်၏။

မကြာခင် အလင်းရောင် လာပေတော့မည်။ အင်ကြင်းပန်းတို့ကား လေထဲတွင် ပျံ၍ တဖွဲဖွဲ ကျလာကြကုန်သတည်း။

နန္ဒာမိုးကြယ်
(၁၄၊ ၁၁၊ ၂၀၁၁)

www.burmeseclassic.com